www.burmeseclassic.com

# နှုတ်သမီး

ညွှန့်ငှင်းစကြ

BURMESE CLASSIC .com

DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး

★ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး (စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး)

★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# နုဝင်္သမီး

ညနှင်းစက်

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) |
| | | (မြဲ-၀၃၈၅၁) |
| | | အမှတ် ၁၃၊ ၁၀၇ လမ်း၊ |
| | | မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးစိုးသိမ်း (မြဲ - ၀၂၀၇၉) |
| | | သုခပုံနှိပ်တိုက် |
| | | အမှတ်(၁၄၈)၊ ၄၅-လမ်း(အထက်)၊ |
| | | ဗိုလ်တထောင်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

နတ်သမီး
ညနှင်းစက် / ဆုအဥ္စလီ ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃
၂၅၆ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ညနှင်းစက်


## အခန်း (၁)

စိမ့်စိမ့်ကလေးရွာနေသော မိုးအေးညတွင် မြကန်သာမှာ အရင်ညတွေလိုပင် ဂီတသံတွေနှင့် လူစည်ကားနေမြဲ။

ညနှင်းစက်သည် သူမ ဆိုနေကျဖြစ်သော ပေါ့ပ်သီချင်းတစ်ပုဒ်ကို သီဆိုရင်း ယမကာတွေနှင့် ချိုရီယစ်မူးနေသော ပုရိသလုလင်တို့၏ အကြည့်စူးစူးရင့်ရင့်တွေအောက်မှာ ရှက်စိတ်တွေ မလုံမလဲ ရှုံးတို့ရှုံ့တန့်ဖြစ်နေမိ၏။

သံစဉ်တသား ကီးအနိမ့်အမြင့်တွေကို အမှားအယွင်းမရှိအောင် သီဆိုရင်း ရှက်ရွံ့နေမိသော စိတ်အာရုံတွေကို သီချင်းထဲမှာ ဆုံးဆုံးစေမြှုပ်အောင် ထိန်းညှိလိုက်သည်။

စိုးရိမ်စိတ်တွေကြားထဲမှ ကိုယ်ဆိုရမည့် သီချင်းတစ်ပုဒ်ကို

www.burmeseclassic.com



ပြီးဆုံးသည်အထိ ပီပြင်သေသပ်စွာ သိဆိုခဲ့သည်။

လည်တိုင်မှာ ပန်းကုံးတွေ တစ်ကုံးပြီးတစ်ကုံး နေရာယူနေကြသည်။ ထိုပန်းကုံးတွေကို ရင်ထဲမှာ နှစ်မြို့ခြင်းမရှိတာတော့ အမှန်ပင်ဟု ဝန်ခံရပေမည်။

တပ်မက်မှုမျိုးစုံနှင့် ဖန်တီးရောက်ရှိလာသော ထိုပန်းကုံးတွေရဲ့ နောက်ကွယ်မှာ ယောကျ်ားတို့၏ ဖြားယောင်းသွေးဆောင်မှုအင်အား မည်မျှကြီးသလဲဆိုတာ ညနှင်းစက် သိနေသည်။

စတိတ်စင်ပေါ်မှ ငြိမ်းအေးသော အလှနှင့် ချိုကြည်သောအသံတို့ပေါင်းစုပြီး ယောကျ်ားသားတွေရဲ့အာရုံကို ဖမ်းစားနိုင်စွမ်းရှိနေတာကတော့ ညနှင်းစက်၏ ပါရမီပင်ဖြစ်သည်။

တချို့က ညနှင်းစက်၏အသံပါဝါအားကို အာရုံစူးစိုက်၏။ တချို့က ညနှင်းစက်၏ရှုမငြီးဖွယ်အလှတရားကို ငေးမောကြ၏။ တချို့က အချိုးအစားပြေပြစ်သော ကိုယ်နေဟန်ထားကို မက်မောကြည့် ကြည့်ကြသည်။

မည်သို့သော အကြည့်မျိုးနှင့်ဖြစ်စေ ညနှင်းစက်၏ ထိုတာဝန်အချိန်တိုလေးသည် ထိုယောကျ်ားတို့၏ အရောင်စုံသော တပ်မက်မှုအောက်တွင် ပြားပြားဝပ်ခဲ့ရသည်ချည်းပါပဲ။

သီချင်းသံစဉ်နှင့်စာသားဆုံးသည်နှင့် ဟောထဲမှ လက်ခုပ်သံ





တွေ ညံစီစွာ ပေါ်ထွက်လာ၏။

ရောင်စုံဆလိုက်မီးတွေအောက်မှာ ယမကာလုလင်တွေကို ဦးညွှတ်ချင်ဘဲ ဦးညွှတ်ခဲ့ရ၍ ညနှင်းစက် ရင်ထဲမှာ နာကျင်လိုက်သည့်ဖြစ်ခြင်း။

ဘဝအကျိုးပေးမကောင်း၍သာ လူမိုက်အားပေး ဖျော်ဖြေပေးနေရသည့် ကိုယ့်ဘဝ ဘယ်သောက် ကြေကွဲစရာကောင်းလိုက်ပါသလဲ။

နောင်ဘဝဆိုတာရှိခဲ့လျှင် ဒီလိုအလုပ်မျိုး ဘဝဆက်တိုင်း ဆက်တိုင်း မလုပ်ရပါစေနှင့်။

ဦးညွှတ်ပြီး၍ ခြေလှမ်းတွေကို စတိတ်စင်အနောက်ဘက်သို့ အလှည့်တွင်

BURMESE CLASSIC .com

"ခဏနေပါဦး"

ဩရှကြည်လင်သော အသံရှင်ကြောင့် ဆံပင်လေးများ ဝဲခါသွားသည်အထိ နောက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

"ကိုယ် မင်းကို ဂုဏ်ပြုချင်လို့"

သန့်ပြန့်တည်ကြည်သော လူရွယ်တစ်ဦး ညနှင်းစက်နှင့်ဆို မျက်နှာချင်းဆိုင် ရပ်တည်ရင်း ပြုံးလျက်ရှိမည် ထင်၏။

ယောကျ်ားပီသသော သူ၏ ထည်ဝါခန့်ညားမှုက အထက်တန်းလွှာဆိုတာ မြင်ရုံနှင့် သိသာ၏။



www.burmeseclassic.com

www.burmeseclassic.com



ညနှင်းစက် ဦးခေါင်းပေါ်သို့ သရဖူလေးဆောင်းပေးနေသော သူ၏ သိမ်မွေ့မှု အထိအတွေ့နှင့် တန်ဖိုးကြီး ရေမွှေးနံ့ ခပ်သင်းသင်းကို ညနှင်းစက် ဘာကြောင့်ရယ်မသိ သတိထားမိသွားသည်။

"ဟုတ်ကဲ့ သင့်ခ်ယူပါ"

"ရပါတယ် မင်းရဲ့အနုပညာမြောက်တဲ့ ဘီဆိုမှုကို ဂုဏ်ပြုချင်နဲ့သက်သက်ပါ"

ညနှင်းစက် ဒုတိယအကြိမ် ထပ်ပြီး ကျေးဇူးတင်စကားမဆိုတော့ဘဲ အသိအမှတ်ပြုသည့်အနေဖြင့် ခေါင်းလေး ဆတ်ခနဲ ညိတ်ပြလိုက်၏။

ပြီးနောက် ထိုလူရွယ်ရှေ့မှ ဣန္ဒြေရသော ခြေလှမ်းတွေဖြင့် စတိတ်အနောက်သို့ ထွက်ခဲ့၏။

ကီးဘုတ်သမား ကိုသန့်စင်က ဂုဏ်ယူပါသည်ဆိုသော အပြုံးဖြင့် ခေါင်းလှမ်းညိတ်ပြ၏။

ညနှင်းစက် ပြန်၍ ခေါင်းညိတ်ပြလိုက်သည်။

Kiss Lady မှာ နေ့စဉ် သရဖူဆောင်းနေသော အဆိုရှင်ဟာ ညနှင်းစက်ပဲလေ။

■ ■ ■



## အခန်း (၂)

"ညနှင်းရေ မင်းကို ညွှဲသည်တစ်ယောက်က တွေ့ချင်လို့တဲ့"

"ဘယ်သူလဲ ခေးခေး"

"ကိုယ်လည်းမသိဘူး။ မန်နေဂျာ လာပြောတာ တေဘယ်လ်နိုင်းကလို့ ပြောသွားတယ်"

ညနှင်းစက် ကျွတ်ခနဲ စုတ်သတ်လိုက်သည်။

"စိတ်ပျက်လိုက်တာဟာ၊ ငါ့အလုပ်ပြီးလို့ နားရမလား မှတ်တယ်၊ အဲဒီ အရက်နံ့တွေကို သွားရှူရဦးမယ်"

"အမလေး မယ်မင်းကြီးမ သိပ်လည်း စိတ်ပျက်မနေနဲ့၊ ဒီဆိုင်မှာ ပန်းကုံးစံချိန်ကို ရှင်ပဲ ညတိုင်းချိုးနေတာ၊ ဒီလောက်တော့ ပြန်ပေးဆပ်ရမှာပေါ့၊ လောကမှာ ဘယ်အရာမှ အလကား မရဘူး၊ ထိုက်တန်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေးဆပ်မှုတော့ ပြန်ပြုရမှာပဲ''

သက်ထားဒါလီ ခပ်မဲ့မဲ့လေး ဝင်ပြီး ပြောသည်။

''အေးလေ ငါတို့များ ဒီလို အခွင့်အရေးမျိုး လိုချင်ပါ့၊ ရုပ်မရှိတော့ ဘာမှမလာဘူး၊ တစ်ပတ်လောက်နေမှ ပန်းကုံး ငါးကုံးလောက်ပဲ ရတာ၊ ဒီတော့ သူများလို ပဲများမနေနိုင်ဘူး၊ သွားတွေ့သင့်ရင် တွေ့ရမှာပဲ''

စုလှိုင်တို့ကပါ ဝင်ပြီး အပြစ်တင်ချင်သလိုလို ခနဲ့သလိုလို လေသံမျိုးတွေဖြင့် မဆီမဆိုင် ဝင်ပြောကြ၍ ညနှင်းစက် စိတ်အနှောင့်အယှက်ဖြစ်သော အမူအရာဖြင့် သက်ပြင်းခပ်မှျင်းမှျင်းချလိုက်သည်။

ဘယ်အချိန်ကတည်းက ညနှင်းစက်ကို ဝိုင်းဖဲ့ချင်နေကြလဲ မသိ။ ညနှင်းစက် ဘယ်သူ့ကိုမှ အတိုက်အခံပြောမနေချင်တော့။

ခေးခေး မျက်ရိပ်လှမ်းပြလိုက်သဖြင့် ခေါင်းလေးဆတ်ခနဲ ညိတ်ပြီး နားနေခန်းထဲမှ ထွက်လာလိုက်သည်။

ခန်းမဆောင်ထဲရှိ စားပွဲနံပါတ် ၉ ဆီသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာလိုက်သည်။

သူမကို စောင့်နေသောသူဟာ ဘယ်လိုပုံစံမျိုးပါလိမ့်။

စားပွဲနံပါတ် ၉ ရှေ့မှာရပ်လိုက်သည်။ တခြားစာပွဲဝိုင်းတွေလို လူများများမဟုတ်။





တစ်ယောက်တည်းသာ ရှိသည်။

''ကျွန်မ ညနှင်းစက် ပ''

သူမ အသံပြုသံကြောင့် ထိုလူ မော့ကြည့်သည်။ ညနှင်းစက် အသံတိတ် အာမေဋိတ်ပြုလိုက်သည်။

စောစောက ညနှင်းစက်အား သရဖူဆောင်းပေးသွားသောသူ။

''ကျွန်တော် ဖေယျာမြတ်မို ပါ''

''ဟုတ်ကဲ့''

ညနှင်းစက် ဟုတ်ကဲ့ဟု ခပ်တိုးတိုးဆိုပြီး ဖေယျာမြတ်မို၏ မျက်နှာချင်းဆိုင်ရှိ ထိုင်ခုံလွတ်တွင် ဝင်ထိုင်လိုက်သည်။

အသက် သုံးဆယ်ပတ်ဝန်းကျင်လောက်ရှိပြီး ချောမောခန့်ညားသော သူ့ရုပ်သွင်က မိန်းကလေး တော်တော်များများကို ဆွဲဆောင်နိုင်မည့် ပုံပါ။

''ညနှင်းစက် ဘာသောက်မလဲ''

''ဟင့်အင်း ကျွန်မ မသောက်တော့ပါဘူး ကိုဖေယျာမြတ်မို''

''ဖေယျာမြတ်မို ပဲ ခေါ်ပါ၊ မင်းနဲ့ကိုယ်က ရွယ်တူလောက်ပဲ ရှိမယ် ထင်တယ်၊ မသကာ ကိုယ့်ထက်ငယ်လှ နှစ်နှစ်လောက်ပေါ့''

ညနှင်းစက် ဘာမှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးလိုက်သည်။

''ကိုယ့်ကို မင်းရှေ့မှာ သောက်ခွင့်ပြုနော်၊ မင်းသောက်တတ်

www.burmeseclassic.com



မယ်ဆိုရင်တော့ ကိုယ်နဲ့အဖော်လုပ်ပြီး သောက်ဖို့ထပ်ပြီး ဖိတ်ခေါ်ပါတယ်''

ဖေယျာမြတ်မို၏ ဒုတိယအကြိမ် ဖိတ်ခေါ်မှုကြောင့် ညနှင်းစက်၏ မျက်နှာတည်တင်းတင်းလေး ဖြစ်သွားသည်။

လူကို စားသောက်ဆိုင်မှာ သီချင်းဆိုတဲ့ မိန်းကလေးဆိုပြီး အထင်သေးလို့ ခုလိုမျိုး သူနှင့်အတူ သောက်ဖို့ခေါ်ခြင်းဟု ညနှင်းစက် မောကျမနပ် တွေးလိုက်သည်။

ထို့နောက် အပြုံးရိပ်ပြယ်သွားသော မျက်နှာလေးမှာ တည်တင်းတင်းလေး ဖြစ်သွားပြီး ပြန်လည်ချေပနိုင်မည့် စကားလုံးများကို အလောတကြီး စဉ်းစားလိုက်သည်။

ထို့နောက် နှုတ်ခမ်းကို တွန့်ကွေးရုံလေး ပြုံးလိုက်ပြီး

''သီချင်းဆိုတဲ့ မိန်းကလေးတိုင်းကို ယမကာသောက်တတ်မယ်လို့ ထင်နေလား ဖေယျာမြတ်မို''

''ဗျာ''

ဖေယျာမြတ်မို မျက်လုံးအဝိုင်းသားဖြင့် ညနှင်းစက်ကို နားမလည်စွာ ကြည့်၏။

သူ သူမအပေါ် လောကွတ်ချော်သွားပြီဆိုတာ သတိပြုမိလိုက်ခြင်းနှင့်အတူ ရင်ထဲမှာ အားနာစိတ် ဖြစ်သွားသည်။





''အဟင်း အဲဒီလို ထင်နေရင်တော့ အဲဒီ မိန်းကလေးအမျိုးအစားထဲမှာ ကျွန်မ မပါဘူး''

''ဆောရီး ညနှင်းစက် ကိုယ်က သဘောရိုးနဲ့ ပြောတာပါ၊ အဟုတ် မင်းက သီချင်းဆိုရင် နွဲ့နှောင်းပျော့ပျောင်းသလောက် စကားပြောတော့ ပြတ်သားပဲ၊ ထင်တောင် မထင်ရဘူး''

''ရှင်''

''ဩော် ကိုယ်ဆိုလိုတာက ရင်ထဲမှာရှိတာကို ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ပြောတတ်တာကို ပြောတာပါ''

''ဒါ ကျွန်မရဲ့ပင်ကိုယ်စတိုင်ပဲ''

''ကိုယ် မနက်ဖြန် နေ့လယ်စာကို ဟိုတယ်တစ်ခုခုမှာ ဖိတ်ကျွေးပါရစေ၊ ကိုယ့်ရဲ့ဖိတ်ခေါ်မှုကို လက်ခံပေးပါ''

''ကျွန်မ အချိန်မပေးနိုင်ပါဘူး၊ စိတ်မရှိပါနဲ့''

''ကိုယ့်ရဲ့ဖိတ်ခေါ်မှုက ရိုးရှင်းပါတယ်၊ ညနှင်းစက် တလွဲမတွေးစေချင်ဘူး၊ ကိုယ် မင်းရဲ့အသံကို စိတ်ဝင်စားတာပါ''

ဇာတ်လမ်းကတော့ ပျိုးပြီ။

ဒီလိုပဲ ညနှင်းစက်ကို စတင်ချဉ်းကပ်လာသူတွေက သူတို့ရဲ့ ခင်မင်မှုဟာ ရိုးရှင်းပါတယ်၊ ဘာညာဆိုပြီး နောက်ဆုံး ရည်ရွယ်ချက်က ညနှင်းစက်ဆီက တစ်စုံတစ်ခုကို လိုချင်ကြတာချင်း အတူတူပဲ။



www.burmeseclassic.com

www.burmeseclassic.com



လောက် ပြောပါရှင်''

ညှနိုင်းစက် ယဉ်ကျေးစွာ မေးလိုက်သည်။

ညှနိုင်းစက် အမေးကို ချက်ချင်းမဖြေသေးဘဲ ပြုံးစိစိ မျက်နှာ [illegible]ခွက်ထဲမှ ရေခဲတုံးနှင့်ဘီယာလက်ကျန်ကို လှုပ်ရမ်းပြီး တစ်ငုံ ငုံလိုက်သည်။

''ကိုယ် မင်းနဲ့မိတ်ဆွေဖြစ်ချင်ရုံ သက်သက်ပါ၊ တခြား ဘာ ကိစ္စမှ မရှိပါဘူး''

ညှနိုင်းစက် ပြုံးလိုက်သည်။ ဒီလိုပဲ ဖြစ်လာလိမ့်မည်ဆိုတာ ကြိုတွေးထားမိပြီးသားပဲ။

''ဘယ်လိုလဲ ကိုယ့်ကို မင်းရဲ့မိတ်ဆွေအဖြစ် လက်ခံမှာလား''

''ကျွန်မ Kiss Lady မှာ သီချင်းစဆိုကတည်းက ဖေယျာမြတ်မို့ တို့လို ယောကျ်ားသားမျိုးတွေက မိတ်ဖြစ်ဆွေဖြစ် ကမ်းလှမ်းမှုကို မကြာ ခဏ ကြုံနေရတော့ သိပ်မဆန်းတော့ပါဘူး၊ အရေးကြီးတာက ကိုယ့် ကိုယ်ကိုယ် ကာကွယ်တတ်ဖို့ပါပဲ''

ညှနိုင်းစက်၏အဖြေက လိမ္မာပါးနပ်သည်။ ပြတ်သားသည်။ တစ်ဖက်ယောကျ်ားတစ်ယောက် ဟန့်သွားစေသည်။

''ဟို ညှနိုင်းစက် ခဏလောက် ကိုယ် ပြောတာကို နားထောင် ပေးပါ''





ညှနိုင်းစက် ပြောလက်စ စကား ရပ်တန့်သွားအောင် သူက အလျှင်အမြန် လက်ကာပြီး တားလိုက်သည်။

''ကိုယ် ညှနိုင်းစက်ကို ခင်မင်ခွင့်တောင်းတဲ့အထဲမှာ အထင် အမြင်သေးပြီး မရိုးသားတဲ့ရယူလိုမှုတော့ မပါပါဘူး''

''ဒါဆို ရိုးသားတဲ့ ရယူလိုမှုတော့ ပါတယ်ပေါ့''

''အဲ ဟာ အဲဒီလိုလည်း မဟုတ်ဘူး၊ ကိုယ်ဆိုလိုတာက ညှနိုင်း စက်ဆီက အခွင့်အရေးတွေ လိုချင်လို့ ညှနိုင်းစက်ကို မိတ်ဖွဲ့တာ မဟုတ် ပါဘူး၊ ဒါကို ကျွန်တော် ရဲရဲကြီး အာမခံနိုင်ပါတယ်''

ဖေယျာမြတ်မို့ ညှနိုင်းစက် အထင်လွဲမည်စိုး၍ ကပျာကယာ ရှင်းပြရသည်။

''အဟင်း ကျွန်မကလည်း ရိုးသားတဲ့ ခင်မင်မှုမျိုးဆိုရင် ရိုး ရှင်းစွာ လက်ခံပါတယ်''

''အိုကေ ရိုက်ခ်် ဒါဆို ကိုယ်တို့ ဘော်ဒါတွေ ဖြစ်သွားပြီ''

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ညနှင်းစက်ရေ ကိုယ်တို့အလုပ်ရှင် ဘော့စ်ပြောင်းသွားပြန်ပြီတဲ့"

"ဟောတော် ဖြစ်ရပြန်ပြီ၊ အခုလက်ရှိ ဘော့စ်က ဒီမှာ ဦးစီးတာ ခြောက်လလောက်ပဲ ရှိသေးတယ် မဟုတ်လား"

ညနှင်းစက် မှန်ရှေ့မှာ နှုတ်ခမ်းဆိုးဆေးကို အသေအချာဆိုးနေရင်းမှ ခေးခေးကို မေးလိုက်သည်။

"ဟုတ်တယ် ခုဟာက သူ ဂျာမနီကို သွားမှာမို့လို့ အမျိုးထဲက လူတစ်ယောက်ကို လွှဲပေးသွားတာတဲ့"

ခေးခေးပြောနေသော သတင်းစကားကြောင့် သီချင်း ကျက်နေကြသော ဒါလီတို့ စုလှိုင်တို့ပါ မသိမသာ နားစွင့်လာကြသည်။





"ခုလက်ရှိ ဘော့စ်က သဘောကောင်းတယ်၊ တို့တွေအပေါ် နားလည်မှုအပြည့်ပေးတယ်၊ နောက်ရောက်လာမယ့် ဘော့စ်ကတော့ ဘယ်လိုအနေအထားရှိမလဲ မသိဘူးနော်"

စုလှိုင်က ဒါလီ့ကို ခပ်ကြိတ်ကြိတ်လေး ပြော၍ ဒါလီ မဲ့လိုက်သည်။

"ဘယ်သူပဲဖြစ်ဖြစ် ဘော့စ်ဆိုတဲ့ အရှိန်အဝါနဲ့လိုက်အောင် ချွှော်ပ်တိုင်တော့ တက်ကြီးမှာပေါ့ဟာ၊ ရုပ်ရှိတဲ့သူတွေ အပီသာကပ်ထားနိုင်ပြင်တော့ အဟင်း ဒီထက်ကောင်းတဲ့အခွင့်အရေးတွေ ရလာနိုင်တာပဲလေ မယုံမရှိနဲ့"

ဒါလီ ရှေ့မလှတ်နောက်မလှတ်စကားတွေဖြင့် မဲ့ကာရွဲ့ကာဖြင့်ဆို၍ ခေးခေး ညနှင်းစက်ကို ပခုံးတစ်ချက်တွန့်ပြ၏။ မလွယ်ဘူးဆိုတဲ့ သဘော။

ညနှင်းစက် မမှုသလို အပြုံးဖြင့် ပြန်လည်တုံ့ပြန်လိုက်သည်။

"ကဲ ဒီနေ့ ငါတို့အလှည့် စောပြီးတယ်ဆိုတော့ ဖယ်ရီကို မစောင့်တော့ဘူး ပြန်နှင့်တော့မယ်"

ညနှင်းစက် နှုတ်ခမ်းနီတောင့်ကို စလင်းဘတ်အိတ်ထဲထည့်လိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။

"ဟယ် ဘယ်ကိုသွားမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မားသားကြီးအတွက် ဆေးဝင်ဝယ်ရဦးမယ်လေ၊ ဖယ်ရီစောင့်ပြီးပြန်ရင် ဆေးဆိုင်ကို ဝင်ဖြစ်မှာမဟုတ်ဘူး။ ဒါကြောင့် ငါ့အစီအစဉ်ကို စောပြီးတောင်းလိုက်တာ"

"အဟယ် ဒီည ဟို မင်းသားမလာလို့ ရှင် စောပြီးပြန်ရတာ ပါနော်၊ နို့မို့ဆို သီချင်းတစ်ပုဒ်ကို နှစ်ခါလောက်ပြန်တောင်းနေလို့ ဒီလို အချိန်တောင် ရှင့်အလုပ်ပြီးသေးလို့လား"

ခေးခေး ရယ်ကျဲကျဲနှင့်ပြောသည်။

"ငါကတော့ သူ့ကိုနောက်နေ့တွေလည်း ဒီနေ့လိုပဲ မလာပါစေနဲ့လို့ပဲ ဆုတောင်းချင်တယ်၊ ငါက ဒီအလုပ်ကို အလုပ်သဘောအရမို့သာ လုပ်နေတာ၊ ခုလိုမျိုး သီချင်းတစ်ပုဒ် အကြိမ်ကြိမ်ဆိုရတဲ့အလုပ်ကြီးကို လုံးဝ စိတ်ပျက်တယ် သိလား"

ညနှင်းစက် စလင်းဘတ်အိတ်လွယ်ပြီး ခေးခေးနှင့်အခန်း အပြင်သို့ ထွက်ရင်း ပြောလာသဖြင့် အခန်းထဲတွင် ကျန်ခဲ့သော တခြား အဆိုရှင်လေးများ မဲ့ကာရွဲ့ကာဖြင့် အတင်းပြော၍ ကျန်ခဲ့ကြသည်။

သူမလေးတွေက ညနှင်းစက်ကို မနာလိုဖြစ်နေကြတာ ညနှင်းစက်နှင့် ခေးခေး သိသည်။

"ဟဲ့ ခေး နင်ကရော ငါနဲ့အတူ လိုက်ပြန်မလို့လား"

အနားမှာ ကပ်ပါလာသော ခေးကို ငဲ့ကြည့်ပြီး ညနှင်းစက်





မေးလိုက်သည်။

"ဟာ ငါ့အလုပ်မှ မပြီးသေးတာ၊ မပြန်ပါဘူး။ အိမ်က ဘွားတော်အတွက် နံ့ရိုးကင်ဝယ်သွားမလို့၊ စားဖိုဆောင်က မမသန်းဆီမှာ အထူးစပါယ်ရှယ် သွားမှာမလို့"

"အေး ဒါဆို ငါ လစ်ပြီနော်၊ မနက်ဖြန်မှ တွေ့မယ်"

"အေး ဂွတ်နိုက်လေ"

ညနှင်းစက် ခေးခေးကို နှုတ်ဆက်ပြီး ဟိုတယ်ထဲမှ ထွက်လာလိုက်၏။

ဟိုတယ်အပြင်ရှိ လမ်းမတစ်လျှောက်လုံး မာကျူရီမီးတိုင် မီးအလင်းရောင်ကြောင့် လင်းထိန်ဝင်းပ၍နေပြီး

ညနှင်းစက် စိတ်အစဉ် ပေါ့ပါးသွက်လက်၍နေ၏။

လက်မှနာရီလေးကို ငုံ့ကြည့်ပြီး ဘတ်စ်ကားမှတ်တိုင်သို့ ခပ်သွက်သွက်လေး လျှောက်လာခဲ့လိုက်သည်။

ဆေးဆိုင်ကိုသွားဖို့ ကားနှစ်မှတ်တိုင်လောက် စီးရဦးမည်။

သူ့နောက်မှ အနီရောင် အမိုးပွင့်ကားလေးတစ်စီး ခပ်ခွာခွာ လိုက်လာနေသည်ကိုတော့ ညနှင်းစက် လုံးဝ သတိမပြုမိပေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

''ဆေးဖိုး တစ်သောင်းလေးထောင့်ရှစ်ရာ ကျတယ် ညီမလေး''

''ဟုတ်ကဲ့''

ဆေးထုပ်ကို လွယ်ထားသော စလင်းဘတ်အိတ်ထဲ ထည့်ပြီး ပိုက်ဆံအိတ်ကို ထုတ်လိုက်သည်။

ဇစ်ဖွင့်လိုက်သည်နှင့် ညနှင်းစက် မျက်ဝန်းလေးများ တအံ့တသြဖြင့် ပြူးကျယ်ဝိုင်းစက်သွားသည်။

''ဟင် ပိုက် ပိုက်ဆံတွေ ဘယ်ရောက်ကုန်ပြီလဲ''

အလန့်တကြား ဆိုလိုက်သောကြောင့် ဆေးကောင်တာမှ အမျိုးသမီးပင် ညနှင်းစက် ပိုက်ဆံအိတ်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

''ဘာဖြစ်လို့လဲ ပိုက်ဆံပျောက်လို့လား ညီမလေး''





''ဟုတ် ဟုတ်တယ် အစ်မရယ်၊ ညီမ အိမ်က ထည့်လာတာ အသေအချာပဲ၊ အလုပ်ထဲမှာ ညီမဆီက ဘယ်သူနှိုက်ထားလိုက်လဲ မသိဘူး''

မျက်နှာလေး အိုကျသွားကာ စိတ်မကောင်းဖြစ်စွာ ဆိုနေသော ညနှင်းစက်နှုတ်ခမ်းသို့ ဖေယျာမြတ်မို့ ရောက်နေသည်။

''ဘာဖြစ်တာလဲ မနီလာ''

''ဩော် ဖေယျာ လာ မတွေ့တာတောင် အတော်ကြာပြီပဲ''

အရောင်းကောင်တာမှ အမျိုးသမီး ညနှင်းစက်ဆီသို့ အာရုံ ယို့တော့ဘဲ နောက်မှ ဝင်လာသူကို ဆီးကြိုနှုတ်ဆက်လိုက်သံကြောင့် ညနှင်းစက် ကိုယ့်ဘေးတွင် ရပ်နေသော ဒေါင်ကောင်းကောင်းနှင့် လူကို စိတ်ရှုပ်ထွေးနေသည့်ကြားမှ ငဲ့ကြည့်လိုက်သည်။

''အဲ''

ခုမှပင် ပို၍ ရှက်ရတော့သည်။

''ဟင် ညနှင်းစက် ဆေးလာဝယ်တာလား''

''အင်း ဟုတ်တယ်''

''ဖေယျာနဲ့ အသိလား''

''သိတာထက်ပိုတဲ့ သူငယ်ချင်းတွေ''

ထိုအမျိုးသမီးမျက်နှာ ချက်ချင်း အရောင်ပြောင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဖေယျာသူငယ်ချင်းဆိုတော့ ပြောရမယ့်သူမှမဟုတ်တာ ညီမရယ် ပိုက်ဆံပေါ်လည်း ယူသာသွားတော့ နောက်ကြုံမှ ဝင်ပေးတော့ပေါ့''

''အို ဟင့်အင်း ရတယ် အစ်မ၊ ကျွန်မ မနက်ဖြန်မှပဲ လာယယ်တော့မယ်''

''အို မဟုတ်တာ အားနာစရာမရှိ ကြံဖန်အားနာနေပါပြီ''

ညနှင်းစက် တင်ပေးလိုက်သော ဆေးထုပ်ကို လက်ထဲ အတင်းပြန်ထိုးထည့်ပေးရင်း ပျာပျာသလဲ ငြင်း၏။

''ရပါတယ် အစ်မရယ်၊ ကျွန်မ မနက်ဖြန်မှပဲ လာယူပါရစေတော့''

''တစ်ခါတည်း ယူသွားလိုက်တော့ ညနှင်းစက်၊ ဒါ ကိုယ့်ဆိုင်ပါ၊ ဘာမှ အားနာစရာမလိုဘူး''

''ဟုတ်ပါတယ် ညီမရယ်၊ ဖေယျာနဲ့သူငယ်ချင်းတွေပဲ ပြောရမယ့်လူတွေမှ မဟုတ်တာ''

ညနှင်းစက် မည်သို့မျှ ငြင်း၍မရတော့သဖြင့် အောင့်သက်သက်နှင့်ငြိမ်ပြီး ယူလိုက်ရသည်။

စိတ်ထဲမှာတော့ ပျောက်သွားသည့် ပိုက်ဆံအတွက် နှမြောနေမိသည်။

''ကဲ ကျွန်တော် မနက်ဖြန်မှ တစ်ခေါက်ထပ်လာခဲ့တော့မယ်





ခုတော့ သူငယ်ချင်းနဲ့ ကြုံတုန်းကြုံခိုက် တစ်ဆိုင်ဆိုင်မှာ စကားလေးဘာလေး သွားပြောလိုက်ဦးမယ်''

''အေး အေး ဖေယျာ အစ်မ စာရင်းတွေ နောက်တစ်ကြိမ်ပြန်ပြီး စစ်ထားလိုက်မယ်''

''ကဲ ညနှင်းစက် ကိုယ် လိုက်ပို့မယ်''

ညနှင်းစက် မနီလာ ဆိုသော အစ်မကြီးရှေ့မှာမို့ ငြင်းမနေတော့ဘဲ ဖေယျာမြတ်မိုနောက်မှ ခပ်ငြိမ်ငြိမ် လိုက်လာခဲ့လိုက်သည်။

ဆေးဆိုင်အပြင်ဘက် ရောက်သည်နှင့် ဖေယျာမြတ်မို ရပ်ထားသောကားကို ခပ်လှမ်းလှမ်းမှ ရီမုဒ်ဖြင့် လှမ်းဖွင့်လိုက်သည်။

ကားလေးက လှလိုက်တာဟု ညနှင်းစက် စိတ်ထဲ တွေးလိုက်မိသည်။

''ကိုယ်တို့ တစ်နေရာမှာ ညစာ သွားစားရအောင်''

''ဟင့်အင်း ကျွန်မ ထမင်းစားပြီးသွားပြီ ဖေယျာမြတ်မို ဘာမှ ထပ်စားနိုင်မယ် မထင်တော့ဘူး''

''ဒါဆို ကော်ဖီဆိုင်ရော နိုင်ငံခြား ကော်ဖီမျိုးစုံ ရတဲ့ဆိုင်လေး တစ်ဆိုင် ကိုယ်တွေ့ထားတယ်၊ အဲဒီကို သွားမလား''

''ဟင့်အင်း ကော်ဖီမကြိုက်ဘူး''

ညနှင်းစက်ထံမှ အငြင်းဝါကျတွေချည်းပဲ လက်ခံနေရ၍



www.burmeseclassic.com

www.burmeseclassic.com



ဧယျာမြတ်မိုထံမှ ရယ်သံထွက်ပေါ်လာသည်။

"ကိုယ့်စေတနာတွေကို ဘာဖြစ်လို့များ ငြင်းချက်တွေ ထုတ်နေရတာလဲ ဘာလဲ ညနှင်းစက်အမြင်မှာ ကိုယ့်ပုံစံက ဗီလိန်ရုပ် ပေါက်နေလို့လား"

တမင်ပင် ရွတ်မေးလိုက်ခြင်း ဖြစ်သည်။

"အို မဟုတ်တာ ကျွန်မက ရှင့်ကိုဘာကြောင့် ဗီလိန်လို့ ထင်နေရမှာလဲ"

"သြော် မထင်ဘူးပေါ့၊ ဒါဆိုရင်တော့ ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး ကျွန်မ စိတ်ထဲရှိတဲ့အတိုင်း ပြောတာ"

"ဒါဆို ကားပေါ်တက်"

"ဟင့်အင်း ကျွန်မဖာသာ ပြန်မယ်"

ဧယျာမြတ်မို ကျွတ်ခနဲ စုတ်သပ်လျက် ညနှင်းစက် ခုလို ကားပေါ် ခေါ်တင်တာ မရိုးသားတဲ့စိတ် လုံးဝမရှိဘူး။ အသိမိတ်ဆွေတစ်ယောက်ကို သက်သောင့်သက်သာနဲ့ ပြန်စေချင်တဲ့စေတနာသီးသန့်ပဲ"

ဧယျာမြတ်မို အသံ အနည်းငယ် မာဆတ်ဆတ်လေး ဖြစ်သွားသည်ကို ညနှင်းစက် ကောင်းကောင်း ရိပ်မိလိုက်သည်။

"ရှင့်စေတနာကို ကျွန်မ အရမ်းသဘောပေါက်တယ်၊ ဒါပေမဲ့





ရှင် ကားပေါ်တင်ခေါ်ပြီး အိမ်ပြန်လိုက်ပို့ပေးမယ့် ကျွန်မက ရှင်တို့လို အခွင့်ထူးခံလူတန်းစား မဟုတ်ဘူးလေ၊ နောက်ပြီး ဟိုတယ်မှာ သီချင်းဆိုတဲ့ မိန်းကလေးတစ်ယောက်၊ အများအမြင်မှာတော့ ကျွန်မကို ပုံကြီးတွေချဲ့ပြီး ဂုဏ်သိက္ခာပိုင်းကို ရှုတ်ချကြမှာပဲ၊ ဒီလို အခြေအနေမျိုးမှာ ကျွန်မအနေနဲ့ ရှင့်ကားကို လိုက်စီးရင်း ကျွန်မမှာရှိနေတဲ့ရှိစုမဲ့စု ဂုဏ်သိက္ခာလေးကို ဘယ်လို အဖတ်ဆယ်ရမလဲ၊ ကျွန်မမှာ ချမ်းသာတာ အဲဒီ ဂုဏ်သိက္ခာတစ်ဖွဲ့စာလေးပဲ ရှိတာ"

ညနှင်းစက်၏ ဖြေရှင်းချက်ကြောင့် ဧယျာမြတ်မို ထပ်ပြီး အပြစ်မတင်ရက်တော့။

ဘဝပေးအခြေအနေအရ ထိုအလုပ်ကို လုပ်နေရပေမယ့် ယနေ့ထိတိုင် ပန်းလေးတစ်ပွင့်လို ဖြူစင်လန်းဆန်းနေတုန်းပါလားဟု တွေးပြီး ရင်မှာ စိမ့်ခနဲ ကျေနပ်ပီတိဖြစ်သွားရ၏။

"အိုကေ ဒါဆိုရင်တော့ ကိုယ် မင်းကို လိုက်မပို့တော့ဘူး"

"နားလည်ပေးတဲ့အတွက် ကျေးဇူး"

ဧယျာမြတ်မိုကို ကျေးဇူးတင်စွာဖြင့် မော့ကြည့်လိုက်ပြီး လှည့်ထွက်ခဲ့လိုက်၏။

ခြေလှမ်းငါးလှမ်းစာလောက် လှမ်းပြီးသည်နှင့် ညနှင်းစက် ဘာစိတ်တစ်ခုကို သတိရသွားသဖြင့် ခြေလှမ်းတွေ တုံ့ခနဲ ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကြည့်နေဆဲဖြစ်သော ဖေယျာမြတ်မိုကို ချာခနဲ လှည့်ကြည့်လိုက်သည်။

ဖေယျာမြတ်မို ပြုံးပြီး ခေါင်းညိတ်ပြသည်။

ဘောင်းဘီအိတ်ထဲ လက်ထည့်ပြီး စတိုင်ဖြင့် ရပ်ကြည့်နေသော ဖေယျာမြတ်မို၏ ခန့်ညားသောစတိုင်က အရမ်းမိုက်တယ်ဟု စိတ်ထဲမှ ခပ်တိတ်တိတ် မှတ်ချက်ချလိုက်ခြင်းနှင့်အတူ ညနှင်းစက် သူ့ဆီသို့ ပြန်လျှောက်လာလိုက်၏။

"ရှင့်ကို ကျွန်မ မျက်နှာပူပူနဲ့ အကူအညီထပ်တောင်းရဦးမယ်"

"ပြောကြည့်လေ ကိုယ် ကူညီနိုင်ရင် ကူညီမယ်၊ မကူညီနိုင်ရင်တော့ နိုးပေါ့"

ဖေယျာမြတ်မို နည်းနည်း အိုက်တင်ခံလိုက်သည်။

"ရပါတယ် ရှင် ကူညီနိုင်မှာပါ"

"အိုကေ ဒါဆို ပြောတော့"

"ကျွန်မကို လမ်းစရိတ် နှစ်ထောင်လောက် ခဏချေးစမ်းပါ၊ ကျွန်မ ပိုက်ဆံတွေ အခိုးခံရလို့ အိတ်ထဲမှာ ကားခတောင် မကျန်တော့ဘူး"

"သြော် ဒါလား ရပါတယ်"

ဖေယျာမြတ်မို ကားဒက်ရှ်ဘုတ်ပေါ်မှ ပိုက်ဆံအိတ်အပြားလေး





ကို လှမ်းယူပြီး ငါးထောင်တန်တစ်ရွက် ထုတ်ပေးလိုက်သည်။

"ရော့ ကိုယ့်မှာ တစ်ထောင်တန် မပါဘူး၊ ဒါပဲယူသွားလိုက်တော့"

ညနှင်းစက် လှမ်းယူလိုက်ရင်း

"အင်း ကျေးဇူး"

ကျေးဇူးတင်သော အကြည့်နှင့် မြတ်နိုးစုံမက်လိုသော အကြည့်တို့ တဒင်္ဂတွင်း ဆုံမိသွား၏။

ထို့နောက် ရင်ခုန်သံတွေကို အပြုံးနှင့်အနားသတ်လိုက်ကြ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ညနှင်းစက် အိမ်ပြန်ရောက်တော့ ညရှစ်နာရီပင် ထိုးနေပြီ။

အိမ်ကလေးထဲမှာ မီးရောင်လဲ့လဲ့ကို လှမ်းမြင်နေရသေး၍ အမေ မအိပ်သေးဘူးဟု တွေးလိုက်ပြီး ခြံတံခါးကို လက်လျှိုပြီး အတွင်းဂျက်ကို ဖွင့်လိုက်သည်။

အိမ်၏လှေကားလေးပေါ် တက်ခဲ့ပြီး စေ့ထားသော တံခါးလေး ကို ခပ်ဖြည်းဖြည်း တွန်းဖွင့်လိုက်သည်။

အိမ်ရှေ့ခန်းတွင် တစ်ယောက်ထဲ ဆေးလိပ်ထိုင်ဖွာနေသော အမေ့ကိုကြည့်ပြီး ရင်မှာ သနားသွားရ၏။

အမေ့ကို အမေ့ရဲ့အထီးကျန်ခြင်းတွေနှင့် ဆေးလိပ်ကသာ ပျင်းရိငြီးငွေ့စွာ အဖော်ပြုနေလေ၏။





ခြေသံကြောင့် အမေ မော့ကြည့်သည်။

"ဟင် သမီး ဒီနေ့ စောလှချည်လား"

အမေ သောက်လက်စ ဆေးပေါလိပ်တိုကို ဆေးလိပ်ပြာခွက်ထဲ ကမန်းကတန်း ထိုးချေလိုက်သည်။

"ဟုတ်တယ် အမေ၊ ဒီနေ့ သမီး အစီအစဉ်စောပြီးလို့ ဖယ်ရီ မစောင့်ဘဲ စောစောပြန်ခဲ့တာ"

ညနှင်းစက် အိတ်ထဲမှာ ဆေးဘူးကို ထုတ်ပြီး အမေ့ရှေ့မှာ ချပေးလိုက်သည်။

"ရော့ အမေ ဒါ အဆုတ်ဆေးနဲ့ အားဆေး"

"သမီးရယ် အမေ နေကောင်းနေပါပြီ၊ ဆေးတွေ ဝယ်ဝယ် မလာပါနဲ့တော့ကွယ် အမေ မသောက်ချင်ဘူး"

ဒေါ်နှင်းကြည် သမီးဖြစ်သူ၏ သိတတ်လိမ္မာမှုကို ပီတိလည်း ဖြစ်မိသလို ကျေးဇူးလည်းတင် အားလည်းနာမိသည်။

မိဘအပေါ် လိုအပ်ချက်မရှိအောင် ကျေးဇူးသိတတ်သော သမီး လေး အပေဖြစ်လျက်နှင့် သမီး ဒီလို အလုပ်မျိုး လုပ်နေသည်ကို ငြိမ် ကြည့်နေရသော အဖြစ်က ဆိုးလွန်းလှ၏။

"သမီးရယ် အမေလည်း စားကောင်း အိပ်ကောင်းနေတာပါ၊ အားဆေးတွေ ဝယ်မနေပါနဲ့လားကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"သြော် အမေရယ် အသက်က ကြီးနေပြီလေ၊ အားဆေးလေး တစ်ခုခု မှီဝဲမှပေါ့"

"ငါ့သမီးလေးအတွက် ပိုက်ဆံရှာရတာ ခက်တယ်လေ၊ တစ်လ တစ်လ အမေ့ဆေးဖိုးကြောင့် သမီးလေး နစ်မွန်းပါတယ်ကွယ်"

"အဲဒါ နစ်မွန်းတယ်လို့ မခေါ်ပါဘူး အမေရယ်၊ သမီးမှာ ဒီ အမေလေးတစ်ယောက်တည်းရှိတဲ့ဟာကို ဒီအမေကို ဂရုမစိုက်လို့ ဘယ် အမေကို ဂရုစိုက်ရမှာလဲ၊ အမေ့ကို ခုလိုမျိုး ရှာကျွေးနေတာ သမီး အတွက် ကုသိုလ်တောင် ရသေးတယ်"

အသိတွေကြွယ်လွန်းသော သမီးဖြစ်သူကို ကြည့်ပြီး ဒေါ်နှင်း ကြည် ပီတိတွေဖြင့် ရင်မှာ လှိုက်လှဲကျေနပ်နေမိ၏။

"ကဲ ကဲ သမီးလည်း ပင်ပန်းရောပေါ့ သွား သွား အဝတ် အစား သွားလဲလိုက်ဦး"

"ဟုတ်ကဲ့ အမေ"

ညှနင်းစက် အဝတ်အစားလဲရန် မိခင်အနားမှ ထလာလိုက် သည်။

အမေနှင့်သမီး နှစ်ယောက်တည်းရှိသော သူမတို့ကမ္ဘာလေး တွင် အမေကသာ သူမရဲ့ဘဝ ဖြစ်ခဲ့ရသလို သူမကလည်း အမေ့ရဲ့ ဘဝဖြစ်သည်အထိ တစ်ယောက်ကိုတစ်ယောက် မေတ္တာအပြည့်အဝ





ပေးကာ တစ်ယောက်ကို တစ်ယောက် လိုအပ်ခဲ့ကြသည်။

အမေ့ဘဝက ဘယ်လောက် သနားစရာကောင်းသလဲဆိုလျှင် သူမ ဟိုတယ်သို့ သီချင်းသွားဆိုသော အချိန်တွေမှာ အမေ့အတွက် အတော် အဖော်မဲ့အထီးကျန်ခဲ့၏။

ထိုအထီးကျန်ခြင်းတွေကို ဆေးလိပ်ဖြင့်သာ အဖော်ပြုလေ့ ရှိသည်။

ထိုအရာသည်ပဲ ညှနင်းစက်နှင့် မိခင်ကြားတွင် နားလည်မှု လွဲစရာတစ်ခုတည်းသောအဖြစ်မှာ မိခင်ဖြစ်သူ၏ ဆေးပေါ့လိပ်ကို မဆင် ခြင် သောက်မိခြင်းကိစ္စပဲ ဖြစ်သည်။

အတွေးနှင့်အတူ ဗီရိုထဲမှ စပန့်ဂါဝန်တစ်ထည်ကို ထုတ်ယူ ဝတ်ပြီး အိမ်ရှေ့ကို ပြန်ထွက်ခဲ့၏။

အမေ စောစောက ထိုးချေလိုက်သော ဆေးပေါ့လိပ်ကို ပြန်၍ ညှိနေ၏။

"အမေ ဒီဆေးလိပ်ကို ခဏ ခဏ မသောက်နဲ့လေ အမေရယ်၊ အမေ့ဟာက သမီးစကားကို ဘယ်တော့မှ နားမထောင်ဘူး၊ အဲဒီ ဆေး လိပ်တွေ ကြပ်ကြပ်သောက် အမေ့ရဲ့အဆုတ်ကြီး တစ်ခုလုံး ကျောက်မီး သွေးတုံးကြီးလို မည်းသွားလိမ့်မယ် သိလား အမေ"

ညှနင်းစက် အမေ့အား ခြိမ်းခြောက်လျှင် မိခင်ဖြစ်သူက ထို



www.burmeseclassic.com

www.burmeseclassic.com



တက်သေး ပြုးကာ

"သမီးရယ် သမီးမရှိတဲ့အချိန်မှာ အဖော်ပြုစရာဆိုလို့ ဒီဆေးသိပ်ပဲ ရှိတာမို့လို့ပါ သမီးရယ်"

"သမီးလည်း အမေ့အပေါ် နားလည်ပေးနိုင်ပါတယ် အမေရယ် ဒါပေမဲ့ သမီး အမေ့ကို ဝေဒနာ မခံစားစေချင်ဘူး၊ လောကမှာ သမီး အတွယ်တာရဆုံးက အမေပဲ ရှိတာပါ အမေရယ် အမေ့ကို အဆုံးအရှုံး မခံချင်သေးဘူး"

"သမီး သက်တမ်းတစ်လျှောက်မှာ အမေက သမီးဘေးမှာ နေပေးရဦးမယ်လေ၊ သမီး အမေ့ကို အဆုံးရှုံးမခံနိုင်ဘူး"

ညနှင်းစက် လေးလေးနက်နက် ပြောတော့ အမေ မျက်ရည် တက်လာသည်။

"အေးပါ သမီးရယ်၊ ဒီဆေးလိပ်ကို အမေရအောင် ဖြတ်မယ်"

"တကယ်နော် အမေ"

"အင်း တကယ် ကတိပေးတယ်"

"အဟင်း ဒါကြောင့် သမီးက အမေ့ကိုချစ်တာ"

■ ■ ■



## အခန်း (၆)

"ကိုမြတ် ကျွန်တော့်ကို ဒီပစ္စည်းတွေ ရှာခိုင်းပြီး ဘာလုပ်မလို့ လဲ"

သတိုး အမေးကြောင့် ဖေယျာမြတ်မှ ခပ်ကြောင်ကြောင် ရယ်လိုက်သည်။ ထို့နောက် သတိုး ရှာပေးထားသော တိုက်ပုံအင်္ကျီ၊ ယောပုဆိုး၊ ရှူးဖိနပ် ပါဝါမပါသော မျက်မှန်ထူထူကြီးနှင့် ဆေးတံတစ်ချောင်း နှင့်အပြင် အဘိုးကိုင်ခဲ့သော လယ်သာသားရေအိတ်ကြီးကိုကြည့်ပြီး ဖေယျာ မြတ်မှ သူ့အကြံအစည်အတွက် သဘောတွေ ကျနေသည်။

"သတိုး ငါ ဟိုတယ်ကိုလာတဲ့အခါမှာ ဝန်ထမ်းတွေ အားလုံး ကို ရှိသေအောင် နောက်ပြီး ငါ့လက်ထဲမှာရှိနေတဲ့ ဒီလုပ်ငန်းကြီးတစ်ခု ...အတွက် သူတို့အမြင်မှာ ပိုပြီးယုံကြည်စိတ်ချမှုတွေရှိလာအောင် ငါက



www.burmeseclassic.com

www.burmeseclassic.com



ငါ့အဖေစေတိုင် ဖမ်းပြီးသွားရင် မင်း ဘယ်လိုမြင်မလဲ''

''ဗျာ''

သတိုး အူကြောင်ကြောင် ပုံစံဖြင့် ဗျာလိုက်သည်။

''ကျွတ် မင်း သဘောမပေါက်ဘူး ထင်တယ်၊ တော်တော်ပိန်းတဲ့ကောင်''

သတိုး ဖက်ကလေး ပုသွားသည်။

''ဟို ဟိုလေ ဒါတွေကို ကိုမြတ် ဝတ်လိုက်ရင် အသက်လေး ငါးဆယ် လူကြီးတစ်ယောက် ဖြစ်သွားမှာပေါ့''

သတိုး အဖြေကို သဘောကျ၍ ဖေယျာမြတ်မို ခေါင်းတဆတ် ဆတ် ညိတ်ပြလိုက်သည်။

''အိုကေ ကောင်းပြီ မင်းအဖြေကို ငါ သဘောကျတယ်၊ ငါ နောက်နေ့ ဟိုတယ်ကိုသွားရင် ဒီပုံစံအတိုင်း ဝတ်သွားမယ်''

သတိုး ဖေယျာမြတ်မိုအား နားမလည်စွာဖြင့် ကြည့်လိုက်[illegible]

''ကိုမြတ် ဒီလိုလုပ်တာ အကြောင်းအရင်းတစ်ခုခုတော့ ရှိ[illegible] လို့ ကျွန်တော် ထင်တယ်''

''ဟုတ်တယ် မင်း တော်တယ်၊ ငါ အဲဒီဟိုတယ်က [illegible] မလေးတစ်ယောက်ကို သဘောကျနေတယ်၊ ဒါကြောင့် ငါ့ဒီပုံစံနဲ့ ဟို[illegible] အစည်းအဝေးကို တက်မယ်''





''ကိုမြတ်ရယ် ကိုမြတ် အိုင်ဒီယာက နည်းနည်းများ ရုပ်ရှင်ဆန်နေမလားလို့ ကောင်မလေးကို ကြိုက်တာများ ဒဲ့ဖွင့်ပြောလိုက်ပေါ့၊ ကိုမြတ်လို အရာရာပြည့်စုံပြီး အထက်တန်းကျတဲ့လူတစ်ယောက်ကို ဘယ်မိန်းကလေးက ငြင်းမှာလည်း၊ နတ်ပြည်က နတ်သမီးတောင် ငြင်းတဲ့ ရုပ်ရည်မျိုးဟာကို''

''ဟ ဒါဆိုရင် သူက ငါ့ကိုချစ်တာထက် ငါ့ရဲ့စည်းစိမ်ဥစ္စာကို ချစ်တယ်ဆိုတာမျိုး ဖြစ်သွားမှာပေါ့၊ နောက်ပြီး ဒီခေတ် မိန်းမတွေ အကြောင်းလည်း သိသားနဲ့၊ သူတို့ဘဝ အနာဂတ်အတွက် မှီခိုလို့သာ ရမယ်ဆိုရင် အသက်ရှစ်ဆယ်ကျော်လည်း ယူမှာပဲ၊ အိုနာကျိုးကန်းလည်း [illegible]လေရေ၊ ဟန်နီရေ လုပ်နေတဲ့ခေတ်ကွ၊ အရေးကြီးဆုံးက ငွေပဲလေ [illegible] ဘယ်မှာလည်း အချစ်စစ်''

သတိုး ခေါင်းတညိတ်ညိတ်နှင့် ဖေယျာမြတ်မို၏ဒဿနအချို့ [illegible] နားထောင်နေ၏။

''အခုနေ ငါက ရုပ်ကလည်း မိန်းမတွေစွဲမက်လောက်တဲ့ ရုပ် [illegible] ဟုတ်တဲ့အပြင် မွဲကလည်း မွဲသေးဆို မိုးပေါ်က နတ်သမီးမပြောနဲ့ [illegible]သားက ခိုစာရောင်းနေတဲ့ ကုလားမတောင် ငါ့ကို ကြိုက်မှာမဟုတ် [illegible]''

သတိုး ခွိခနဲ ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ တစ်ခုတော့ရှိတယ်၊ လူတစ်ယောက်မှာ မွေးကတည်းက စုံမက်ရမယ့် ဖူးစာရှင်ဆိုတာ ပါလာပြီးသား၊ အိမ်ထောင်ပြုဖို့အချိန်လည်း တန် ဖူးစာလည်း ပါပြီဆိုရင်တော့ မိန်းမပဲဖြစ်ဖြစ် ယောကျာ်းပဲဖြစ်ဖြစ် သူတို့ လက်ထပ်ရမယ့် အိမ်ထောင်ဖက်ဟာ ဘယ်လောက်ပဲ မွဲနေပါစေ ဘယ်လောက်ပဲ ရုပ်ဆိုးနေပါစေ သူတို့ရဲ့ နှလုံးသားက အပြစ်ဆိုတာ မမြင်ဘဲ အချစ်ပေ့ါသာ ဆင့်ကဲ ဆင့်ကဲ ပေါက်ဖွားလာပြီး သူတို့ရဲ့ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်လိုက်ကြတယ်၊ ဒါဟာ သူတို့ရင်ထဲမှာ စစ်မှန်စွာ ပေါက်ဖွားလာတဲ့ အချစ်စစ်ပဲ၊ ငါ လိုချင်တာ အဲဒီလို အချစ်စစ်မျိုးကို လိုချင်တာ ရှင်းလား"

"ရှင်းပါပြီ ကိုမြတ်ရယ်၊ ကိုမြတ် ခုလို ပုံစံမျိုး ဘာကြောင့် လုပ်ရတယ်ဆိုတာလည်း ကျွန်တော် ကောင်းကောင်းသဘောပေါက်သွားပါပြီ၊ အဟဲ ကိုမြတ် အချစ်ကိုရတဲ့ မိန်းကလေးက တော်ရုံတန်ရုံ အလှမျိုးနဲ့မဟုတ်သလို တော်ရုံတန်ရုံ မာနကို စာမဖွဲ့လောက်တဲ့ မိန်းကလေးပဲ ဖြစ်ရမယ်"

"မဆိုးဘူး မင်း တော်လာပြီ၊ ဒီလို အကဲခတ်နည်းပညာနဲ့ အမြော်အမြင်မျိုးတွေတာ မင်းဘဝကို ဒီထက်မြင့်တဲ့နေရာကို ခေါ်သွားလိမ့်မယ်"

ဖေယျာမြင့်မို ချီးကျူးလိုက်သဖြင့် သတိုး အကျီကော်လံစက်





ဟန်ပါပါဖြင့် ထောင်လိုက်ပြီး တဟီးဟီးဖြင့် သဘောကျစွာ ရယ်သည်။

ပြီးနောက် ရှူးဖိနပ်ကြီးကိုကြည့်ပြီး ဖေယျာမြင့်မို ခြေထောက်ကို လှမ်းကြည့်လိုက်ရင်း

"ဒီဖိနပ်နဲ့ ကိုမြတ် ခြေထောက်ကတော့ မတော်လောက်ဘူးနော် ကိုမြတ်၊ ကျွန်တော် စိတ်မှန်းနဲ့ကြည့်တာနဲ့တောင် နည်းနည်း လွဲနေတယ်"

ဖေယျာမြင့်မိုး ဖိနပ်ကို ကောက်ယူပြီး သူ့ ခြေထောက်မှာ ငုံ့ကြည့်လိုက်သည်။

သတိုးပြောသလိုပင် ဖိနပ်က နည်းနည်းသေးနေ၏။

"မင်းကလည်းကွာ ဒီလောက်သေးတဲ့ဖိနပ် ဘယ်ကရှာလာဘာလဲ"

"အဟီး ကျွန်တော့်အဖိုး ငယ်ငယ်က မြိုင်းလောင်းပွဲသွားရင်စီးသွားတဲ့ဖိနပ်တဲ့၊ မာမီက ဗီရိုထဲ ထည့်သိမ်းထားတာ အဲဒါကို မာမိ မသိအောင် ခဏခိုးလာတာ"

"အမ် ဒါဆို မင်းအဘိုး ဖိနပ်ပေ့ါ"

"ဟုတ်တယ်"

"တော်ပါပြီကွာ ပြန်ထားလိုက်ပါတော့ ငါဟာငါ အောကတ္တိပါ စီးတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒါလည်း ကောင်းတာပဲ ကိုမြတ်ရ၊ ဒီရှူးဖိနပ်ကြီးစီးရင် ကိုမြတ် ပုံစံက သာမန်ထက် နည်းနည်းပိုထူးခြားနေလို့ လူတွေ ဝိုင်းရယ်ခံရမှာ ကျိန်းသေတယ်၊ နောက်ပြီး ဆေးတံကြီးသောက်ဖို့လည်း မလိုလောက်ဘူး ထင်တယ်"

"အင်းပါ ဟိုတယ် အစည်းအဝေး သွားခါနီးကျမှ နဂိုရုပ်ထက် နည်းနည်းလေး အိုစာအောင်ပဲ ပြင်မှာပါ၊ အိုဟာဖြစ်အောင်တော့ ငါလည်း မလုပ်ပါဘူး"

"ဒါနဲ့ ကိုမြတ် ခိုက်နေတဲ့ လေဒီက ဟိုတယ်ရဲ့ ဘယ်ဌာနက လဲ"

သတိုး အမေးကြောင့် ဖေယျာမြတ်မို ရယ်လိုက်သည်။

"ငါ ပြောလိုက်လို့ မင်း ငါ့ကောင်မလေးကို အထင်စမောလ် သွားရင် ဘယ်လိုလုပ်မလဲ"

"ဟာ ကိုမြတ်ရာ ကိုယ့်ဆရာသမား စိတ်ဝင်စားတဲ့ ကောင် မလေးက ဘယ်လိုဒီဇိုင်းပဲဖြစ်နေဖြစ်နေ ကျွန်တော်က ဘယ်လိုလုပ် အထင်စမောရမှာလဲ"

သတိုး အဖြေစကားက ဖေယျာမြတ်မိုအတွက် အတော်လေး စိတ်ကျေနပ်မှုကို ဖြစ်စေ၏။

"ငါ စိတ်ဝင်စားနေတဲ့ ကောင်မလေးက ဘီယာဘား





ဖျော်ဖြေနေတဲ့ ကောင်မလေးကွ"

"ဟမ် ဒါ ဒါဆို သီချင်းဆိုတဲ့ ကောင်မလေးပေါ့"

"ဘာလဲ မင်း စိတ်လေသွားပြီ မဟုတ်လား"

"ဟာ မ မလေပါဘူး အဲ တစ်ခုတော့ရှိတယ်၊ အဲဒီလို ကောင် မလေးမျိုးတွေက မော်တာလေးတွေလိုပဲ လျင်တယ်နော် ကိုမြတ်၊ အဲ အဲဒါကိုတော့ နည်းနည်း စီစစ်စေချင်တယ်"

"ဒါကြောင့် ငါ ခုလို ပုံစံမျိုးထွင်ပြီး ဝတ်တာပေါ့ကွ၊ မင်းက လည်း မင်းထက် ငါက နပ်ပြီးသားပါ"

"ကိုမြတ်ကရော အဲဒီကောင်မလေးနဲ့ အတော် ရင်းနှီးနေပြီ လား"

"ရင်းနှီးဖို့ ကြိုးစားတုန်း၊ နည်းနည်းတော့ မာနခိုင်တယ်ကွ"

"ဒါက ဒီလိုရှိတယ် ကိုမြတ်ရ၊ အခု ကိုမြတ်အပေါ် မာန တင်နေတယ်ဆိုတာ ကိုမြတ်ကို သူ့ဟိုတယ်ပိုင်ရှင်မှန်း မသိလို့နေမှာပါ ကိုမြတ်သာ သူ့ဟိုတယ်ပိုင်ရှင်သာ သိသွားကြည့် ဆက်ဆံရေးတွေ ငြိမ့် သာလိမ့်မယ်"

"ငါကတော့ အဲဒီလို ပုံစံမျိုးကြီး မဖြစ်စေချင်ဘူး၊ ဒါကြောင့် ငါ့ရဲ့ ငယ်နာမည် ဖေယျမြတ်မို ဆိုတဲ့ နာမည်နဲ့ သူ့ကို ချဉ်းကပ်တာပေါ့"

"ဒါဆို ဟိုတယ် ပိုင်ရှင်နာမည်ကိုရော ဘယ်နာမည် သုံးလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ဖေယျာမြတ်မိုပဲပေါ့ကွ၊ လောကမှာ လူတူမရှား နာမည်တူ မရှားပဲဟာ''

''အိုကေ ကိုမြတ် အကြံမဆိုးဘူး၊ အိုင်ကျူကောင်းတယ်၊ ဒီ ဆော်လိုမျိုး ဖလမ်း ဖလမ်းထနေတဲ့ မိန်းမမျိုးတွေထက် ကိုယ်တွေက ခုလို တစ်ကွက်ကြိုမြင်ထားမှ''

ခမ်းနားထည်ဝါတဲ့ အချစ်တစ်ခုကို ပိုင်ဆိုင်ရဖို့ ဒီလောက်တော့ အကွက်ရွှေ့တတ်ရမှာပေါ့။

ဒီရင်မှာ ဒီကောင်မလေး ခိုဝင်နေတာတော့ အမှန်အကန်ပဲ။

ညနှင်းစက် ဆိုတဲ့ ကောင်မလေးဟာ နှင်းဖတ်လေးလို ဖြူစင် နူးညံ့နေပါစေလို့ပဲ ဆုတောင်းရတော့မှာပါ။

ရင်ဘတ်နှစ်ခု အမှန်တကယ် ထိစပ်ဖို့အတွက် ရိုးသားမှုက တော့ အမှန်လိုအပ်နေသည်။

■ ■ ■



## အခန်း (၇)

''ညနှင်းစက် မင်းရဲ့ပင်တိုင်ဧည့်သည် ရောက်နေပြီ''

မန်နေဂျာ ကိုအောင်ဝင်း၏အသံကြောင့် ခေါင်းကိုက်၍ စားပွဲခုံ ပေါ် ခေါင်းတင်ပြီး မှေးနေသော ညနှင်းစက် မျက်နှာမှာ ပို၍ပင် ရှုံ့မဲ့ သွားသည်။

''ကျွတ် ခေါင်းကိုက်ပါတယ်ဆိုမှ အရေးထဲကွာ''

တစ်ကိုယ်တည်း ကြားသာရုံ ခပ်ညည်းညည်းလေး ဆိုပြီး ခေါင်းမှ ဆံပင်တွေကို ဘီးကြဲထုတ်ကာ ခပ်သွက်သွက် ဖြီးလိုက်၏။

ကြည်ပြာရောင် ဖျော့ဖျော့ ဘလောက်ဒ်အင်္ကျီရှည်ကို ခါးမှ သေချာ ဆွဲဆန့်လိုက်သည်။

ခြေသလုံးသားတွင် တွန့်နေသော စတော်ကင်ဘောင်းဘီကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲချပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပြီဆိုမှ အခန်းထဲမှ နွမ်းလျသော ခြေလှမ်းတွေဖြင့် ဧည့်ခန်းမဟောထဲသို့ ထွက်လာလိုက်သည်။

စတိတ်စင်ပေါ်သို့ ငုံ့စောင်းကြည့်လိုက်တော့ ခေးခေး သူ့အလှည့်ရောက်လို့ ချမ်းချမ်း၏ တကယ်ဆို အချစ်ပဲလိုတယ် ဆိုသော သီချင်းကို မှဒ်အပြည့်ဖြင့် ဆိုနေ၏။

ခေးခေးအသံလည်း ကောင်းတာပဲဟု စိတ်ထဲမှ မှတ်ချက်ချလိုက်ပြီး ဖေယျာမြတ်မို ထိုင်နေသော စားပွဲဆီသို့ ဆတ်တောက်တောက်လေး လျှောက်လာလိုက်သည်။

တချို့ဝိုင်းမှ ယောကျ်ားသားတချို့ ညနှင်းစက်ကို မထိတထိ လှမ်းနောက်ကြသည်။ မျက်လုံးတွေ ကျွတ်ကျမတတ် ဝိုင်းကြည့်ကြသည်။

ညနှင်းစက် လျှောက်လာရင်းမှ ကိုယ့်ကိုယ်ကိုယ် ပြန်မှိုးပြီး သနားနေမိ၏။

အမှန်ဆို ဒီဟိုတယ်၏စည်းကမ်းအရ အဆိုရှင် မိန်းကလေးတွေအနေနဲ့ ဖျော်ဖြေရုံသက်သက်ပင် ဖြစ်သည်။

မည်သူ့ကိုမှ ထွက်ပြီး ဧည့်ခံပေးစရာမလို။ ချင်းချက်အနေနှင့် ကိုယ့်ဧည့်သည် မိတ်ဆွေ အသိအကျွမ်းဆိုလျှင်တော့ လူမှုရေးအရ ထွက်တွေ့ခွင့်ပေးထား၏။

ထိုစည်းမျဉ်းမှာလည်း အဆိုရှင် မိန်းကလေး ကြည်ဖြူမှ မကြည်





ဖြူလျှင် ဧည့်သည်ဘက်မှ မည်မျှပင် တောင်းဆိုနေပါစေ ခွင့်မပြု။

ယခု ညနှင်းစက်ကို တွေ့ချင်သော ကာစတန်မာမှာ ဖေယျာမြတ်မို ဆိုသော တောက်တက်ကလေးမှလွဲ၍ မည်သူမှ မဖြစ်နိုင်။

ညနှင်းစက် ဖေယျာမြတ်မို စားပွဲတွင်ရှိသော ထိုင်ခုံလွတ်တွင် ဝင်ထိုင်လိုက်သည်။

"ရှင်တော်တော် အနှောင့်အယှက်ပေးပါလား ဖေယျာမြတ်မို၊ ကျွန်မ ရှင့်အကြွေးတွေကို ဆေးဆိုင်မှာ သွားပြန်ဆပ်ပြီးသွားပြီလေ၊ ရှင့်လူ မပြောဘူးလား"

ထိုင်ထိုင်ချင်း ဘုတောပစ်လိုက်သည်။ ဖေယျာမြတ်မို စိတ်မဆိုးသည့်အပြင် ရယ်တောင် ရယ်နေလိုက်သေး၏။

"မင်း လာပြန်ဆပ်တဲ့ ပိုက်ဆံ ကိုယ်ရပါတယ်၊ တခြားပိုက်ဆံတွေနဲ့ ရောသွားမှာစိုးလို့ အမှတ်တရအနေနဲ့ သီးသန့်တောင် သိမ်းထားသေးတယ်"

ညနှင်းစက် မျက်ဝန်းရိပ်တွေ ဖျတ်ခနဲ အရောင်လက်သွားပြီး ဖေယျာမြတ်မိုအား အကဲခတ်အကြည့်ဖြင့် အသေအချာ ကြည့်လိုက်၏။

ရင်ထဲမှာ တိုးတိုးတိတ်တိတ် ခံစားမှုလေး ဖျတ်ခနဲ လှိုင်းထန်သွားပေမယ့် ထိုခံစားမှုကို အတည်ပြု၍ မရသေး။

"အဲဒါတွေ ကျွန်မ စိတ်မဝင်စားဘူး"



www.burmeseclassic.com

www.burmeseclassic.com



ညနှင်းစက် တမင်ပင် ခပ်ရင့်ရင့်စကားတွေ ရွေးပြောနေခြင်း ဖြစ်သည်။ ဒီလို ခပ်ရင့်ရင့် မပြောဘဲ နူးနူးညံ့ညံ့ ဆက်ဆံနေရင်း သူတို့ကို အထာပေးတယ် ဘာညာဆိုပြီး တစ်ဆင့်တက်လာမှာစိုးရသည်။

ထို့ကြောင့် သူတို့ထင်သလို မိန်းကလေးမျိုး မဟုတ်ဘူးဆိုတာ သိအောင်တော့ မာနတွေကို အပီအပြင် ထုတ်သုံးနေခြင်း ဖြစ်သည်။

“ကိုယ် ညနှင်းစက်ကို အနှောင့်အယှက် ပေးမိတယ်ဆိုရင် တောင်းပန်ပါတယ်၊ ဒါပေမဲ့ ကိုယ့်အနေနဲ့ ညနှင်းစက်ကို တွေ့ချင်တဲ့ ဆန္ဒကတော့ ဘယ်လိုမှ ချိုးနှိမ်လို့ မရဘူးဖြစ်နေတယ်”

ခံစားချက်တွေကို ပေါ်တင်ကြီး ရင်ဖွင့်နေသောကြောင့် ညနှင်းစက် မျက်နှာမှာ ရှက်ရိပ်တွေဖြင့် ပန်းရောင်လွှမ်းနေ၏။

“ဒါကတော့ ရှင့်ရဲ့တစ်ဖက်သတ် ခံစားမှုပဲလေ”

“အဲဒီ ခံစားချက်တွေကို မျှဝေခံစားပေးဖို့ တောင်းဆို ကြည်ဖြူစွာ လက်ခံပေးမလား ညနှင်းစက်၊ မင်းသာ ခွင့်ပြုမ ကိုယ် မင်းမိဘများဆီမှာ မိသားဖသားပီပီ လာတောင်းရမ်

ဇေယျာမြတ်မို အတည်ရင်ဖွင့်နေခြင်း ဖြစ်သည်။

ရင်မှာ ဘယ်လိုမိန်းကလေးကြောင့်မှတော့ ဟုတ်မထိဘူးသေး ညနှင်းစက်နှင့်တွေ့မှပဲ တကယ့်ကို ရင်မှာ နက်ရှိုင်းစွာ ခံစားနေရခြင်းပါ

“ကိုယ့်အတွက်တော့ မင်းဟာ သိပ်ကို ဖြူစင်လွန်းတဲ့ ပန်း





လေးတစ်ပွင့်ပါ၊ ကိုယ်သာလျှင် အဲဒီပန်းလေးကို ထာဝရ နမ်းရှိုက်ခွင့် ရချင်တယ်၊ မင်းဟာ ကိုယ့်အတွက် ကြေးမုံပြင်တစ်ချပ်အဖြစ် ကိုယ့်ရဲ့ ရင်ခုန်သံတွေကို အရုပ်ထင်လာစေတဲ့ ဆွဲဆောင်မှုအရှိဆုံး မိန်းကလေးပါ၊ ကိုယ် မင်းကို အရမ်းချစ်တယ်”

ဇေယျာမြတ်မို၏ ရင်ဖွင့်ချစ်စကားတွေသည် ညနှင်းစက်အတွက် ကမ္ဘာသစ်တစ်ခုထဲ ရောက်သွားသလို ခံစားမှုအသစ်ကလေးတွေ ရင်မှာ ဆင့်ကဲဖြစ်ပေါ်နေ၏။

ရှက်စိတ်ကြောင့် မျက်လွှာချလိုက်ရင်း ဆံနွယ်အိအိကလေးများ ပါ လိုက်၍ ငုံ့ချလိုက်မိသည်။

ရင်မှာ နွေးခနဲ။

ညနှင်းစက်ရှေ့မှာ ဖန်ခွက်ကြည်ကြည်လေးသည်ပင် ယိမ်းယိုင် ခွေနွဲ့နေသော ဖယောင်းတိုင်လေးပမာ မျက်ဝန်းထဲတွင် ရင်ခုန်သံတို့နှင့် အတူ ဝေဝါးစ ပြုနေပြီ။

သို့သော် ရင်ခုန်သံတွေကို ခပ်တိုးတိုးလုပ်နိုင်းရသည်။

သူ ကြားသွားလို့ မဖြစ်ဘူးလေ။

သူ့နှုတ်က ကြည်လင်ပီသစွာ ထွက်ပေါ်လာသော ချစ်ခြင်း တရားတို့သည် နိုင်မြဲဖြူစင်ပါ၏လား။

ထို့နောက် အသိကို သတိနှင့်ယှဉ်လိုက်ပြီး သူ မြင်သာအောင်



www.burmeseclassic.com

www.burmeseclassic.com



ခနိုးခနဲ ရယ်သံတစ်ချက် ထုတ်လိုက်သည်။

"အဟင်း ဟင်း ဟင်း ဟင်း"

"ဟော့ ကျေးဇူးပြုပြီး ဟာသ မလုပ်လိုက်ပါနဲ့၊ ကိုယ် မင်းကို ဘာကယ် ကြွေနေတာနော် ညနှင်းစက်"

"အဟင်း ကျွန်မ ယုံချင်ပါတယ်၊ ရှင် စောစောက ပြောခဲ့တဲ့ စကားလုံးတွေကို ကျွန်မလည်း ပြန်ကြွေချင်ပါတယ်၊ အဲ ဒါပေမဲ့ ကျွန်မမှာ အိမ်ထောင်မရှိဘူးဆိုရင်ပေါ့"

"ဘာ ဘယ်လို"

ဇေယျာမြတ်မို ရင်ထဲ ထိတ်ခနဲ ခုန်သွားသည်။ သူ နားကြားများ လွဲသွားတာလား။

"ကျွန်မမှာ အိမ်ထောင်မရှိဘူးဆိုရင်လို့ ပြောတာလေ"

"မင်း မင်းက အိမ်ထောင်နဲ့လား"

"အင်း ဟုတ်တယ်၊ ကျွန်မက အိမ်ထောင်ရှင်တစ်ယောက်၊ ရှင် ထင်ထားသလို အပျိုစင် မဟုတ်ဘူး"

ဇေယျာမြတ်မို ခေါင်းတွင်တွင်ခါသည်။

"မယုံဘူး"

"ယုံလိုက်ပါ ဇေယျာမြတ်မိုရယ်၊ ကျွန်မ တကယ် ပြောတာပါ"

"ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စကြီးကို ဘာဖြစ်လို့ ကိုယ့်ဂုဏ်သိက္ခာ





အညှိုးခံပြီး လိမ်ချင်နေရတာလဲ ညနှင်းစက်ရယ်၊ ဒီဟိုတယ်က အဆိုရှင်မိန်းကလေးတွေကို အလုပ်ခန့်တာ အပျိုစင်တွေမှ ခန့်တယ်ဆိုတာကို မင်း မေ့သွားပြီနဲ့ တူတယ်"

"လူတိုင်း လူတိုင်း ကိုယ့်ဘဝဆက်လက်ရှင်သန်ဖို့ နည်းမျိုးစုံနဲ့ လိမ်တတ်ကြတာကို မမေ့ရာပါ ဇီဇဝတစ်ခုပဲလေ၊ လောကကြီးထဲမှာ အမှန်တရားတွေ ရှားပါးနေတာ ရှင် မေ့နေပြီလား၊ ကဲပါ ကျွန်မ အိမ်ထောင်ရှိမ ဟုတ်တယ် မဟုတ်ဘူးဆိုတာ ယုံရမှာက ရှင့်အပိုင်း၊ ကျွန်မဘက်ကတော့ ရိုးသားစွာ ဖွင့်လင်းလိုက်ပြီနော်၊ ဒီတော့ ကျွန်မကို ခွင့်ပြုဦး ဒီတစ်ယောက်ပြီးရင် ဆိုရမယ့် အလှည့်က ကျွန်မလေ"

ညနှင်းစက် ဇေယျာမြတ်မိုရှေ့မှ လှည့်ထွက်ခဲ့၏။

ဇေယျာမြတ်မို လည်ချောင်းထဲ တော်တော်ဝင်ခဲ့ပြီဖြစ်သော ဘီယာတွေပင် ပြန်ပြီး ပျို့အန်ချင်သလိုလို ဖြစ်နေ၏။

ဒါဟာ တကယ့် အမှန်တရားလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ညနှင်း နင်ဘာဖြစ်နေတာလဲ မျက်နှာလည်း မကောင်း
လား"

ခေးခေး အမေးကြောင့် ညနှင်းစက် မပြုံးချင်ပြုံးချင်ဖြင့်
ဖျော့ဖျော့ပြုံးသည်။

"ဘာမှမဖြစ်ပါဘူးဟာ"

"မလိမ်နဲ့ ငါ သိတယ်နော်၊ နင်နဲ့ငါနဲ့က ခုမှပေါင်းလာ
သူငယ်ချင်းတွေ မဟုတ်ဘူး၊ နင့်မျက်နှာပေါ်က အရိပ်အကဲကို
ကောင်းကောင်း ဖတ်တတ်ပါတယ်ဟ"

ခေးခေး၏ အကဲခတ်ပညာ ဝါရင့်နေလေတော့ ညနှင်း
ဆက်ပြီး ဟန်ဆောင်၍ မရတော့။





"ငါ့ကို ဖေယျာမြတ်မိုက လက်ထပ်ခွင့် တောင်းနေတယ်
ခေးရယ်"

"ဟောတော် မြန်လိုက်တာ တွေ့တာဖြင့် ဘယ်လောက်မှတောင်
မကြာသေးဘူး လက်ထပ်ခွင့်တောင်းတယ်ဆိုတော့ သဘောက ရိုးမှ
ရိုးရဲ့လားပဲ"

"ငါလည်း နင်တွေးသလိုတွေးမိပါတယ် ခေးရယ်၊ နဂိုကတည်း
က ငါတို့အလုပ်ကို လူတွေက အထင်မကြီးတတ်ကြတာ ငါကသာ
သူ့ယ်လွယ်နဲ့ခေါင်းညိတ်လိုက်မယ်ဆိုရင် သူ့အမြင်မှာ ငါ့တန်ဖိုးတွေက
အမှုန့်တွေလို လွင့်သွားလိမ့်မယ်၊ အဲဒီလိုဆိုရင် ငါ့ဘဝလည်း စုတ်ပြတ်
သတ်သွားလောက်ပြီ"

"အေးလေ ချစ်သူထားတယ်ဆိုတာ လက်ထပ်ဖို့အတွက်
စမ်းတဲ့ကြတဲ့ သဘောပါပဲ၊ အပေါ်ယံအမြင်နဲ့ကြည့်ပြီး ဘဝလက်တွဲ
ဖော် ရွေးလိုက်မယ်ဆိုရင် တို့ မိန်းကလေးတွေပဲ နစ်နာရတာ"

"ကဲ ဒီနှစ်ယောက် ဘာတွေ တွတ်ထိုးနေကြတာလဲ၊ ရှင်တို့
အသည်းရောက်တော့မယ် မဟုတ်လား"

"အေးပါ သိပါတယ်၊ ဒီမှာ လင်ကြောင်းသားကြောင်း ဆွေးနွေး
နေကြတာလေ"

ဒါလီ၏ ခပ်ငေါ့ငေါ့ သတိပေးစကားကို ခေးခေးကလည်း ခပ်



www.burmeseclassic.com

www.burmeseclassic.com



ခေါ့ခေါ့ပင် ပြန်ဖြေနေ၏။

ညှနှင်းစက် သူတို့နှစ်ယောက်ကိုကြည့်ပြီး ပြုံးလိုက်သည်။

"ညှနှင်းစက် မင်းရဲ့ကာစတန်မှာ မလာတာ ကြာပြီနော်
မင်းနဲ့ ဘာပြဿနာ တက်ထားလို့လဲ"

သူများ ကိုယ်ရေးကိုယ်တာကိစ္စကို ပေါ်တင်စပ်စုနေသော
စုလှိုင်ကိုကြည့်ပြီး ညှနှင်းစက် မျက်နှာတည်တင်းတင်းလေး ဖြစ်သွား
သည်။

ထို့နောက် မျက်နှာကို ပင့်မော့လျက်

"ငါ့ဆီက လက်ထပ်ခွင့်တောင်းလို့ ငါ စိတ်ဆိုးပြီး မလာ
တာ"

"ဟောတော် ဖြစ်မှဖြစ်ရလေဟယ်၊ သူဌေးသား တစ်ယော
က လက်ထပ်ခွင့်တောင်းတာကို ငြင်းရတယ်လို့ဟယ်"

စုလှိုင် မဲ့ကာရွဲ့ကာဖြင့် ညှနှင်းစက်အား မနာလိုစွာ ကြည့်
အပြစ်ဖို့၏။

"သူ သူဌေးသားဖြစ်တိုင်း ငါက လက်ခံရမှာလား စုလှိုင်
ငါ့နှလုံးသားနဲ့ ခံစားလို့ရတဲ့ ယောကျ်ားတစ်ယောက်ဖြစ်မှ ငါ့ရဲ့အိမ်ထော
ဖက်အဖြစ် ရွေးချယ်မှာပေါ့၊ အဟင်း အိမ်ထောင်ဖက်ရွေးတဲ့နေရာ
အချစ်ပါပါ မပါပါ စည်းစိမ်ဥစ္စာပါရင် ပြီးရောဆိုပြီး ငွေမျက်နှာထ





ဲကိုကြည့်တတ်တဲ့ အတန်းအစားထဲမှာ ငါ မပါဘူး၊ အဲဒီလို မိန်းမမျိုး
တွေ ရှိနေသရွေ့ တို့လောကကြီးကလည်း ညစ်ညမ်းနေဦးမှာပဲလေ"

စုလှိုင် မျက်နှာ ညှိုပုတ်သွားသည်။ ညှနှင်းစက်နားမှ ဆက်မ
ပြောတော့ဘူးဆိုသော ဟန်ဖြင့် မကျေမနပ် ထသွားသည်။

ညှနှင်းစက် အာရုံမှာ ဖေယျာမြတ်မိုဏ်ပုံရိပ်တွေ ဖျတ်ခနဲ
ပေါ်လာသည်။

သူ ညှနှင်းစက်ကို လက်လျှော့သွားပြီမို့ မလာတာလားမှ
သိတာ။

ညှနှင်းစက်ကို ချဉ်းကပ်ခဲ့တဲ့ ယောကျ်ားတွေအားလုံး ညှနှင်း၏
မှုဟာကြောင့် ညှနှင်းအနားမှာ ဘယ်သူမှ တွယ်ကပ်မနေကြ။

ယောကျ်ားတွေဟာ ဒီလိုပါပဲ ရမလားလို့ ချဉ်းကပ်ကြည့်တယ်။
ရင်တော့ သူတို့အချိန်တွေကို အလကား မဖြုန်းတီးကြဘူး။

မိန်းမတစ်ယောက်ဆီက ရနိုင်သမျှ အခွင့်အရေးကို ယူကြည့်
သည်၊ ယူဖို့ မလွယ်တော့ဘူးဆိုလျှင်တော့ နောက်တစ်ဂွင်ကို ရွှေ့ကြ
တော့တာပင်။

ဖေယျာမြတ်မိုလည်း ဒီလို အစားမျိုးထဲကပဲ ထင်ပါရဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ကြီးကြီးနှင်း ဗျို့ ကြီးကြီးနှင်း"

အိမ်ရှေ့မှခေါ်သံကြောင့် ဒေါ်နှင်းကြည် လူမတွေ့ရသေးဘဲနှင့် အသံလှမ်းပြုလိုက်သည်။

"ဟေး ဘယ်သူလဲ"

"ကျွန်တော် မောင်ဝင်းပါ၊ ဟိုတစ်နေ့က ကြီးကြီးနှင်းပဲ ခြံစည်း ရိုးပြင်ချင်လို့ဆို၊ အဲဒါကြောင့် လူခေါ်လာပေးတာ"

"ဟေ ဟုတ်လား အေး အေး"

ဒေါ်နှင်းကြည် အိမ်ပေါ်မှ ကပျာကယာ ဆင်းပြီး မောင်ဝင်း တို့ဆီ လျှောက်လာလိုက်၏။

"ဒီမှာလေ သူက အလုပ်လုပ်ချင်တယ်ဆိုလို့ ကြီးကြီးနှင်းဆီ





မှာ လိုအပ်တာတွေ ခိုင်းရအောင် ကျွန်တော် ခေါ်လာပေးတာ၊ ငွေရေး ကြေးရေးလည်း အများကြီး ပေးစရာမလိုဘူး၊ ဟင်းကျန် ထမင်းကျန် သေးရှိရင် ကျွေးလိုက်ရုံပဲ"

"ဪ အေး ဖြစ်ပါတယ်၊ ကျွေးလို့ရပါတယ်"

ဒေါ်နှင်းကြည် မောင်ဝင်းခေါ်လာတဲ့လူကို အကဲခတ်လိုက် သည်။

အရပ်အမောင်း ခပ်မြင့်မြင့် မောင်ဝင်းနှင့် ယှဉ်ရပ်နေတာ ကြောင့် မောင်ဝင်းက အတော်လေး ပုနေ၏။ ခေါင်းမှ ဆံပင်တွေလည်း ဘုတ်သိုက်၊ မျက်နှာမှာလည်း ကန့်လန့်စင်း အမာရွတ်ကြီးနှင့် နဖူးပြင် မျက်ခုံးအပေါ်မှာလည်း မှဲ့ကြီးတစ်လုံးက နဂိုရုပ်ဆိုးလွန်းသော မျက်နှာကို ပို၍ ရုပ်ဆိုးသွားစေ၏။ အဝတ်အစားက ညစ်နွမ်းနွမ်း။

"ဟဲ့ မောင်ဝင်း မင်းလူက စိတ်ချရပါ့မလားကွဲ့"

ထိုလူ မကြားအောင် မောင်ဝင်းအား ခပ်တိုးတိုးလှမ်းမေးလိုက် သည်။

"ဟာ စိတ်ချရတာပေါ့ ကြီးကြီးနှင်းရဲ့၊ သူက စကားလည်း ပြောတတ်ဘူး၊ ဒါကြောင့် ကြီးနှင်း စိတ်အနှောင့်အယှက် ဖြစ်မယ့် စကား မပြောဘူး၊ စိတ်ချ၊ အရင်ဆုံး ဒီနေ့တစ်ရက် ခိုင်းကြည့်စိတ်ထဲ တွေ့ရင် နောက်နေ့ ထပ်မခိုင်းနဲ့ပေါ့ ကြီးနှင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ အေးပါ မင်းက အာမခံနေမှတော့ ငါ နိုင်းပါ့မယ်"

"ကဲ လူရိုး မင်းကို ကြီးနှင်းက အလုပ်ခိုင်းတော့မယ်၊ သေသေချာချာ လုပ်ကိုင်ပေးနော်၊ ငါ ကြားထဲက မျက်နှာမပျက်ချင်ဘူး"

မောင်ဝင်း လူရိုး၏ ပခုံးကို ခပ်ဆတ်ဆတ်လေးပုတ်ပြီး သတိပေးလိုက်သဖြင့် လူရိုး ကျေနပ်သော မျက်နှာဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြ၏။

"ကဲ ကြီးနှင်း ကျွန်တော် သူ့ကိုထားခဲ့ပြီး ဟိုဘက်ရပ်ကွက်မှာ အိမ်တစ်လုံး ဆောက်ဖို့ အလုပ်လက်ခံထားတယ်လေ၊ အဲဒီကို သွားဦးမယ်"

"အေးပါ ငါ သူ့ကို ခိုင်းပြီးရင် တန်ရာတန်ကြေးပေးပြီး ထမင်းပါ ကျွေးလိုက်ပါ့မယ်"

မောင်ဝင်း ထွက်သွားသည်။

"ကဲ လာ မောင်လူရိုး အရင်ဦးဆုံး ခြံထဲက မြက်ပင်တွေ ပေါင်းပင်တွေကို အရင်ဆုံး ရှင်းပေးစမ်းပါကွယ်၊ အိမ်မှာက ယောက်ျားသား မရှိတော့ ခြံရှင်းမြက်နှုတ် အလုပ်ကို မလုပ်နိုင်ဘူးလေ၊ ခြံစည်းရိုးကလည်း ခွေးတိုးလို့ တဖြည်းဖြည်း ပျက်စီးလာတာ"

လူရိုး ကြီးနှင်းအား သူ့ကို စိတ်ချရန်နှင့် ခြံစည်းရိုးကို နိုင်အောင် သေချာပြုန်လုပ်ပေးမည်ဟု လက်ဟန်ခြေဟန်ဖြင့် ပြောလေသည်။





"အေးပါ အေးပါ ဒီနေ့ မင်းလုပ်တာကို ကြီးနှင်း စိတ်တိုင်းကျရင် နောက်ရက်တွေမှာ ခေါ်နိုင်းမယ် ကြားလား"

လူရိုး ကျေနပ်သော အပြုံးဖြင့် ခေါင်းကို တဆတ်ဆတ် ညိတ်ပြသည်။

ထို့နောက် မြက်ပင်တွေကို အရင်ဆုံး ရှင်းရန် ခြံအရှေ့ဘက်သို့ လျှောက်လာလိုက်၏။

"ရော့ သူငယ် ဒီဓားနဲ့ အရင်ခုတ်ရမ်း မြက်တွေက မခုတ်တာကြာတော့ နည်းနည်း ထူနေပြီ"

မောင်လူရိုး ခေါင်းတဆတ်ဆတ် ညိတ်ပြပြီး ဒေါ်နှင်းကြည် လှမ်းပေးသော ဓားရှည်နှင့် ပေါက်တူးကို လှမ်းယူလိုက်သည်။

"ဒါနဲ့ မင်းနာမည်က ဘယ်သူ"

ဒေါ်နှင်းကြည် အမေးကြောင့် ညစ်နွမ်းနွမ်း ခပ်စုတ်စုတ် အိတ်ကပ်ထဲမှ 'ကျွန်တော့်နာမည် မောင်လူရိုး' ဟု ရေးထားသော ကတ်ပြားလေးကို အင်္ကျီအိတ်အတွင်းမှ ထုတ်ပြသည်။

"ဪ မောင်လူရိုး တဲ့လား"

လူရိုး ခေါင်းကို ဆတ်ခနဲ ညိတ်ပြသည်။

"ဘယ်မှာနေလဲ"

ဒေါ်နှင်းကြည်၏အမေးကြောင့် လက်နှစ်ဖက်ကို ဝှေ့ကာ



www.burmeseclassic.com

www.burmeseclassic.com



သပိတ်ပိုကသည့်အမူအရာ ပြလိုက်သည်။ ပြီးနောက် လက်အုပ်ချီပြ လိုက်၏။

"ဩော် ဘုန်းကြီးကျောင်းမှာ နေတယ် ဟုတ်လား"

"အ အ အ"

မောင်လူရိုး အသံထွက်လာအောင်ပင် ဒေါ်နှင်းကြည် မှန်းတာ မှန်ကန်ကြောင်း ထောက်ခံ၏။

"ဩော် အေး အေး ကောင်းတယ်၊ ကောင်းတယ် သာသနာ့ နယ်မြေမှာနေတော့ သာသနာစိတ် အနည်းနဲ့အများ ဝင်နေလေတော့ အကုသိုလ်အလုပ်နဲ့ ဝေးတာပေါ့ကွယ်၊ ကဲ ကဲ လုပ်စရာရှိတာ လုပ်တော့၊ ကြီးနှင်းလည်း မနက်ကချက်ထားပြီးသားဟင်းတွေ ပြန်နွှေးရဦးမယ်"

ဒေါ်နှင်းကြည် အိမ်ကလေးထဲ ပြန်ဝင်သွားသည်။

မောင်လူရိုး မြက်ပင်များကို ခုတ်ထွင်ရှင်းလင်းပြီး အမှိုက် သရိုက်များ တစ်စက်မကျန်အောင် ခြံပတ်ပတ်လည်ကို ရှင်းလင်းလိုက် သည်။

ပျက်စီးနေသော ခြံစည်းရိုးတိုင်တွေကိုလည်း အကုန်ပြန်၍ ပြုပြင်လိုက်သည်။

ဒေါ်နှင်းကြည် အိမ်ကလေးထဲမှ ပြန်ထွက်လာတော့ တစ်ခြံလုံး ရှင်းသန့်နေတာကိုတွေ့၍ အလွန်အမင်း စိတ်ကျေနပ်မှုရှိသွားရသည်။





"အလို မောင်လူရိုးက ထင်ထားတာထက်ကို ပိုပြီး လက်စွမ်း ပြထားတာပါလား၊ ကျေးဇူးတင်လိုက်တာကွယ်၊ အရင်လူတွေတုန်းကဆို အပေါ်ယံပဲ ရှပ်လုပ်သွားကြတာ၊ လုပ်အားခလည်း လိုတာထက် ပိုယူ ချင်ကြသေးရဲ့၊ ဒီကြားထဲ အရက်သောက်ပြီးလာလုပ်တဲ့သူဆို ပိုဆိုးသေး၊ အချိန်ကို ဆွဲနေကြတာ"

မောင်လူရိုး ဘာမှမပြောဘဲ ခါးရှည်တွေ ပေါက်တူးတွေကို ရေဆေးသန့်စင်ပြီး နေရာတကျ ပြန်ထား၏။

"ကဲ ရော့ မောင်လူရိုး၊ ဒါ မင်းရဲ့လုပ်အားခ၊ ပြီးရင် ထမင်း လာဝင်စား"

မောင်လူရိုး ထမင်းမစားဘူးဟု ခေါင်းခါသည်။

ဒေါ်နှင်းကြည် ပေးသော ပိုက်ဆံကို လှမ်းယူသည်။

ထို့နောက် ငါးရာတန် တစ်ရွက်ကိုသာယူပြီး ကျန်သော တစ် ထောင်တန်တစ်ရွက်ကို ဒေါ်နှင်းကြည်အား ပြန်ပေးလိုက်သည်။

"အို မဟုတ်တာ ယူပါ မင်းလုပ်အား စိုက်ထုတ်ထားတဲ့ တန်ရာ တန်ကြေးပဲကွယ်၊ မယူလို့ မရဘူး ယူပါ"

မောင်လူရိုး ခေါင်းတွင်တွင်ခါပြီး တစ်ထောင်တန်ကိုတစ်လှည့် ဒေါ်နှင်းကြည်ကိုတစ်လှည့် လက်ညှိုးထိုးပြပြီး လက်အုပ်ချီပြသည်။

ထိုတစ်ထောင်အား ဒေါ်နှင်းကြည်ကို ပြန်ကန်တော့ပါသော



www.burmeseclassic.com

www.burmeseclassic.com



အစိပ္ပာယ်ဟန်အမူအရာ လုပ်ပြခြင်း ဖြစ်သည်။

ဒေါ်နှင်းကြည်က ကောင်းစွာ သဘောပေါက်ပြီး လောဘနည်းသော လူငယ်လေးဟု တတွတ်တွတ် ချီးမွမ်းလေ၏။

နာမည်နှင့်လိုက်အောင် ရိုးလှသော မောင်လူရိုးပင် ဖြစ်သည်။

■ ■ ■



## အခန်း (၁၀)

ညနှင်းစက် ပြန်လာတော့ ခြံကလေးက မီးတွေလင်းထိန်ပြီး သပ်ရပ်သန့်ရှင်း၍နေ၏။

''ခြံ ဘယ်သူလာရှင်းသွားတာလဲ အမေ''

အိမ်အပေါက်ဝတွင်ထွက်၍ ဆီးကြိုနေသော မိခင်ဖြစ်သူကို အရင်ဦးဆုံး ဆီးမေးလိုက်သည်။

''လမ်းထိပ်က လက်သမား မောင်ဝင်း ခေါ်လာပေးတာလေ၊ ခြံစည်းရိုးပြင်ပြီးတဲ့အပြင် တစ်ခြံလုံး အမှိုက်တွေ သိမ်းကျုံးပြီး ရှင်းသွားတာ သမီးရဲ့၊ ခြံထဲက မီးခလုတ်လည်း သူ့ကြောင့် ပြန်ကောင်းသွားတာလေ''

အားတက်သရော ပြောနေသော မိခင်ဖြစ်သူကို အပြစ်တင်ခြင်းမဟုတ်သော သတိပေးခြင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူဘယ်ဝါမှန်းမသိဘဲ လျှောက်ပြီး မနိုင်းပါနဲ့ အမေရယ်၊ အရေးအကြောင်းဆို အမေတစ်ယောက်ထဲ ကိုယ့်ကိုယ်ကိုယ် ဘယ်လို ကာကွယ်မလဲ"

"အို မောင်လှရိုးက အဲဒီလို လူစားမျိုး မဟုတ်ပါဘူးကွယ်၊ သူ့ခမျာ ဒုက္ခိတလေးပါ၊ စကားလည်း မပြောတတ်ရှာသလို ခြေတစ်ဖက်ကလည်း သိပ်မသန်ရှာဘူး"

"သူ့လုပ်အားခ ထောင့်ငါးရာတန်လို့ အမေက ထုတ်ပေးတာကို မယူဘူး၊ ငါးရာထဲယူပြီး ကျန်တဲ့တစ်ထောင်ကို အမေ့ကို ပြန်ကန်တော့ခဲ့တယ်၊ သူ ကုသိုလ်လုပ်တာတဲ့"

ညနှင်းစက် တစ်ခါမျှ မမြင်ဖူးသော လှရိုးဆိုသည့် သူ့အကြောင်း ပြောနေရလို့ အမေ့မျက်နှာမှာ ချိုမြိန်နေသည်ဟု ညနှင်းစက် တွေးမိ၏။

"အမေက သူပြောတာ နားလည်လို့လား"

အမေ့ကို တမင်ပင် ရွှတ်နောက်နောက် အမူအရာနှင့် မေးလိုက်သည်။

"အိုအေ သူက လက်ဟန်ခြေဟန်နဲ့ပြောတော့ နားလည်တာပေါ့၊ မနက်ကျရင်တောင် လာဖို့ ထပ်ခေါ်ထားသေးတယ်၊ မီးဖိုခန်းက လျှပ်စစ်မီးဖိုခလုတ် ပြင်နိုင်းမလို့၊ တမင် သမီးရှိတုန်း ခေါ်လိုက်တာ





သမီးလည်း နိုင်းချင်တာ နိုင်းလို့ရအောင်လို့"

"သမီးက ဘာမှ နိုင်းစရာမရှိဘူး၊ အမေ့ဖာသာ အမေပဲ ကြည့်နိုင်း၊ ခုလောလောဆယ် သမီးဝယ်လာတဲ့ ငါးကင်လေး စားလိုက်ဦး အမေ"

ညနှင်းစက် ငါးကင်ထည့်ထားသော ဖော့ဘူးကို မိခင်ဖြစ်သူထံသို့ လှမ်းပေးလိုက်ပြီး အဝတ်အစားလဲရန် အခန်းထဲသို့ ဝင်ခဲ့လိုက်၏။

ညက ဆယ်နာရီပင် ထိုးလုနေပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ညက အိပ်ရာဝင်နောက်ကျသဖြင့် ဒီမနက် အိပ်ရာမှ ထတော့ ခုနစ်နာရီပင် ထိုးနေပြီ။

အမေက အိပ်ရာနိုးသည်နှင့် မျက်နှာသစ်ပြီးတာနှင့် ဘုရားကို မျက်နှာသစ်တော်ရေ ကပ်ပြီး ဘုရားထိုင်ရှိခိုးနေ၏။

ညနှင်းစက် ပြတင်းပေါက်တံခါးတွေကို လိုက်ဖွင့်လိုက်သည်။

အိမ်ရှေ့ပြတင်းပေါက်ကို ဖွင့်လိုက်သည်နှင့် ညနှင်းစက် မျက်ဝန်းလေး ပြူးကျယ်ဝိုင်းစက်သွားသည်။

''ဟင် ခြံဝမှာ လူတစ်ယောက် ထိုင်နေပါလား''

ညနှင်းစက် မျက်နှာသစ်ဖို့ အရင်မစဉ်းစားဘဲ ခြံထဲသို့ ဆင်းလာလိုက်သည်။





''ဟော့ ရှင် ဘယ်သူလဲ''

ညနှင်းစက် အိမ်တံခါးကို ကျော်ပေးပြီး ငုတ်တုတ်ထိုင်နေသော လူကို ခြံထဲမှ လှမ်းမေးလိုက်သည်။

ညနှင်းစက်ကို လှည့်ကြည့်သည်။ ပြီးနောက် ပျာပျာသလဲဖြင့် ခေါင်းညိတ်ပြကာ ညနှင်းစက် နားမလည်သော အမူအရာတွေ လုပ်ပြသည်။

ညနှင်းစက် ချက်ချင်း သဘောပေါက်လိုက်သည်။

မောင်လူရှိုးဆိုတာပဲ ဖြစ်မည်ဟု။

''ရှင် ကိုလူရှိုး မဟုတ်လား''

လူရှိုး ညနှင်းစက် အမေးကို ဝမ်းသာအဲလဲဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြသည်။

''ကဲ ဒါဆို အထဲဝင် ရောက်ရင်လည်း အသံလေးတော့ ပြုပေါ့၊ ဒီလိုကြီး ငုတ်တုတ်ထိုင်နေရသလား''

အပြစ်တင်သလို ခပ်ဆတ်ဆတ်လေးပြောပြီးမှ ကိုလူရှိုး စကားမပြောတတ်မှန်း သတိထားမိသွား၍ အားနာသွားရသည်။

''ဩော် ဆောရီးနော် ရှင် စကားမပြောနိုင်ဘူးဆိုတာ မေ့သွားလို့''

ညနှင်းစက် သူ့အမှားကြောင့် ကိုလူရှိုးအား အပြုံးနုလေးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ခြေသိမ့်တောင်းပန်လိုက်၏။

ကိုလူရှိုး ညနှင်းစက်အား မရဲတရဲ လှမ်းကြည့်ပြီး သူမ အနောက်မှ မဝံ့မရဲဟန်ဖြင့် ခပ်ကုတ်ကုတ် လိုက်ဝင်လာလိုက်၏။

အိမ်ပေါ်ရောက်တော့ မိခင်ဖြစ်သူ ဘုရားခန်းထဲမှ ထွက်လာသည်။

"ဟော မောင်လူရှိုး ရောက်ပြီလား"

မောင်လူရှိုး ခေါင်းညိတ်ပြသည်။

"သမီးရေ ဒီနေ့ သမီး ဈေးသွားရက်မဟုတ်လား"

"ဟုတ်တယ် အမေ"

"ဒါဆို မောင်လူရှိုးကို ခေါ်သွားပါလား၊ ခြင်းတောင်း ကူဆွဲပေးလို့ ရတာပေါ့"

ညနှင်းစက် စိတ်ပျက်သွားသည်။

"ရတယ် အမေ၊ သမီးသွားနေကျပဲဟာ ခေါ်မသွားတော့ဘူး အမေသာ သူ့ကိုခိုင်းစရာရှိတာ ခိုင်းထားလိုက်ပေါ့"

ညနှင်းစက် မိခင်ဖြစ်သူကို ထိုသို့ပြောပြီး မျက်နှာသစ်ရန် နောက်ဖေးသို့ ထွက်လာခဲ့လိုက်၏။

"ကဲ မောင်လူရှိုးရေ အရင်ဆုံး လျှပ်စစ်မီးဖို ပြင်ပေးပါဦးကွယ်"





ဒေါ်နှင်းကြည်အား ခေါင်းတဆတ်ဆတ် ညိတ်ရင်း တုံ့ပြန်၏။ ထို့နောက် ကျိုင်ပျက်နေသော လျှပ်စစ်မီးဖိုကို သေချာပြင်ရန် ကြမ်းပေါ် ထိုင်ချလိုက်သည်။

"အမေရေ သမီး ဈေးသွားတော့မယ် အမေ ဘာစားချင်လဲ"

မိခင်ကို ဂရုတစိုက် မေးနေသော ညနှင်းစက်ကို မီးဖိုပြင်နေရင်းမှ ဖျတ်ခနဲ လှမ်းကြည့်၏။

အိမ်နေရင်း သနပ်ခါးဘဲကြားလေးနှင့် ရိုးရှင်းစင်ကြယ်သော ညနှင်းစက်၏အလှတရားသည်

နှင်းစက်တို့၏လောင်းရိပ်အောက်မှာ ပွင့်နေသော ပန်းလေးတစ်ပွင့်နှယ် လန်းဆန်းလှပနေ၏။

ညနှင်းစက် ဆွဲခြင်းကိုင်ပြီး အိမ်မှ ထွက်သွား၏။

လူရှိုး အဖော်လိုက်ပေးချင်ပေမယ့် ညနှင်းစက် သိက္ခာကျမည်စိုး၍ ဖွတ်မလိုက်တော့ဘဲ အိမ်မှာ လုပ်စရာရှိသည်များကိုလုပ်ပြီး ကျန်ရစ်ခဲ့၏။

"မောင်လူရှိုးရေ လာကွယ် ထမင်းကြော်နဲ့ကော်ဖီလေး လာစားသည်"

မောင်လူရှိုး ခေါင်းခါ၍ ငြင်းလိုက်သည်။

"မစားလို့မရဘူး မောင်လူရှိုး ကြီးကြီးနှင်းက ကျွေးရင် ငြင်း

www.burmeseclassic.com



တာကို မကြိုက်ဘူး၊ စားမကြိုက်တာ”

ဒေါ်နှင်းကြည် ပြောပြောဆိုဆိုဖြင့် မီးဖိုပြင်နေသောနား လာချထားပေး၏။

မောင်လူရှိန်း ဆက်ငြင်း၍ မရတော့သဖြင့် အငွေ့တထောင်း ထောင်း ထနေသော ပဲပြုတ် ထမင်းကြော်ကို တစ်ဇွန်းနှစ်ဇွန်း ခပ်စား လိုက်သည်။

စားနေရင်းမှ ညှင်းစက်အတွက် မကျန်မှာကို စိုးရိမ်သွား ဖြင့် ဒေါ်နှင်းကြည်ကို လက်ဟန်ခြေဟန်ဖြင့် လုပ်ပြလိုက်သည်။

“စားပါ ကြီးကြီးနှင်း မင်းအတွက်ပါ ပိုကြော်ထားတာပါ၊ သမီး အတွက်လည်း အများကြီး ကျန်သေးတယ်၊ စား စား ကိုယ့်ဟာကို ဝအောင်သာ စား၊ ပြီးရင် ကော်ဖီလည်း အကုန်သောက်”

မောင်လူရှိန်း ခေါင်းတဆတ်ဆတ် ညိတ်ပြပြီး ကော်ဖီကို နှစ်ငုံသောက်ပြီး ပြင်လက်စ မီးကို အဆုံးသတ်ပြင်ဆင်လိုက်၏။

စိတ်တိုင်းကျ ပြင်ပြီးတာနှင့် မီးဖိုခန်းထဲဝင်ပြီး မီးဖိုကို စစ်လိုက်သည်။

ပလပ်ထိုးလိုက်သည်နှင့် အတွင်းကျိုင်ရော အပြင်ကျိုင်ပါ သည်။

“အ အား အား”





“ဟေ ရပြီလား အေး အေး ကျေးဇူးတင်လိုက်တာ မောင်လူ ရယ်”

ဒေါ်နှင်းကြည် ရှေ့ရကပြင်တွင် ပန်းကန်တွေ ထိုင်ဆေးနေရင်း ကျေးဇူးတင်စကား ဆို၏။

မောင်လူရှိန်း မနေသာတော့ ဒေါ်နှင်းကြည် ပန်းကန်တွေ ဆေး သည်ကို ကူဆေးပေး၏။

“နေပါ မောင်လူရှိန်းရယ် ကြီးကြီးနှင်းဖာသာ ဆေးပါ့မယ်”

မောင်လူရှိန်း ဝင်ကူဆေးနေရင်းမှ ကိစ္စမရှိဘူးဟူသော သဘော လက်ကာပြသည်။

တအောင့်ကြာတော့ ညှင်းစက် ဈေးခြင်းတောင်းလေး မနိုင့် မကော ခြံထဲ ဝင်လာသည်။

မောင်လူရှိန်း အလိုက်တသိဖြင့် အိမ်ပေါ်မှ ကပျာကယာ ပြေး ပြီး ဆွဲခြင်း ကူဆွဲလိုက်သည်။

ဒေါ်နှင်းကြည် ကြက်သွန်ခွာနေသည်။

“အမေရယ် အဲဒါတွေ ထားလိုက်ပါ၊ သမီး ပြန်လာရင် လုပ်မှာ

“အိုအေ ကျုပ်လည်း အားနေတာပဲ၊ ခုလို ကြိုလုပ်ထားလိုက် သမီး အဆင်သင့် ချက်ရုံပဲမဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းကြည် ကြက်သွန်ခွာနေရင်းမှ ထကာ သမီးဖြစ်သူ အတွက် အဆင်သင့်ပြင်ထားသော ကော်ဖီနှင့်ထမင်းကြော်ကို စားပွဲပေါ်မှာ တင်ထားကြောင်း မေးဆတ်ပြရင်း

''အဲဒါတွေ ထားဦး သမီးအတွက် ကော်ဖီနဲ့ထမင်းကြော် အဆင် သင့်ပြင်ထားတယ် စားလိုက်ဦး''

''အမေရော စားပြီးပြီလား''

''အင်း ပြီးပြီ စောစောကပဲ အမေရော မောင်လူရိုးရော စားလိုက်ကြတယ်''

''သူ မပြန်သေးဘူးလား အမေ''

''ရေမရှိလို့ ရေစည်တွန်းခိုင်းရဦးမယ် သမီးရဲ့''

ညနှင်း ဘာမျှဆက်မပြောဘဲ အမေ ပြင်ပေးထားသော ပဲပြုတ် ထမင်းကြော်နှင့် ကော်ဖီသောက်ရန် စားပွဲမှာ ဝင်ထိုင်လိုက်သည်။

မောင်လူရိုးကတော့ ခြံထဲတွင် ပန်းပင်တွေကို ရေလောင်းပေး နေ၏။

ညနှင်းစက် ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သည်။

မောင်လူရိုးကလည်း ညနှင်းစက်ကို လှမ်းကြည့်၍ အကြည့်ချင်း ဆုံသွားကြသည်။

ညနှင်းစက် ဘာခံစားမှုမှ မပါဘဲ အကြည့်လွှဲလိုက်သည်။





မောင်လူရိုးကတော့ ညနှင်းစက်ကို ကြည့်နေဆဲ။

မောင်လူရိုး မျက်နှာပေါ်မှာ အမည်မဖော်နိုင်သော အရိပ်တွေ သုံစ်ခနဲ လှစ်ခနဲ ဖြတ်ပြေးနေ၏။

ညနှင်းစက်ကတော့ သတိထားမိမည် မဟုတ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ကိုဝင်းအောင် ကျွန်မတို့ကို ဒီနေ့ ဘာကြောင့် အလုပ်စောစောဝင်ခိုင်းတာလဲ"

ညနှင်းစက် နားမလည်စွာဖြင့် မန်နေဂျာ ကိုဝင်းအောင်ကို မေးလိုက်ခြင်း ဖြစ်သည်။

"ဒီနေ့ ဝန်ထမ်းတွေနဲ့ ဒီဟိုတယ်ပိုင်ရှင်အသစ်နဲ့တွေ့ရမယ်လေ၊ ဒါကြောင့် မင်းတို့ကို အစောကြီး လာဖို့ မှာရတာပေါ့"

"ကဲ တအောင့်နေရင် အစည်းအဝေးခန်းထဲကို ဝင်ခဲ့ကြတော့၊ တခြားဌာနပိုင်းက ဝန်ထမ်းတွေလည်း ရောက်လောက်ပြီ"

မန်နေဂျာ ကိုဝင်းအောင် နားနေခန်းထဲမှ ထွက်သွား၏။

ကိုသန့်စင် ထိုင်ရာမှ လေးလေးပင်ပင် ထလိုက်ပြီး





"အရင်ပိုင်ရှင်အသစ်ကျတော့ အုပ်ချုပ်မှုပိုင်းရော စီမံခန့်ခွဲမှုပိုင်းရော ဝန်ထမ်းတွေကို မျက်နှာသာ မပေးဘူး၊ သူ့အတွက်ပဲ သူကြည့်တယ်၊ အခုပိုင်ရှင်ကျတော့ ဘယ်လိုလာမလဲမသိဘူး၊ အရင် ဘောစိ ထက် ဆိုးနေရင်တော့ ငါတို့တော့ ကျိုးပြီ"

"ဒီဘောစိက သဘောကောင်းတယ်လို့တော့ ကြားတယ်၊ ဝန်ထမ်းတွေအပေါ် အလုပ်ရှင်နဲ့အလုပ်သမားလို မဆက်ဆံလောက်ဘူး ထင်ပါတယ်"

ဒါလီ ကိုသန့်စင် စကားကို သူမ ထင်ကြေးနှင့် ဝင်ပြော၏။

"အင်းလေ ဒီအချိန်မှာ လက်ရှိဘောစိ ကောင်းတယ် မကောင်းဘူး ဝေဖန်နေမယ့်အစား အခု တွေ့ဆုံပွဲမှာ သူ့ရဲ့ဆက်ဆံရေးနဲ့အမူအကျင့်ကို မြင်ပြီးမှပဲ ဆုံးဖြတ်ရတော့မှာပေါ့၊ ကဲ ထကြတော့ အစည်းအဝေးခန်းထဲ ဝင်ကြရအောင်"

ကီးဘုတ်သမားနှင့် ညနှင်းစက်တို့ အဆိုရှင် မိန်းကလေးပွဲ အစည်းအဝေးလုပ်သော ဟောထဲသို့ ဝင်ခဲ့ကြသည်။

တခြားဝန်ထမ်းတွေမှာ ရောက်နှင့်နေကြပြီ။

ညနှင်းတို့ စားပွဲဝိုင်းရှည်ကြီး၏ ထောင့်ဘက်ထိုင်ခုံလွတ်တွေမှာ ဝင်ထိုင်လိုက်ကြသည်။

ဝန်ထမ်းအားလုံး တဖွဲဖွဲနှင့် ဝင်ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လှုစုံသလောက်တောင် ရှိနေပေပြီ။

ထိုအချိန်တွင် ဘောစိ၏အတွင်းရေးမှူးမထံမှ ဖုန်းဝင်လာသည်။

"သြော် ဟုတ်ကဲ့ ဟုတ်ကဲ့ အားလုံးအဆင်သင့်ရောက်နေပါပြီ ရှင့် ဟုတ်ကဲ့ ဟုတ်ကဲ့ပါ"

အတွင်းရေးမှူးမ ဖုန်းပိတ်လိုက်ပြီး ဝန်ထမ်းတွေဘက် မျက်နှာလှည့်ကာ

"MD နောက်ငါးမိနစ်ဆိုရင် ရောက်ပါပြီ"

အတွင်းရေးမှူးမထံမှ MD ရောက်တော့မည်ဆိုသော အသိပေးစကားသံကြောင့် တွတ်စီတွတ်စီ ပြောနေသော ဝန်ထမ်းတွေ၏ စကားသံတွေမှာ အနည်းငယ် တိုးသက်သွားသည်။

"ညနှင်း ဘောစိအသစ်က လူပျိုတဲ့ဟဲ့ သိလား၊ တော်ကြာ နင့်ကိုတွေ့ပြီး ခိုက်သွားရင် ဘယ်လိုလုပ်မလဲ"

ခေးခေးက ညနှင်းပေါင်ကို တို့ပြီး ခပ်ကြိတ်ကြိတ် ပြောနေသဖြင့် ညနှင်း မပွင့်တပွင့် ပြုံးလိုက်သည်။

"ခိုက်သွားတော့လည်း သူ့ဓွေးကတော် လုပ်လိုက်တာပေါ့ဟယ် ဟုတ်ဘူးလား အဟင်း တော်ကြာ နင့်ကိုကြိုက်သွားရင်ရော"

ညနှင်း ခေးခေးကို ပြန်မေးလိုက်သည်။





"ချက်ချင်းကို အိမ်လိုက်သွားမှာ မှုနေရင် အခွင့်အရေးတွေ ဆုံးရှုံးရမှာလေ"

ခေးခေးနှင့်ညနှင်း တွတ်ထိုးကောင်းနေတုန်း ဟောထဲသို့ MD ဝင်ရောက်လာသည်။

အားလုံး ငြိမ်သက်ကာ ဝင်လာသော MD ကို အရိုအသေပေးသည့် အနေဖြင့် မတ်တပ်ထရပ်လိုက်ကြသည်။

ညနှင်း ဘောစိ ဆိုသူကိုကြည့်ပြီး ရယ်ချင်သွားသည်။ စောစောက သူငယ်ချင်းနှစ်ယောက် စိတ်ကူးယဉ်အိပ်မက်ကလေးတွေ အားလုံး ဘောစိ ဆိုသူကို မြင်လိုက်သည်နှင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ပြိုင်တူ ဖခုံးတွန့်လိုက်ကြသည်။

သူတို့ ထင်ထားသော MD ၏ ပုံစံက ခုနစ်ဆွေး ရှစ်ဆွေးက ဧတိုင်အပေါင်းကြီးနှင့် ဝင်လာသော ခပ်တုံးတုံး MD မဟုတ်။

အနောက်တိုင်းဝတ်စုံကို စမတ်ကျကျ ဝတ်ပြီး ချော့မောခန့်ညားသော ရုပ်ရည်ပိုင်ဆိုင်ထားသူ ဖြစ်သည်။

ခုတော့ ညနှင်းတို့ စိတ်ကူးနှင့်ပုံဖော်ထားသော MD မဟုတ်။

တိုက်ပုံအကျီ၊ ယောပုဆိုးနှင့် မျက်မှန်ထူထူကြီးတပ်ပြီး နှုတ်ခမ်းမွေးကလည်း မြင်ရက်စရာမရှိအောင် ထူနေသဖြင့် ပါးစပ်ပေါက်တောင် မမြင်ရတော့။



www.burmeseclassic.com

www.burmeseclassic.com



ဖြူလျော်လျော် မျက်ခုံးမွေးက ဇရာအိုတစ်ယောက်ဆိုတာကို သိသိသာသာ ဖော်ကျူးနေသည်။

အားလုံးကို ခြုံငုံကြည့်မည်ဆိုလျှင် ဘိုးတော် ဦးဝိုင်း လက်ထပ်က စာဆိုတော်တစ်ယောက်ဟုပင် ဆိုက ဆိုနိုင်၏။

MD ဝတ်ထားသော ဝတ်စားဆင်ယင်မှုမျိုးကို ယခုခေတ်ကာလမှာ ရှာ၍ပင် မရနိုင်လောက်အောင် ရှားပါးလွန်းသဖြင့် ပြတိုက်မှာတောင် ဘယ်ခေတ်က ဝတ်စားဆင်ယင်မှုလဲဟု ပြန်၍ စစ်တမ်းကောက်ရမလိုပင်။

"အဟမ်း အဟမ်း"

MD ၏ ချောင်းဟန့်သံကြောင့် အားလုံး ငြိမ်ကုတ်ပြီး MD ဘာပြောမည်လဲဆိုသည်ကိုသာ နားစွင့်နေကြ၏။

မန်နေဂျာချုပ်နှင့် ဟိုတယ်မန်နေဂျာအားလုံး၏ ရှေ့မှာလည်း လက်တော့ပ်ကိုယ်စီနှင့် ဟိုတယ်အတွက် လုပ်ငန်းစဉ် ပရိုဂရမ်အသစ်ရေးဆွဲမှာမို့ အားလုံး၏အာရုံတွေက MD ၏ ထွက်ဆိုချက်တွေပေါ် အာရုံစူးစိုက်နေကြ၏။

"အရင်ဆုံး ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်ပါရစေ၊ ကျွန်တော့်နာမည် ဦးဖေယျာမြတ်မို ပါ၊ ကျွန်တော်ဟာ နောင်လာမယ့် အနာဂတ်မှာ ဒီဟိုတယ်ကို ဒီထက်အဆပေါင်းများစွာ အောင်မြင်တိုးတက်





အောင် ကြိုးဆောင်ကြိုးစားမယ့်သူတစ်ယောက်ပါလို့ လုပ်ဖော်ကိုင်ဖက် လူကြီးမင်းတွေရှေ့မှာ အသိပေး ကြေညာချင်ပါတယ်၊

အခုလို အစည်းအဝေးခေါ်ရခြင်းကလည်း ဝန်ထမ်းတွေနဲ့ ကျွန်တော့်ရဲ့ကြားမှာ စိမ်းနေသေးတဲ့ ပတ်သက်မှုကို မိသားစုလို နွေးထွေးသွားအောင် ရင်းရင်းနှီးနှီးနဲ့ ပွင့်လင်းစွာ တွေ့ဆုံတဲ့ပွဲလေးတစ်ပွဲပါပဲ၊

ဒါ့အပြင် လူကြီးမင်းတို့လက်ဝယ်မှာ ရှိနေတဲ့ ဒီဟိုတယ်ကို နိုင်ငံတကာ အဆင့်မီဖို့အတွက် ကျွန်တော် လေ့လာသင်ယူခဲ့တဲ့ နည်းပညာအသစ်တွေ၊ လူကြီးမင်းတို့ရဲ့ ကြိုးစားမှုနဲ့ ပူးပေါင်းပြီး နိုင်ငံခြားသားဧည့်သည်တွေ များများလာရောက် တည်းခိုနိုင်အောင် အဆင့်မြင့်တဲ့ ဝန်ဆောင်မှုတွေနဲ့ ဒီဟိုတယ်ရဲ့အရည်အသွေးကို မြှင့်တင်ချင်ပါတယ်၊

ဒါဟာ ကျွန်တော် တစ်ယောက်တည်းနဲ့ မဖြစ်နိုင်ပါဘူး၊ လူကြီးမင်းတို့ပါ ပူးပေါင်းပါဝင်ကူညီမှ ကျွန်တော်တို့လူကြီးမင်းတို့ရဲ့ ဟိုတယ်ဟာ နိုင်ငံတကာ ဟိုတယ်တွေနဲ့ ရင်ဘောင်တန်းနိုင်မှာပါ"

"ဟဲ့ ညနှင်း ပုံစံကသာ တောင်ဂေါ်လီနော်၊ ပြောသွားတာတွေကတော့ အလန်းတွေကြီးပဲ အဟင်း နာမည်ကလည်း အလန်းပဲဟ၊ နှင့်လူနာမည်နဲ့တောင် သွားတူနေသေးတယ် ရုပ်ကတော့ တခြားစီပဲနော်"

ခေးခေး ညနှင်းပေါင်ကို လက်တို့ပြီး လေသံမျှသောအသံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



MD ကိုကြည့်ပြီး ဝေဖန်နေ၏။

"အေးလေ ရုပ်ကချောချောသလား မမေးနဲ့၊ နတ်ရေကန်ထဲ ပစ်ချပြီး ငယ်အောင်လုပ်လည်း ပုံလာမယ့်ရုပ် မဟုတ်ဘူး"

နှစ်ယောက်သား MD ၏ တောင်ဂေါ်လီပုံစံကို ခပ်တိုးတိုး ပျက်ရယ်ပြုနေကြ၏။

MD မျက်လုံးအကြည့်တွေ ညနှင်းစက်ဆီသို့ ရောက်နေသည် ဆိုတာကိုတော့ ညနှင်းစက်ရော ခေးခေးပါ လုံးဝမရိပ်မိကြ။

■ ■ ■



## အခန်း (၁၃)

"ညနှင်းစက်တို့ကတော့ သူ့အမေ သူ့ကိုမွေးတုန်းက ဘယ်လို မှော်အတတ်တွေနဲ့ မွေးလို့လည်း မသိဘူး။ ယောက်ျားတိုင်းရဲ့အာရုံကို အလှနဲ့ဆွဲဆောင်နိုင်တယ်"

"အေးလေ ငါတို့ MD ကြီးတောင် သူ့ကိုမြင်လိုက်တာနဲ့ ချော်ချင်းကို ကြွေသွားတယ် ထင်တယ်၊ အကြည့်တွေက ညနှင်းစက်ဆီကို ...နစ် တစ်ကြိမ်နှုန်း ပို့သန်းနေတယ်"

"မှော်အောင်ထားလို့နေမှာပေါ့ ခစ် ခစ် ခစ်"

တစ်ယောက်တစ်ပေါက် ဝေဖန်နေကြသော ဒါလီတို့ အဖွဲ့၏ ...လိုရိပ်လွှမ်းနေသော စကားသံတွေကို ညနှင်းစက် မကြားချင်ဘဲ ...နေရ၏။

"ညနှင်းစက် MD ခေါ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာ ကိုဝင်းအောင် အခန်းဝမှာရပ်ပြီး လာပြောသဖြင့် အားလုံးရဲ့အကြည့်တွေ ညနှင်းစက်ဆီသို့ ရောက်သွား၏။

ဝေဖန်ပြောဆိုမှုတွေလည်း တခဏချင်းမှာပင် ငြိမ်သက် တိတ်ဆိတ်သွား၏။

ကိုဝင်းအောင် ပြန်ထွက်သွားတော့ ခေးခေး ညနှင်းစက်အနား ရောက်လာသည်။

"ညနှင်း နင့်ကို က သူ့ရဲ့အတွင်းရေးမှူးခန့်မလို့ ထင်တယ်"

"မဖြစ်နိုင်ပါဘူးဟယ် သူ့ဟာသူ ဘာအကြောင်းကိစ္စနဲ့ခေါ်မှန်း မသိဘဲနဲ့"

"ကဲပါ ဘာပဲဖြစ်ဖြစ် သွားကြည့်လိုက်ဦး၊ လမ်းမှာ မမေ့ လေးဘာလေးလဲ ပွားသွား၊ ဒါမှ ဟိုကပိုနိုက်ပြီး အတွင်းရေးမှူး ရာထူး ပေးမှာ"

ခေးခေးကို ချစ်စဖွယ် မျက်စောင်းလေးရွှယ်ပြီး ညနှင်းစက် နားနေခန်းထဲမှ ထွက်လာလိုက်၏။

မှန်တွေအပြည့် ကာရံထားသော MD ရုံးခန်းသို့အရောက် ညနှင်း ရင်တွေ တဒိတ်ဒိတ် ခုန်နေသည်။

ရင်မှာ ဘာကိုစိုးရိမ်မှန်းမသိသော ခံစားမှုက ရင်ထဲမှာ တလှပ် တိုးဝင်လာသည်။





ရုံးခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်သည်နှင့် သင်းပျံ့သော မွှေးနံ့နှင့် အေးစိမ့်သော အထိအတွေ့ကို စတင်ခံစားလိုက်ရသည်။

ဆုံလည်ကုလားထိုင်တွင် ကျောမှီပြီး မိန့်မိန့်ကြီး ထိုင်နေသော MD ဦးဇေယျာမြတ်မိုး၏ မျက်မှန်အောက်မှ အကြည့်တွေသည် ညနှင်းစက်ဆီသို့ လိုတာထက် ပိုပြီး ကျရောက်နေသည်။

ညနှင်းစက် ဘယ်ကိုမှ ရဲရဲမကြည့်ဝံ့ဘဲ MD ရှိရာ စားပွဲဆီသို့ ခေါင်းငုံ့လျက် လျှောက်လာလိုက်သည်။

"ထိုင်ပါ ညနှင်းစက်"

MD စားပွဲရှေ့မှ ထိုင်ခုံတွင် ခပ်ရိုရို ဝင်ထိုင်လိုက်သည်။

"MD ကျွန်မကို ခေါ်တာ ဘာကိစ္စများပါလဲ"

ညနှင်းစက် နှုတ်ခမ်းမွှေးထူလဗျစ်နှင့် MD ကို မျက်လုံးလေး တလက်လပ် ပေကလပ်ဖြင့် မဝံ့မရဲ ကြည့်လိုက်ပြီး ခပ်တိုးတိုး မေးလိုက်သည်။

"မင်းကို ခေါ်ရတဲ့ကိစ္စက သိပ်ပြီး ထွေထွေထူးထူး မရှိပါဘူး၊ မင်းရဲ့သီဆိုဖျော်ဖြေမှုကောင်းတဲ့အတွက် ဒီဟိုတယ်ရဲ့ဘီယာဘားမှာ လူအင်းအားတက်နေတယ်လို့ သိရတယ်"

ညနှင်းစက် ရင်ထဲ လှိုက်ခနဲ ခုန်ပြီး အံ့သြဝမ်းသာသွားသည်။

"အထူးသဖြင့် မင်းရဲ့အသံက အရမ်းကို ဆွဲဆောင်မှုအား



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသလို ညှို့ဓာတ်ပါနေသလို ခံစားရတယ်''

''ရှင်''

''ဘီယာဘားမှာ လာရောက်အပန်းဖြေသူတွေကို စိတ်ကျေနပ်မှုတစ်စုံတစ်ရာပေးနိုင်တယ်လို့ ကိုယ် သိရပြီးပြီ၊ ဒါကြောင့် မင်းရဲ့ ကိုယ်ပိုင်အရည်အချင်းကို ကိုယ်တို့ ဟိုတယ်ကပါ အသိအမှတ်ပြုပေးမှာပေါ့''

MD အံဆွဲထဲမှ ငွေစက္ကူတစ်ထပ်ကို ထုတ်ပြီး စားပွဲပေါ် တင်လိုက်သည်။

ပြီးနောက် ညနှင်းစက်ရှိရာဘက်သို့ တွန်းရွှေ့ပေး၏။

''ဒါ မင်းရဲ့ ဘောက်ဆူး''

''ရှင်''

''မအံ့ဩပါနဲ့၊ မင်းရဲ့အသံဟာ တခြားသူ မပြောနဲ့ ကိုယ်ကိုယ်တိုင်တောင် နားထဲကနေတစ်ဆင့် ရင်ထဲကိုပါ တိုးဝင်တုန်ခါအောင် ဆွဲဆောင်နိုင်တဲ့အတွက် ဒီဘောက်ဆူးကို မင်း ရသင့်ပါတယ်''

ညနှင်း ထိုငွေတစ်ထပ်ကို မဝံ့မရဲ ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်သည်။ ထိုဘောက်ဆူးငွေသည် ရိုးမှရိုးပါရဲ့လားဟု သံသယ ဝင်မိလောက်ထင်သည့်အတိုင်းပင်။

''ပြီးတော့ ဒီည ကိုယ်နဲ့အတူ ညစာလိုက်စားပေးဖို့ ဖိတ်ခေါ်





ပါတယ်''

MD သူ၏ဓာတ်ရုပ်က တဖြည်းဖြည်းပေါ်လာပြီ။ ဒီယုန်မြင်လို့ ချုံထွင်တယ်လို့ ပြောရမလောက်အောင်ပင် အခွင့်အရေးက ကိုယ့်ဆီသို့ ဝင်လာ၏။

စားပွဲပေါ်မှာ ကိုယ်တစ်ခုမျှ မကိုင်ဖူးသော ငွေစက္ကူတစ်ထပ်ကြီးက ညနှင်းစက်ကို ပျော်ရွှင်မှု မပေးတော့။

ထိုငွေတစ်ထပ်က ညနှင်းစက်ထံ တစ်စုံတစ်ခုကိုလိုချင်၍ ဖြားယောင်းနေသည်ဆိုတာ ညနှင်းစက် ကောင်းကောင်းကြီး ရိပ်မိလိုက်၏။

ညနှင်းစက် အံကိုခပ်တင်းတင်း ဖိကြိတ်လိုက်သည်။ MD တောင်းဆိုလာသော အခွင့်အရေးကို ငြင်းဆန်ဖို့ စိတ်မှာ ရဲဆေးတင်လိုက်သည့်အနေဖြင့် ကိုယ်ကို ခပ်မတ်မတ် ထိုင်လိုက်ပြီး MD ကို ကြည့်လိုက်သည်။

''ကျွန်မ လက်မခံပါရစေနဲ့ MD ဒီဟိုတယ်မှာသီချင်းဆိုဖို့အတွက် လစာနဲ့ ခန့်ထားခြင်းခံရတဲ့ ဝန်ထမ်းတစ်ယောက်အနေနဲ့ ဒီလောက်များတဲ့ ဘောက်ဆူးကို မယူသင့်ပါဘူး''

MD ညနှင်းစက်အား မျက်မှန်အောက်မှ ပြုံးကြည့်သည်။ ညနှင်းစက် အားမနာနိုင်တော့။ ကိုယ့်ဘက်က အားနာနေရင် ခါးပါနေရမည်။



www.burmeseclassic.com

www.burmeseclassic.com



“ဒီဟိုတယ်မှာရှိတဲ့ အဆိုရှင်ဝန်ထမ်းအားလုံးရဲ့ တာဝန်က ဟိုတယ်ကိုလာတဲ့ ကာစတန်မာတွေကို စိတ်ကြည်နူးပျော်ရွှင်စေဖို့ ကိုယ်ကျရာ အခန်းကဏ္ဍကနေ ဖျော်ဖြေပေးနေရတာဟာ ကိုယ့်တာဝန်ကိုယ် ကျေပွန်စွာ ထမ်းရွက်နေကြတာချည်းပါပဲ၊ အားလုံးထဲကမှ ကျွန်မကို ခုလိုမျိုး ရုံးခန်းထဲခေါ်ပြီး တသီးတသန့် ဆုငွေပေးတာကို ဘယ်လိုစိတ်မျိုးနဲ့မှ မယူချင်ပါဘူး စိတ်မရှိပါနဲ့ရှင်”

“အခုလို ကျွန်မရဲ့ ဖျော်ဖြေမှုကို အလေးအနက်ထားပြီး ဘောက်ဆူး သီးသန့်ခေါ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်”

ညနှင်းစက် ရင်ထဲရှိသည့်အတိုင်း တရစပ်ပြောချလိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။ စိတ်ထဲမှာ ခုလိုပြောလိုက်မိသည့်အတွက် စိုးရိမ်အားနာစိတ်တွေ မဝံ့မရဲဖြစ်သည့်စိတ်တွေ လုံးဝ မဖြစ်ပေါ်မိ။

“ကျွန်မကို သွားခွင့်ပြုပါဦးရှင်”

ညနှင်းစက် ထိုင်ရာမှ ထလိုက်ပြီး နှုတ်ဆက်လိုက်သည်။

“နေ နေဦးလေ ကိုယ် တောင်းဆိုထားတာ တစ်ခုကျန်သေးတယ်”

ညနှင်းစက် စိတ်ထဲ ဒီလူ တော်တော်မျက်နှာပြောင်တိုက်တာပဲ ဟု ခပ်ရင့်ရင့် ဝေဖန်လိုက်သည်။

မျက်နှာပေါ်ကိုတော့ အပြုံးနုနု တင်ထားလိုက်ပြီး





“ဪ် စိတ် စိတ်မရှိပါနဲ့၊ ဒီည ကျွန်မရဲ့အမေကို ဆေးခန်းပြစရာ အရေးတကြီးကိစ္စရှိလို့ MD နဲ့ ညစာအတူ လိုက်စားဖြစ်မယ် မထင်ပါဘူး”

“ဪ် အေး အေး ရ ရပါတယ်ကွယ်၊ ကိစ္စမရှိပါဘူး။ မင်း သွားလို့ရပါပြီ”

ညနှင်းစက် MD ရှေ့မှ ချာခနဲ လှည့်ထွက်ခဲ့၏။ ခုလို ငြင်းလိုက်၍ အလုပ်ပြုတ်လည်း ပြုတ်စေတော့ဟု ညနှင်းစက် စိတ်ကို လျှော့ချလိုက်သည်။

အဓိကက ညနှင်းစက်လို မိန်းကလေးဟာ MD ထင်သလို ခပ်ပေါပေါ မိန်းမတစ်ယောက် မဟုတ်ဘူးဆိုတာ သိသွားဖို့ပင် ဖြစ်သည်။

ညနှင်းစက်၏ ခြေလှမ်းတွေ လေးလံနေ၏။

အလာအုန်းကနှင့်မတူသော ခံစားမှုက အာရုံကို အနည်းငယ် စိတ်ရှုပ်ထွေးသွားစေသည်။

MD ကို ဤသို့ တုံ့ပြန်ပြောဆိုခဲ့မိသည်ကို လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတွေနှင့် မန်နေဂျာကိုဝင်းအောင်သိ၍ ညနှင်းစက်ကို မည်သို့ အပြစ်တင်ကြမည်လဲ။

MD ကရော ညနှင်းစက်ကို တော်တော်လေး စိတ်ဆိုးသွားမှာ အသေအချာ။



www.burmeseclassic.com

www.burmeseclassic.com



အတွေးနှင့်အတူ သက်ပြင်းမောကို ခပ်ဖွဖွ ချလိုက်သည်။

လောကကြီးက မလိုချင်သော အခွင့်အရေးတွေ ဘာလို့များ ဖွတ်ပေးနေရတာလဲ။

ညနှင်းစက်က ငွေနောက်လိုက်နေတဲ့ အပျော်မယ်မှ မဟုတ်တာ။

■ ■ ■



## အခန်း (၁၄)

"ညနှင်းစက်"

ဖယ်ရီကားပေါ် တက်အံ့ဆဲဆဲ ကိုယ့်နာမည်ကို ခေါ်သံကြောင့် ညနှင်း ကားပေါ်သို့ မတက်သေးဘဲ နောက်ကို လှည့်ကြည့်လိုက်သည်။

"ဟင် ဖေယျာမြတ်မို"

ဘောင်းဘီအိတ်နှစ်ဖက်ထဲ လက်နှစ်ဖက် ထည့်ကာ ခပ်မတ်မတ် ရပ်နေသော ဖေယျာမြတ်မိုကိုမြင်တော့ ညနှင်းရင်ထဲ ဖျတ်ခနဲ အံ့သွားသည်။

ကိုယ့်ဆီ မလာတော့တူးဟု ထင်ထားပြီးကာမှ ပြန်လာနေသော ဖေယျာမြတ်မို၏ ဖွဲ့ကောင်းပုံကို ညနှင်း အံ့ဩမိသလို မတွေ့တာကြာပြီဖြစ်သော သူ့ပုံရိပ်က ညနှင်းရှေ့မှာ ဖျတ်ခနဲ ပေါ်လာသဖြင့် ပျော်ရွှင်သွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာလာလုပ်တာလဲ"

ရင်ထဲမှာ ပျော်ရွှင်ကြည်နူးနေရပေမယ့် မျက်နှာကိုတော့ တည်တင်းတင်းလေး လုပ်ထားလိုက်သည်။

"မင်းကိုတွေ့ဖို့လာတာပေါ့"

"ရှင့်ကို ကျွန်မ ဘယ်နှခါ ပြောရမလဲ၊ ကျွန်မမှာ ယောကျ်ား ရှိပါတယ်ဆိုတာ"

ဝေါက်ဆတ်ဆတ်ကလေး ပြောလိုက်သော ညနှင်းစက်ကို ကြည့်ပြီး ဖေယျာမြတ်မို ခပ်လျောင်လျောင် တစ်ချက် ရယ်လိုက်သည်။

ထိုရယ်သံကို မနှစ်မြို့ဟန်ဖြင့် မျက်စောင်းခပ်ရွှယ်ရွှယ် ထိုး လိုက်သည်။

ကောင်းကင်မှာ ကြယ်တွေ တဖျတ်ဖျတ် လက်နေသလို ထိုနေ့ သော သာယာလှသည့် ညချမ်းမှာ ကိုယ့်ရင်ခုန်သံတွေကို ဖော်ထုတ် လှစ်ဟပြချင်ပေမယ့် မည်သို့မျှ မဖြစ်နိုင်သေး။

ညနှင်းစက် ကျင်လည်နေရသောအခြေအနေနှင့် ဘဝက ဤ သို့ အညှာလွယ်၍မဖြစ်။

ကိုယ့်ရင်ထဲက ခံစားမှုအစစ်အမှန်ကို အရောင်ဆိုးခြင်းခံရသော တစ်သက်လုံး ထိန်းချုပ်လာခဲ့သမျှ သိက္ခာတရားတွေ သဲထဲရေသွန်သလို ဘာမျှ အရာထင်မည် မဟုတ်။





ထို့ကြောင့် ရင်မှာ တိတ်တဆိတ် တမ်းတနေမိသူကို မြင်တွေ့ ခွင့်ရလိုက်ပေမယ့် မျက်နှာပေါ်သို့ ပျော်ရွှင်မှုကို တင်ပြီး လှစ်ဟမပြရဲ။

"အင်းလေ အခု မင်းယောကျ်ားရှိတယ်ဆိုတာ ယုံလို့ မင်းကို နောက်တစ်ကြိမ် လာတွေ့တာ"

"ဘယ်လို ကျွန်မပြောတာကို ယုံလို့ နောက်တစ်ကြိမ်တွေ့တာ ဟုတ်လား"

"ဟုတ်တယ်"

"ရှင် ဂေါက်သွားပြီလား၊ ယုံတယ်ဆိုမှတော့ နောက်ထပ် လာ တွေ့စရာ အကြောင်းမှ မရှိတော့တာ"

ညနှင်းစက် ဖေယျာမြတ်မိုအား ဒေါသသံလေးဖြင့် အနည်းငယ် ဘုတောနေတုန်း ဖယ်ရီကားက ဂွူးခနဲ မောင်းထွက်သွား၏။

"ဟောတော် ဟို ဟိုး နေဦး၊ ဒီမှာ ကျန်သေးတယ်"

ညနှင်းစက် ကားနောက်သို့ အပြေးလိုက်သည်။ မမီတော့။ ကားက ညနှင်းစက်၏အော်ခေါ်သံကို လုံးဝကြားပုံမရ၊ တဖြည်းဖြည်းနှင့် ဝေး၍သွားသည်။

ညနှင်းစက် ငိုမဲ့မဲ့ဖြင့် မတ်တပ်ကလေး ရပ်နေရှာ၏။

ဖေယျာမြတ်မို ညနှင်းစက်အနားသို့ လျှောက်သွားသည်။

"သိပ်လည်း စိတ်မလှုပ်ရှားနေပါနဲ့ ညနှင်းစက်ရယ်၊ ဖယ်ရီက



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ဝန်ထမ်းတွေ လူစုံပြီထင်ပြီး မောင်းသွားတာနေမှာပေါ့"

"အဲဒါ ရှင့်ကြောင့်လေ"

ညနှင်းစက် မခံချိမခံသာ ဖြစ်လွန်းစွာဖြင့် နှုတ်ခမ်းစူ ခြေဆောင့်ပြီး ဖေယျာမြတ်မိုအား အပြစ်ဖို့လိုက်သည်။

"ဟုတ်ပါပြီ ကိုယ့်ကြောင့် ညနှင်း ခုလို ကျန်ခဲ့တာပါ၊ ကိုယ့်မှာအပြစ်ရှိပါတယ်၊ ဒါကြောင့် ညနှင်းအိမ်ကို ကိုယ်လိုက်ပို့ပေးပါရစေ"

"အို ရှင်က ဒီအကွက်ကို ချောင်းနေတာ မဟုတ်လား၊ ရတယ် ရှင်လိုက်ပို့စရာ မလိုဘူး၊ ကျွန်မဖာသာ ပြန်မယ်"

ညနှင်းစက် ဖေယျာမြတ်မိုရှေ့မှ ချာခနဲ လှည့်ထွက်ခဲ့၏။ မာနနှင့်သာ ပြောလိုက်တာ တကယ်တမ်း ခုလိုမျိုး ညဆယ်နာရီလောက်မှာ ညနှင်း တစ်ယောက်တည်း ပြန်ရမည်ဆိုတော့ စိတ်မှာနည်းနည်းတော့ လန့်မိ၏။

"ဟော့ ဒီအချိန်ကြီး မိန်းကလေးတစ်ယောက်ထဲ ပြန်ဖို့ မသင့်ဘူးနော်"

ညနှင်း တမင်ပင် မကြားဟန်ပြုကာ ညနှင်းရှိရာသို့ ခပ်ဖြည်းဖြည်း ဘီးလိမ့်လာသော Taxi တစ်စီးကို အမြန်လှမ်းတားလိုက်သည်။

"အစ်မ ဘယ်လဲ"

"သင်္ဃန်းကျွန်း ဘုရားလမ်း"





"ဟုတ်ကဲ့ ရတယ် အစ်မ"

"ဘယ်လောက်ပေးရမလဲ"

"နှစ်ထောင့်ငါးရာပဲ ပေးပါ"

ကောင်လေးက မွန်မွန်ရည်ရည် သန့်သန့်ပြန့်ပြန့်လေးမို့ ညနှင်းစက် ဈေးဆစ်မနေတော့ဘဲ ကားတံခါးဖွင့်ပြီး ကားပေါ်တက်လိုက်သည်။

ဖေယျာမြတ်မို Taxi ဒရိုင်ဘာလေး သတိုးကို မျက်နှာရိပ်မျက်နှာကဲ လှမ်းပြလိုက်ပြီး သူ့ကားပါ Taxi နောက်မှ ထပ်ကြပ်မကွာ လိုက်လာခဲ့၏။

"အစ်မ ဒီအချိန်ကြီး ဘယ်ကပြန်လာတာလဲ"

"အလုပ်ကပေါ့"

"ဒီအချိန်ကြီးမှ အလုပ်ဆင်းတယ် ဟုတ်လား အစ်မ"

အရေးထဲ ကိုယ့်ကားကို မမောင်းဘဲ လေကြောရှည်နေသော Taxi ဒရိုင်ဘာလေးကို ညနှင်းစက် မကျေမနပ်ဖြင့် ကြည့်လိုက်သည်။

"အင်းပေါ့လေ ဒီခေတ်ကြီးမှ ငါ မိန်းကလေးဆိုပြီး အချိန်တော် မပြန်ချင်လို့ အလုပ်ရွေးနေလို့လည်း ဖြစ်မှမဖြစ်တာပဲ၊ ဒီလိုပဲ ကျရာအလုပ် လုပ်ရတော့မှာပေါ့၊ ဒါနဲ့ အစ်မ ဒီလို ညအချိန်မတော်မှ ပြန်ရတော့ အစ်မယောက်ျားက မပြောဘူးလား"

ညနှင်းစက် နားထောင်ရတာ သိပ်ပြီး နားမယဉ်တော့ ဒီကား

www.burmeseclassic.com



ငှားစီးလာမိတာ မှားပြီဟုပဲ တိတ်တိတ်လေး နောင်တရမိ၏။

"ဟမ် အစ်မ အစ်မယောကျ်ား ဘာမှမပြောဘူးလားလို့"

"ကျွတ် ဒီမယ် ကိုအတ္တာ ရှင့်ကားကို ရှင်ဖြောင့်အောင် မောင်းပါ၊ ဘာဖြစ်လို့ သူများကိုယ်ရေးကိုယ်တာကိစ္စကို လိုက်စပ်စုနေရတာလဲ"

"အဟဲ အစ်မ အိမ်ထောင်ရှိ မရှိ သိချင်လို့ပါ၊ အဟင်း မေးသာမေးရတာပါ၊ အစ်မပုံစံက အလန်းလေးပဲ၊ အိမ်ထောင်ရှိမယ့်ပုံ မပေါ်ပါဘူး"

ညနှင်း စိတ်ရှုပ်သွား၏။ ဒီကားဆက်စီးနေလျှင် သူမအတွက် အန္တရာယ်ရှိနိုင်၏။

"ဒီမှာ အခု ရှင့်ကားကို ရပ်လိုက်"

"ဗျာ ဘာဖြစ်လို့လဲ အစ်မ၊ သယ်န်းကျွန်းမရောက်သေးဘူးလေ"

"မရောက်သေးမှန်း ကျွန်မ သိတယ်"

"ဘာလဲ အပေါ့သွားချင်လို့လား"

ရယ်သံနှောပြီး မေးလာသော ထိုကောင်လေး၏အမေးကြောင့် ညနှင်း ပို၍ပင် စိတ်ဖျက်သွားပြီး ရင်ထဲမှာ အနည်းငယ် ကြောက်လာသလို အကြောအချဉ်တွေပင် တောင့်တင်းသွားလောက်အောင် စိတ်လှုပ်ရှားမိ၏။





ထို့ကြောင့် အနောက်မှ ကပ်လိုက်လာသော ဖေယျာမြတ်မိုးကားကို အားကိုးလိုစိတ်ဖြင့် လှည့်ကြည့်လိုက်သည်။ ခပ်ဖြည်းဖြည်းမောင်းပြီး လိုက်လာ၍ ရင်ထဲမှာအနည်းငယ် လုံခြုံသွားသလို ခံစားလိုက်ရသည်။ ထိုကောင်လေးကို ဘာမျှဆက်မပြောတော့ဘဲ ငြိမ်နေလိုက်သည်။

"အစ်မ ဟိုရှေ့နားမှာ လူပြတ်တယ်၊ အစ်မ အပေါ့သွားဖို့ ကျွန်တော် ကားရပ်ပေးမယ်လေ၊ အဟဲ ဘာမှမကြောက်နဲ့ ကျွန်တော် ကာပေးထားမှာပါ"

"တိတ်စမ်း"

"အောင်မလေး အော်လိုက်တာ အကျယ်ကြီး"

ညနှင်းစက် ဒေါသကြောင့် အသံကျယ်သွား၏။ ရင်ထဲမှာ ကြောက်နေပေမယ့်လည်း သူ့ရှေ့မှာ ကြောက်သလိုရှိသလို လုပ်ပြ၍မရ။

"ရှင့်ပါးစပ်ကိုပိတ်ပြီး ကားကို မောင်းနော်၊ ကျွန်မကို ဘယ်လို မိန်း[illegible]ား မှတ်နေလဲ"

"သိပ်လှတဲ့ မိန်းကလေးလို့ပဲ မှတ်တာပေ့ါ အဟဲ ကျွန်တော်ကလည်း သိပ်ချောတဲ့ ယောကျ်ားတစ်ယောက်ပါဗျ၊ အိမ်ထောင်မရှိသေးတဲ့ လူပျိုလေး၊ အဲ တစ်ခါတလေ မိန်းမလှလေးတွေကို ကြောင်မိတာအလွဲ၍ စာရိတ္တအကုန်ကောင်းတယ်၊ အချိန်ရရင် တစ်နေရာမှာ စကား



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေး ပြောကြရအောင်၊ ကျွန်တော်က အကြင်နာပေးတတ်တယ်ဗျ''

အခြေအနေက တစ်ဆင့်ထက်တစ်ဆင့် ပိုဆိုးလာနေပြီ။

''ဒီမှာ နင့်ကားကို အခုရပ်လိုက်နော်၊ မရပ်ရင် ငါအော်လိုက်မယ်''

''ဗျာ ဟုတ် ဟုတ်ကဲ့၊ အော်တော့ မအော်ပါနဲ့အစ်မရယ် ရပ်ဆို ရပ်ပေးပါ့မယ်''

သတိုး ကားကို ကျွိခနဲ ရပ်လိုက်သည်။

ညနှင်းစက် ကားတံခါး ဖွင့်ဆင်းလိုက်သည်။ ဖေယျာမြတ်မို့ ကားကလည်း သတိုးကားလေးနှင့် မရှေးမနှောင်း ရပ်လိုက်သည်။

ညနှင်းစက် အိတ်ထဲမှ နှစ်ထောင့်ငါးရာထုတ်ပြီး သတိုးထံသို့ ပစ်ပေးလိုက်၏။

ပြီးနောက် ရှေ့သို့ဘောက်ဆတ် ဘောက်ဆတ်ဖြင့် လျှောက်သွားလိုက်သည်။

သတိုးကားကို လာရာလမ်းအတိုင်း ပြန်ကွေ့ပြီး

''အချစ်လေးရေ တာ့တာ၊ နောက်မှတွေ့မယ် သိလား''

ပါးစပ်မှ ပေါက်ကရတွေ အော်ပြီး ညနှင်းကို တာ့တာ ပြသွားသည့်အပြင် ဖေယျာမြတ်မိုကိုလည်း လက်မထောင်ပြသွားသည်။





ညနှင်းစက် ခပ်တိတ်တိတ် ကျိန်ဆဲလိုက်သည်။

ဖေယျာမြတ်မိုကားက ညနှင်းစက်နားသို့ ခပ်ဖြည်းဖြည်း ဘီးလှိမ့်လာ၏။

''ညနှင်း ကားပေါ်က ဘာဖြစ်လို့ ဆင်းလိုက်တာလဲ၊ မင်းအိမ်ရောက်ပြီလား''

ဖေယျာမြတ်မို အပြင်သို့ ခေါင်းပြူပြီး မေးလိုက်သည်။

''မရောက်သေးပါဘူး ရှင်တို့ ယောကျ်ားတွေ တစ်ယောက်မှ ကိုမကောင်းဘူး၊ အခွင့်အရေးသမားတွေ''

ဟိုလူ့ကို မကျေနပ်သော ဒေါသတွေ ဖေယျာမြတ်မို အပေါ် ချလိုက်သည်။

ဖေယျာမြတ်မို သဘောတကျ ရယ်လိုက်သည်။ ထို့နောက် ညယ်သံနှောသောအသံဖြင့်

''ဘာလဲ ညနှင်းစက် အဲဒီ Taxi သမားက အာဘွားပေးသွားလို့လား''

''ရှင်နော်''

ညနှင်း ခြေစုံရပ်ပြီး ဒေါသတကြီး အော်လိုက်သည်။

''ဒါဆို ဘာဖြစ်လို့ မင်း နေတဲ့နေရာ မရောက်သေးဘဲ ဆင်းလာရတာလဲ ကဲ လာ ကားပေါ်တက်၊ ကိုယ်လိုက်ပို့ပေးမယ်''



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး ကိုယ့်ဟာကိုယ် လမ်းလျှောက်ပြန်မယ်"

"ဟော့ ညှန်း သိပ်ခေါင်းမမာနဲ့ကွာ၊ ရှေ့မှာ ပျံကျအရက်ဆိုင်ရှိတယ်နော်၊ အဲဒီက အရက်သမားတွေနဲ့တွေ့လိုက်ကတော့ မင်းဘဝ ပွဲသိမ်းပဲ၊ ရစရာကို ရှိမှာမဟုတ်တော့ဘူး၊ နောက်တစ်ပတ်လည်း ကြာရော အဓမ္မကျင့်မှုဆိုပြီး မှုခင်းဂျာန ကဲ မင်းရဲ့အကြောင်းတွေ ပါလာလိမ့်မယ်၊ အဲဒီကျရင် ကိုယ်လည်း ဘာမှမတတ်နိုင်ဘူး"

ဖယောင်းမြတ်မို စကားကြောင့် ညှန်းစက် အမှန်တကယ်ပင် လန့်သွားသည်။

လှမ်းနေသော ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားသည်။

"ကဲ ကိုယ်ပြောတာ သဘောပေါက်သွားပြီ မဟုတ်လား၊ ဒါဆို ကားပေါ်ကိုတက်လိုက်တော့ မင်း မတက်မချင်း ကိုယ့်ကားက မင်းနောက်ကနေ ဖြည်းဖြည်းချင်း ဘီးလိမ့်လိုက်နေရတာ မင်းအတွက် မသင့်တော်ဘူး"

ညှန်း တွေဝေမနေတော့ဘဲ ကားတံခါးဖွင့်ပြီး သူ့ဘေးမှာ ဝင်ထိုင်လိုက်သည်။ နှုတ်ခမ်းကိုတော့ ဆူထားဆဲ။

"ကိုယ် ခုလို အိမ်ကိုလိုက်ပို့ရင် မင်းဒါလင်နဲ့မင်းနဲ့ကြားမှာ ရှော့ခ်မရှိလောက်ပါဘူးနော်"

ဖယောင်းမြတ်မို တမင်ရွှတ်ပြီး ပါးစပ်ထဲ တွေ့ကရာ လျှောက်





ပြောလိုက်သည်။

ဖယောင်းမြတ်မို တမင်ပင် အရွဲ့တိုက် မေးလိုက်သည်။

"မရှိနိုင်ပါဘူး ရှင့် လိုက်ပို့တာကို မောင်က ဘယ်လိုလုပ်သိနိုင်မှာလဲ၊ သူက အိပ်ရာထဲမှာ လဲနေတဲ့ ဝေဒနာသည်လေ"

ညှန်းကလည်း တမင်ရွှတ်ပြီး ပါးစပ်ထဲ တွေ့ကရာလျှောက်ပြောလိုက်သည်။

ဖယောင်းမြတ်မိုထံမှ စုတ်တသတ်သတ်ဖြင့် အသံထွက်လာသည်။

"ကိုယ် စိတ်မကောင်းပါဘူး ညှန်းစက်ရယ်၊ ဒါနဲ့ ဘာရောဂါနဲ့ အိပ်ရာထဲ လဲနေတာလဲ"

"လေ လေဖြတ်တာ"

"ဩော် လေဖြတ်တာလား၊ လေဖြတ်တော့ ညှန်းကို ဘယ်လိုစကားများများပြောနိုင်မလဲ၊ ညှန်းလည်း တာဝန်ကြီးတာပေါ့၊ လူနာတစ်ဖက် အလုပ်တစ်ဖက်နဲ့ ဟို ဒါနဲ့ အိမ်မှာ အဖော်လေး ဘာလေး ခေါ်ထားဘူးလား"

"အဖော် ခေါ်မထားပါဘူး၊ ကျွန်မ အမေရှိသားပဲ၊ အဖော်ခေါ်ထားနိုင်လောက်အောင်လည်း ကျွန်မတို့က ချမ်းသာတဲ့ မိသားစုတွေ မဟုတ်ဘူး"

ညှန်းစက် စကားမပြောချင်ပေမယ့် သူ့ဘက်က ရိုးသားစွာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ စကားစမြည်-ပြောတာကို အလိုက်သင့် ပြန်မပြော၍က မကောင်း အိမ်ကို အမြန်ရောက်ပါစေဟုသာ ဆုတောင်းမိ၏။

ညသည် တဖြည်းဖြည်းနှင့် ပို၍ ပို၍ တိတ်ဆိတ်လာသည်

ညမီးတိုင်အောက်မှ တရိပ်ရိပ် မောင်းနေသော ကားထဲ ရင်ခုန်သံတွေနှင့် ပြောင်းဆန်နေကြသည်ကိုတော့ ည၏တိတ်ဆိတ်ခြင်း စောင့်ကြည့်နေ၏။

မာကျူရီ မီးတိုင်တစ်တိုင်အောက်က ဖြတ်တိုင်း ဝင်းဖန့်ပြ တင်းသော ညနှင်းစက်၏ မျက်နှာလုလုလေးကို ရှုမဆုံးအောင် နို ကြည့်နေမိသည့် ဖေယျာမြတ်ဗိုဏ်ဆန္ဒအမှန်သာဆိုလျှင် ထိုတ လုံးဝ မကုန်ဆုံးစေချင်။

■ ■ ■



## အခန်း (၁၅)

ညနှင်းစက် အိပ်ရာမှ နိုးနိုးချင်း ခြံထဲတွင် အမှိုက်တွေကို မှ်ပြီး တံမြက်စည်းလှည်းနေသော ကိုလူရှိုးကို တွေ့လိုက်၍ ပြတင်း ပေါက်လိုက်ကာတွေကို ကြိုးချည့်ရင်း ကိုလူရှိုး လုပ်ပုံကိုင်ပုံကိုငေးကြည့် နေမိ၏။

သူများအိမ်မှာ စေ့စေ့စီးစီး ခြံသန့်ရှင်းရေး လာလုပ်ပေးနေ သော ကိုလူရှိုး၏စေတနာကို ညနှင်းစက် အသိအမှတ်မပြုဘဲ မနေနိုင်။

"ဟင် အရင်က ခြေထောက်တစ်ဖက် ဆတ ဆတ ဖြစ်နေပါ သယ်၊ ခုကျတော့ အဲဒီလို မဖြစ်တော့ပါလား"

ညနှင်းစက် ခြံထဲတွင် ကိုလူရှိုး လမ်းလျှောက်နေပုံကို အသေ အချာ ဂရုတစိုက် ပြန်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ခုကျတော့ ဆတ ဆတ ပြန်ဖြစ်သွားပြန်ပြီ၊ စောစော
က ငါပဲ အမြင်မှားလို့လား"

တစ်ယောက်တည်း တီးတိုးဆိုကာ ဇဝေဇဝါဖြစ်နေသည်။

မီးရှို့ထားသော အမှိုက်ပုံရှိ ပြာပုံတွေကို ရေလောင်းရင်း လှည့်
ညနှင်းစက် သူ့အားကြည့်နေသည်ကို သတိထားမိသွားပြီး ညနှင်းစက်
ကို ပြန်မကြည့်မိအောင် စိတ်ကိုထိန်းကာ လုပ်စရာရှိသောအလုပ်ကိုသာ
ဆက်လုပ်နေလိုက်သည်။

"သမီး ဘာရပ်လုပ်နေတာလဲ၊ မျက်နှာသစ်လေ အမေ ဒေ
ကျည်းတန်ဆိုင်က နန်းကြီးသုတ်ကလေး ဝယ်ထားတယ်"

အမေ အနားရောက်လာပြီး မျက်နှာသစ်ဖို့ ပြောတော့မှ ညနှင်း
စက် ကိုလှရှိုးထံမှ အကြည့်တွေကို ပြန်ရုပ်လိုက်ပြီး

"အမေ ကိုလှရှိုးရဲ့ခြေထောက်က လမ်းလျှောက်ရင် ဆတ
ဆတနဲ့ သိပ်မသန်ဘူး မဟုတ်လား"

"အင်း ဟုတ်တယ် သမီး၊ သူ့ခမျာ ငယ်ငယ်ရွယ်ရွယ်နဲ့ ခြေ
တလေး ဖြစ်နေရှာတာပါကွယ်"

"စောစောက သမီးမြင်လိုက်တာကတော့ သူ့ခြေထောက်
ကောင်းနေသလားလို့"

"သြော် သမီးရယ် မနက်စောစောစီးစီး ပေါက်ကရက ပြေ





တော့မယ် သွား သွား မျက်နှာမြန်မြန်သွားသစ်"

ညနှင်းစက် အမေ့ကို ထပ်ပြီး စောဒကတက် မငြင်းချင်တော့
သဖြင့် နောက်ဖေးရေစည်ရှိရာသို့ မျက်နှာသစ်ရန် ထွက်လာလိုက်သည်။

ရေစည်ဖုံးပေါ်တွင် သွားတိုက်သွားပွတ်တံထဲ ဆေးအဆင်သင့်
ထည့်ပြီးသား ရေခွက်၊ ဆပ်ပြာခွက် အဆင်သင့်။

"အမေ နောက်တစ်ခါ သမီး သွားတိုက်ဖို့ အဆင်သင့်မလုပ်
ပေးထားပါနဲ့ အမေရာ၊ ဘဝအကျိုးပေး မကောင်းလို့ ဆင်းရဲနေရတဲ့
ကြားထဲ မိဘက ကိုယ့်ဝေယျာဝစ္စလိုက်လုပ်ပေးနေလို့ ဝရဲကပါ ထပ်ကြီး
မယ်၊ ဒီလောက်လေးကတော့ သမီးဖာသာ သမီး လုပ်နိုင်ပါတယ်"

အမေ နောက်ဖေး မီးဖိုခန်းဘက် ဝင်လာသည်။

"အဲဒါ အမေ ထည့်ပေးထားတာ မဟုတ်ပါဘူးအေ၊ မောင်လှ
ရှိုး ထည့်ပေးထားတာပါ၊ သမီးတင်မဟုတ်ဘူး၊ အမေ့သွားပွတ်တံထဲပါ
ဆေးထည့်ပေးထားတာ"

"အို မဟုတ်တာ ကိုလှရှိုးက ဘာလို့ အဲဒီလို လုပ်ရတာလဲ"

"သြော် အေ သူက စေတနာနဲ့ လုပ်ပေးတဲ့ဟာကို ဘာဖြစ်လို့
စောဒက တက်ရပြန်တာလဲ"

ကိုလှရှိုး အိမ်ဘေးမှပတ်ပြီး နောက်ဖေးဘက် ရေစည်နားလာ
ပြီး ခြေထောက်ဆေးသဖြင့် ညနှင်း ကိုလှရှိုးအား ပြောသင့်မပြောသင့်



www.burmeseclassic.com

www.burmeseclassic.com



ချိန်ဆနေရင်းမှ

"ကိုလူရှိုး နောက်ဆို ကျွန်မတိုက်မယ့် သွားပွတ်တံထဲ ဆေး ထည့်မပေးထားပါနဲ့ ကျွန်မ ကိုယ့်ဟာသာကိုယ် လုပ်နိုင်ပါတယ်၊ အသေး အမွှားလေးကစပြီး ကိုလူရှိုး လိုက်လုပ်ပေးနေရင် ဆုံးမှာမဟုတ်တော့ဘူး"

ညနှင်း ပြောသမျှကို ကိုလူရှိုး ခေါင်းတညိတ်ညိတ် လုပ်ပြီ သူ လုပ်စရာရှိသည်များကို ဆက်လုပ်၏။

ညနှင်းလည်း ဘာမှဆက်မပြောတော့ဘဲ သွားထိုင်တိုက်ေ လိုက်၏။

အတွေးနယ်ချဲ့ပြီး သွားတိုက်နေသော ညနှင်းစက်ကို ကြ ပြီး ကိုလူရှိုး တစ်ဖက်လှည့်ပြီး ပြုံးလိုက်သည်။

ကပိုကရိုပုံစံ ဆံပင်ဆုတ်ဖွားလေးနှင့် သွားထိုင်တိုက်နေသေ ပုံကို ကင်မရာသာရှိလျှင် ဓာတ်ပုံပင် ရိုက်ထားချင်တော့၏။

မျက်ဝန်းတောက်တောက် ရွဲရွဲကြီးတွေနှင့် ပြုံးလိုက်လျှင် ဘ တက်ကလေးပေါ်အောင် ပြုံးသည့် အလှပိုင်ရှင်မလေးအား လူရှိုး န သားမှာ ကမ္ဘည်းအက္ခရာတင်ထိုက်သူလို ထာဝရ ချစ်ခင်စုံမက်မိသည် သိပ်တော့ မဆန်းကြယ်ပါ။

သွားတိုက် ပလုပ်ကျင်းနေသော ညနှင်းကို ခိုးကြောင်ခိုး ကြည့်နေမိရာမှ ကြီးကြီးနှင်း မီးဖိုခန်းထဲမှ ထွက်လာ၍ လူရှိုး က





ဘတန်း မျက်နှာလွှဲလိုက်ရသည်။

"မောင်လူရှိုးရေ အမှိုက်တွေ ရှင်းပြီးပြီမဟုတ်လား၊ လက်ကို ဆပ်ပြာနဲ့ သေချာစင်အောင် ဆေးခဲ့လိုက်၊ ပြီးရင် မင်းနှမနဲ့အတူ နန်းကြီးသုပ် လာစားလှည့်"

ညနှင်းစက် ဆပ်ပြာဖြင့် မျက်နှာသစ်နေရင်းမှ လူရှိုးအား မျက်ခနဲ လှမ်းကြည့်သည်။ လူရှိုး မျက်နှာမှာ အားနာရိပ်တွေ ထင်းနေ ၍ ညနှင်းစက် ရိပ်မိ၏။

"ကိုလူရှိုး ဘာမှအားနာမနေနဲ့ တစ်ခါတည်း လာစားလိုက်"

ညနှင်းစက် ကိုလူရှိုးအားပြောပြီး အိမ်ထဲဝင်ခဲ့လိုက်သည်။ အခန်းထဲ ရောက်တော့ ပါးပေါ်သို့ သနပ်ခါးရေကျဲလေး ကပျာကသီ ပွတ်လိမ်းလိုက်ပြီး ကိုယ်ပေါ်မှ ညဝတ်အင်္ကျီကို လဲဝတ်လိုက်သည်။

အမေပြင်ပေးထားသော နန်းကြီးသုတ်စားရန် ထမင်းစားပွဲ ဆီသို့ လျှောက်လာတော့ လူရှိုး ထမင်းစားပွဲဘေးတွင် ခပ်ရိုရိုထိုင်နေ သည်။

"အမေရော စားပြီးပြီလား"

"အမေက ပဲနံပြားနဲ့ကော်ဖီ သောက်ပြီးသွားပြီ၊ လာ မောင် လူရှိုး လာစားလှည့်"

လူရှိုးပုံစံက နှင်းစက်နှင့်အတူစားရမည်ကို အားနာသလို ရှိ



www.burmeseclassic.com

www.burmeseclassic.com



သလို ဖြစ်နေမှန်း နှင်းစက် သိ၏။

"ကိုလူရှိုး အားမနာနဲ့ စားနော်"

နှင်းစက်၏ ရိုးသားဖြူစင်သော ဖော်ရွေမှုနှင့် စေတနာ လူရှိုး ခေါင်းတဆတ်ဆတ် ညိတ်ပြီး တုံ့ပြန်သည်။

အမေ နွေးထားသော ဟင်းခါးပူပူလေးကို လာချပေးရင်း

"ညက ဘယ်သူလိုက်ပို့တာလဲ သမီး"

"ဟိုတယ်က ကာစတန်မာတစ်ယောက်ပါ အမေ"

"ဖယ်ရီကားက ပျက်လို့လား"

"ဟင့်အင်း မပျက်ဘူး၊ အဲဒီ ကာစတန်မာနဲ့ စကားပြောနေ တုန်း ကားက လူစုံပြီထင်ပြီး ထွက်သွားတာ အမေရဲ့၊ အဖြစ်က မပြောချင် ဘူး၊ သမီးမှာ သူ့ကားကို မစီးချင်လို့ ကားငှားပြီးပြန်တာ ကားသမားက သမီးကို ရိသဲ့သဲ့တွေပြောတော့ သမီးလည်း ဆက်မစီးရဲတော့တာနဲ့ ကားကို အတင်းရပ်ခိုင်းရတယ်"

"ဟော့တော် အဲဒါနဲ့"

မိခင်ဖြစ်သူ စိုးရိမ်တကြီး ဖြစ်သွားသည်။

လူရှိုး နန်းကြီးအမှျင်တွေကို ဖွန်းဖြင့် ခက်ခက်ခဲခဲ ခပ်ယူနေ ရင်းမှ ညနှင်းစက် ပြောလာမည့်အကြောင်းအရာကို အလွန် စိတ်ဝင်စား စွာဖြင့် နားစွင့်နေ၏။





"တော်သေးတာပေါ့ အမေရယ်၊ အဲဒီ ဖေယျာမြတ်မို ဆိုတဲ့လူ က သမီးကို စိတ်မချလို့ သမီး ငှားလာတဲ့ကားနောက်ကနေ ကပ်လိုက် လာတာ၊ အတော်ဖြစ်သွားတယ်၊ အဟင်း နောက်ဆုံးတော့လည်း မစီး ဘူးလို့ တင်းခံထားတဲ့သူ့ကားနဲ့ပဲ ပြန်ရတာပါပဲ"

"သူက သမီးကို ကြိုက်နေလို့လား"

ညနှင်းစက် မိခင်အမေးကို ချက်ချင်း မဖြေသေးဘဲ ဟင်းခါး ပူပူလေးကို ခပ်သောက်လိုက်သည်။

"အင်း လက်ထပ်ခွင့်တောင်းတယ် အမေ၊ သမီးက ယောကျ်ား နဲ့တယ်လို့ ညာထားတယ်"

"ဘုရားရေ မဟုတ်က ဟုတ်က ပြောတော့မယ်အေ၊ ညည်းနှယ် အချို့ မိန်းမတွေများ ယောကျ်ားရှိရက်နဲ့တောင် သူတို့ကိုယ်သူတို့ အပျို လုပ်ချင်နေကြတာ၊ ညည်းကျမှပဲ ကိုယ့်အပျိုစင်ဂုဏ်လေးကို မြောင်းပုတ် ထဲ ပစ်ချရက်တယ် အံ့ပါရဲ့"

အမေ မကျေမနပ်ဖြင့် ဗျစ်တောက် ဗျစ်တောက် အပြစ်တင် သည်။

လူရှိုး သဘောကျမိသည်၊ ရိုးသားလွန်းလို့ တခြားတစ်ဖက်ကမ်း ရောက်နေသော မိန်းကလေး။ သူ့ကိုယ်သူ ဉာဏ်နှင့်ယှဉ်ပြီး အကွယ်နိုင်သည်။ လောကတွင် ညနှင်းစက်လို ရိုးသားသော မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေး သိပ်မရှိတော့။

"အမေ မသိပါဘူး အမေရယ်၊ ဘီယာလာသောက်ရင်း သမီးကို ပန်းကုံးတွေစွပ်၊ သရဖူတွေဆောင်းနဲ့ အလကား ပိုက်ဆံဖြုန်းတတ်တဲ့ ယောက်ျားမျိုးက သမီးကို လက်ထပ်ချင်တယ်ဆိုတော့ သမီးက ဘယ်လို ယုံကြည်မှုမျိုးနဲ့ လက်ထပ်ဖို့ ခေါင်းညိတ်ရမှာလဲ၊ သူ့ကိုသမီး လက်ခံလိုက်ရင် သူ့ဘေးမှာ သမီးရှိနေရက်နဲ့ နောက်ထပ် မိန်းကလေးကို ပန်းကုံးထပ်မစွပ်ဘူး၊ ခုလို မရှုပ်ဘူးလို့ ဘယ်သူ အာမခံနိုင်မှာလဲ"

ညနှင်းစက်၏ဖြေရှင်းချက် ဘောင်ဝင်နေ၍ မိခင်ဖြစ်သူ ထပ်ပြီး အပြစ်မတင်ရက်တော့။

သမီးဖြစ်သူ၏ လိမ္မာပါးနပ်မှုကိုပဲ ချီးကျူးရမလို ဖြစ်နေပြီ။

"အင်းလေ သမီးပြောတော့လည်း ဟုတ်သား"

"ဒီလောကက မိန်းကလေးတွေကိုဆိုရင် ယောကျ်ားတွေက အလိုလို အထင်သေးပြီး ကျောရရုံကြံချင်ကြတာ အမေရဲ့၊ သမီးတော့ ဘယ်ယောကျ်ားကိုမှ မယုံရဲဘူး၊ ဘယ်ယောကျ်ားကိုမှလည်း မချစ်ရဲဘူး"

လူရှိုး နန်းကြီးသုတ်ကုန်သွားသော ပန်းကန်ကို ဆေးရန် ထသွားသည်။

ညနှင်းစက်က မကုန်သေး၍ ဆက်စားနေ၏။

"အမေကတော့ သမီးကို တကယ် နှစ်နှစ်ကာကာ ချစ်မယ့်သူ





တွေ့ရင် အိမ်ထောင်ပြုစေချင်ပြီ သမီးရယ်၊ အမေက လောကထဲမှာ အလွန်ဆုံးဆက်နေရ နောက်ထပ် ဆယ်နှစ်ပေါ့၊ အမေ မရှိတော့ရင် လူ့လောကထဲမှာ သမီးတစ်ယောက်ထဲ ထားခဲ့ရမှာ စိတ်မချဘူး"

"ဟာ အမေကလည်း သမီး အိမ်ထောင်မပြုချင်သေးပါဘူး အမေရာ၊ သမီးအသက်က ခုမှ နှစ်ဆယ့်သုံးနှစ်ပဲ ရှိသေးတယ်၊ အမေ့ကို ဆောင် လုပ်ကျွေးလို့ မဝသေးဘူး"

"အမလေး အမေကလည်း ဟော့ဒီက အမေ့သမီးလေးကို နို့နံ့မစင်သေးတဲ့ အူဝဲမလေးလိုပဲ ချစ်လို့ မဝပါဘူးတော်"

"ချစ်လို့မဝရင် ထပ်ထပ်ပြီး ချစ်ပေါ့ အမေရ အဟင်း ဟင်း ဟင်း"

သားအမိနှစ်ယောက် ကြည်နူးခန်းလေးကိုကြည့်ပြီး လူရှိုးပါ ရင်မှာ လိုက်၍ ကြည်နူးနေမိ၏။

သိပ်ကို အပြစ်ကင်းစင်လွန်းတဲ့ မိန်းကလေးရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

အိမ်ရှေ့သို့ အနက်ရောင်ကားကြီးတစ်စီး ထိုးစိုက်လာသဖြင့် ဒေါ်နှင်းကြည် အိမ်ပေါက်ဝမှ အပြင်ကို ထကြည့်လိုက်သည်။

ဒီလောက် ကားအကောင်းစားကြီးက ဘာလို့ အိမ်ရှေ့တည့်တည့်မှာ လာရပ်ရသနည်း။ အိမ်ကိုလာတဲ့ဧည့်သည် မဟုတ်တာတော့ သေချာ၏။

ဒေါ်နှင်းကြည် တွေးနေရင်းမှပင် ကားတံခါး ဖျတ်ခနဲ ပွင့်လာသည်။

ကားပေါ်မှ ရုပ်ရည်သန့်ပြန့်သော လူရွယ်တစ်ယောက် ဆင်းလာ၏။ ဝတ်စားပုံကတော့ တကယ့် နိုင်ငံခြားမင်းသားစတိုင်ပဲဟု ဒေါ်နှင်းကြည် မှတ်ချက်ချလိုက်သည်။





ထိုသို့ မှတ်ချက်ချ တွေးတောနေတုန်းမှာ လူရွယ်လေးမှာ ဒေါ်နှင်းကြည်၏ခြံပေါက်ဝသို့ ဗမတ်ကျသော ပုံစံဖြင့် ခပ်ဖြည်းဖြည်း လျှောက်လာသည်။ ပြီးနောက် ခြံပေါက်ဝတွင် ရပ်ကာ ဒေါ်နှင်းကြည်အား ရည်မွန်စွာ ပြုံးပြသည်။

ဒေါ်နှင်းကြည် ခြံထဲဆင်းလာခဲ့လိုက်သည်။

''ဘယ်သူနဲ့တွေ့ချင်လို့လဲ ငါ့တူ''

''ဒါ ညနှင်းစက်တို့အိမ်နော်''

''ဟုတ်ပါတယ်ကွယ် တူလေးက ဘယ်သူပါလဲ''

''ဩော် ကျွန်တော်က သူ့မိတ်ဆွေပါ''

''ဩော် ဟုတ်လား ဝင်ပါကွယ်၊ သမီးကတော့ အလုပ်သွားပြီကွယ့် မရှိဘူး''

''ဟာ ဟုတ်လား၊ ကျွန်တော်က သူ့ကိုမီလို မိုကြားဆိုပြီး လာဝင်တွေ့တာ''

ဖေယျာမြတ်မို ကားထဲတွင် အရိပ်အခြေ လှမ်းကြည့်နေသော သတိုးကို လှမ်းပြီး မျက်ရိပ်ပြလိုက်သည်။

သတိုး လက်ဆောင်ထုပ်တွေ တစ်ပွေ့တစ်ပိုက်ဖြင့် ကားပေါ်မှ ဆင်းလာသည်။

''လာ လာ ဝင်ကြ သားတို့''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းစက် အိမ်ရှေ့ခန်းမှာ ဖျာကို ကပျာကယာ ခင်းလိုက်သည်။

ဖေယျာမြတ်မိုနှင့်သတိုး ဒေါ်နှင်းကြည် ခင်းပေးသော ဖျာတွင် ဝင်ထိုင်လိုက်သည်။

"ဒါနဲ့ သူ့အမျိုးသားရော နေကောင်းရဲ့လား အန်တီ၊ အဲ နေကောင်းရဲ့လားဆိုတာထက် သက်သာရဲ့လား ခင်ဗျာ"

"ဟေ ဘယ် ဘယ်သူ ဘယ်သူ့အမျိုးသား"

ဒေါ်နှင်းကြည် ဖေယျာမြတ်မို စကားကြောင့် ဇဝေဇဝါဟန်ဖြင့် ပြန်ပြီး မေးခွန်းထုတ်၏။

ဖေယျာမြတ်မို သတိုးကို ဖျတ်ခနဲ ကြည့်လိုက်သည်။

ပြီးနောက် တအံ့တဩ ဖြစ်နေသော ဒေါ်နှင်းကြည်ကိုကြည့်ကာ ခပ်ဖျော့ဖျော့ ပြုံးလိုက်ပြီး

"ဩော် ဒီလိုပါ အန်တီ၊ ကျွန်တော် မေးတာ ညနှင်းစက်ရဲ့ အမျိုးသား လေဖြတ်ဝေဒနာ ခံစားနေရတာ သက်သာရဲ့လားလို့ သိချင်လို့ပါ"

ဒီတော့မှ ဒေါ်နှင်းကြည် ပြုံးသည်။

"ဩော် ဒါက အဲ အန်တီ ဘယ်လိုပြောရမလဲတောင် မသိတော့ပါဘူးကွယ်၊ သမီးပြောသလို ငါ့တူတို့ထင်သလို အလိုက်အထိုက်





လိုက်ပြောလိုက်ရင် ရပေမယ့် အန်တီ ကံငါးပါးမလုံသလို ဖြစ်မယ်ကွယ့်"

"ဗျာ အန်တီ ဘာကိုဆိုလိုတာလဲခင်ဗျ။ ကျွန်တော် နားနည်းနည်း ရှုပ်သွားသလားလို့ပါ"

"ဒီလိုပါကွယ် တကယ့် အမှန်တရားက ငါ့တူတို့ထင်သလို အန်တီ့သမီးလေး နှင်းစက်မှာ ဘာအိမ်ထောင်မှ မရှိပါဘူး။ သူ ကျင်လည်နေရတဲ့ ပတ်ဝန်းကျင်က ယောက်ျားတချို့ရဲ့ အပျော်ကြံလိုစိတ်ကို ကာကွယ်တဲ့အနေနဲ့ သမီးလေးဟာ သူ့ကိုယ်သူ အိမ်ထောင်ရှိတယ်လို့ ညာပြောရတာပါကွယ်၊ အန်တီ့သမီးလေးက အိမ်ထောင်ပြုဖို့ မဆိုထားနဲ့ ချည်းစားတောင် မထားဖူးတဲ့ မိန်းကလေးပါကွယ်"

"ဩော် အန်တီပြောမှပဲ ကျွန်တော်လည်း ညနှင်းစက်ရဲ့ ရိုးသားတဲ့စိတ်ကလေးကို ပိုပြီးတော့တောင် လေးစားသွားမိတယ်၊ အန်တီ လောကမှာ ညနှင်းစက်လို ဖြူစင်ရိုးသားပြီး အပြစ်ကင်းတဲ့ မိန်းကလေးမျိုးက ရှားတယ် အန်တီ"

ဒေါ်နှင်းကြည် ရည်မွန်ဖော်ရွေပြီး စကားပြောသိမ်မွေ့ညင်သာသော ဖေယျာမြတ်မိုကို စိတ်ထဲမှာ ကြိတ်ပြီး သဘောကျသွားသည်။

ဒီလူငယ်လေးသာ ငါ့သားမက်လေး ဖြစ်လိုက်ရင် လူ့ဘဝမှာ ဘယ်ခါပြန် သေရမယ်ဆိုရင်လည်း သေဝံ့ပါတယ်။

"လာလက်စနဲ့ လူမမာသတင်းမေးဖို့ ဝယ်လာတဲ့ လက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ အန်တီ့အတွက်ပါ ဝယ်လာတဲ့ လက်ဆောင်တွေပါ အန်တီ''

သတိုးလက်ထဲမှ အထုပ်တွေကို ယူပြီး ဒေါ်နှင်းကြည် လက်ထဲကို ထည့်ပေးသည်။

''အို မဟုတ်တာကွယ် အန်တီ လက်မခံပါရစေနဲ့ အန်တီ့သားဆီက လက်ဆောင်တွေကို လက်ခံရင် သမီးလေး စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးရတယ်ကွယ်၊ ဒါကြောင့်အန်တီ လက်မခံပါရစေနဲ့ ကလေးတို့ရယ်''

ဒေါ်နှင်းစက် ငြင်းသည်။

''ယူပါ အန်တီ၊ ကျွန်တော့်အစ်ကိုက ညနှင်းစက်ကို လေးလေးစားစားနဲ့ ခင်မင်လို့ ခုလို တကူးတက လာပြီး လက်ဆောင်ဝယ်ပို့ပေးရုံသက်သက်ပါ။ မရိုးမသားစိတ် ဘာမှမပါရှိပါဘူးဆိုတာ ကျွန်တော် ပြောရဲပါတယ်''

သတိုးကပါ ဝင်ပြော၍ ဒေါ်နှင်းကြည် အတော် အခက်တွေ့နေရ၏။

''အေးကွယ် ငါ့တူတို့ကို အန်တီ ကျေးဇူးလည်းတင်ပါတယ် အားလည်း နာပါတယ်ကွယ်၊ ငါ့တူတို့ကို အန်တီ တစ်ခုခုနဲ့ ဧည့်ခံပါရစေ ခဏလေးနော်''

ဒေါ်နှင်းကြည် ထိုင်ရာမှ အားယူပြီး ထမည့်အလုပ်





''ဟာ အလုပ်ရှုပ်ပါတယ်၊ ဘာမှ မဧည့်ခံပါနဲ့၊ ကျွန်တော်တို့လည်း ခုပဲပြန်တော့မှာပါ''

''ဪ ပြန်တော့မှာလား''

''ဟုတ်ကဲ့ ပြန်တော့မယ် အန်တီ၊ ကျွန်တော်တို့ကို သွားခွင့်ပြုဦး''

ဖေယျာမြတ်မိုးနှင့်သတိုး ဒေါ်နှင်းကြည်အား နှုတ်ဆက်ပြီး အိမ်ပေါ်မှ ဆင်းလာခဲ့လိုက်ကြ၏။

လက်ဆောင်ထုပ်တွေကိုတော့ နှစ်ယောက်သား ပြန်ပေးနေမည်သာဖြင့် လှည့်ပင်မကြည့်ခဲ့ကြ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၇)

ညနှင်းစက် ဟိုတယ်မှအပြန်တွင် အိမ်၌ထူးခြားမှုတစ်ခု
မိခင်က စောင့်ကြိုနေလေသည်။

"ကဲ သမီးရေ အဝတ်အစားလဲ ပြီးရင် မေမေတို့ ထမင်း
ကြရအောင်"

"ဟင် မေမေ မစားရသေးဘူးလား"

ညနှင်းစက် အမေ့ဘေးမှာ ခြေပစ်လက်ပစ် ဝင်ထိုင်ရင်း အ
ရဲ့ အိတွဲနေသော လက်မောင်းသားကို ခပ်ဖြည်းဖြည်း ဆွဲရင်း မေး
သည်။

အမေ့ပုံစံက ညနှင်းစက်အား တစ်စုံတစ်ခု ပြောရန် အား
ပုံရသည်။ ညနှင်းစက်၏အရိပ်အခြေကို ကွက်ကြည့်ကွက်ကြည့်





"သမီးကို စောင့်နေတာ ပြောစရာလည်းရှိလို့"

"ဘာပြောမှာလဲ အမေ"

ညနှင်း စိတ်စောစွာဖြင့် မေးလိုက်သည်။ အမေ့မျက်ဝန်းမှာ တောက်ပသော အရိပ်တစ်ခု လှစ်ခနဲ ဖြတ်ပြေးသွားသည်။ အမေ့ နှုတ်ခမ်းတွင်လည်း ပြုံးယောင်အနည်းငယ်သမ်းနေသည်ဟု ညနှင်းစက် စိတ်ထဲ တွေးမိလိုက်သည်။

"ကဲပါ အဝတ်အစားပဲ အရင်သွားလဲလိုက်စမ်းပါဦး"

အမေ ညနှင်းစက်ကိုယ်လေးကို အတင်းတွန်းလွှတ်နေသဖြင့် အဝတ်အစားလဲရန် အခန်းထဲ ကပျာကသီ ဝင်ခဲ့ပြီး ညဝတ်အင်္ကျီတစ်စုံ နှင့် လဲလှယ်ဝတ်လိုက်သည်။

ပြီးနောက် မျက်နှာပေါ်မှ မိတ်ကပ်တွေကို ပြောင်စင်အောင် သစ်ချလိုက်သည်။

အေးမြသောရေ၏ အထိအတွေ့ကြောင့် နုံးခွေခွေ ဖြစ်နေသော အာရုံတွေ အနည်းငယ် ပြန်၍ လန်းဆန်းသွားသည်။

ပြီးနောက် ထမင်းစားရန် အဆင်သင့်စောင့်နေသော အမေ့ထံ သို့ ထွက်ခဲ့လိုက်၏။

ထမင်းစားပွဲနားရောက်သည်နှင့် မွှေးပျံ့သော ဟင်းနံ့ကြောင့် ညနှင်း ဗိုက်ပင်ပို၍ ဆာလောင်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာ သမီး-ထိုင်၊ အမေ ဟင်းတွေ ပြန်နွှေးထားတယ်၊ မု
လေး စားလိုက်"

ညှင်း အမျိုးစုံလင်နေသော ဟင်းခွက်တွေကြောင့် အမေ့
တစ်လှည့် ဟင်းခွက်တွေကိုတစ်လှည့် ကြည့်ရင်း ပြုံးစိစိ ဖြစ်သွားသည်

အမေ ဘာတွေ အကြံအဖန် လုပ်လိုက်ပြန်ပြီလဲ။

သီးစုံချဉ်ဟင်းကို ဇွန်းဖြင့် ယူခပ်သောက်လိုက်ပြီး အရသာ
လိုက်သည်။

"အမေ မနက်က သမီးချက်ခဲ့တာ ဒီဟင်းမဟုတ်ပါဘူးနော်"

အမေ့အား ခနဲ့တဲ့တဲ့လေး မေးလိုက်သည်။

အမေ ပဟေဠိဆန်ဆန် ပြုံး၏။

"ဘာပြုံးတာလဲ အမေရဲ့"

ညှင်း ရယ်ကျဲကျဲလေး မေးပြီး တို့စရာ ပန်းကန်ထဲမှ သ
သီး တစ်စိတ်ကို ယူဝါးလိုက်သည်။

"အမေ သမီးကို ဘယ်ကစပြောရမလဲ စဉ်းစားနေတာ

ညှင်း အမေ့အပြောကြောင့် ပခုံး ဆတ်ခနဲ တွန့်ကာ မျ
နှစ်ဖက်ကျုံ့လိုက်ပြီး

"ဘာလဲ အမေ သီးစုံကုလားဟင်း ချက်စားချင်တာနဲ့
ထိပ်နားက ဒေါ်ပုဆိုင်မှာ ငါးရံ့ခြောက် အကြွေးဝယ်ထားပြန်ပြီလား



"အို ကြံကြီးစည်ရာအေး၊ ကျုပ်က အကြွေးဝယ်ပါ့မလား၊ ဟွန်း
ပြောလိုက်တာ တဆုံးပဲ"

အမေ ခပ်ဆတ်ဆတ် ပြောသဖြင့် ညှင်း ခစ်ခနဲ ရယ်လိုက်
သည်။

"ဒါဆို ဘယ်က အချိုအချောင်ရလိုက်လို့ ထည့်ထားလိုက်တာ
လဲ"

"ဘယ်ကမှ မဝယ်ဘူး၊ အိမ်တိုင်ရာရောက် လက်ဆောင် လာ
ပေးတာ"

"ဟား တို့အမေ တယ်လန်းနေပါလား"

"ဘယ်ကပဲရရ သမီး ဗိုက်ဆာပြီ၊ စားတော့မယ် အမေရာ"

ညှင်း ထမင်းပန်းကန်ထဲသို့ ငါးခြောက်နှင့် သစ်သီးဖတ်တွေ
ကို ဆယ်ထည့်ပြီး နယ်ဖတ်စားလိုက်သည်။

ချဉ်ဟင်းကြိုက်၍လား မသိ။ ညှင်းစားလို့ ကောင်း၍ နောက်
ထပ်ပန်းကန်တောင် ထပ်ထည့်လိုက်သေးသည်။

အမေ ညှင်း အားရပါးရ စားနေသည်ကို ကျေနပ်ပီတိတွေ
နှင့် ကြည့်ပြီး ပြုံးနေသည်။

"အမေ စားလေ အစားနည်းလိုက်တာ"

ထမင်းဝါးနေသောအသံဖြင့် အမေ့ကို အားမလို အားမရဖြစ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။ အမေ စားနေပုံက တို့ကနန့်ဆိတ်ကနန့်။

"စားပါ အမေ၊ ညနေက အဆာပြေစားထားသေးတယ်၊ အိပ်ခါနီးနေတော့ အများကြီး မစားရဲတော့ဘူး"

"နောက်နေ့တွေဆို သမီးကို မစောင့်နဲ့နော်၊ ညနေ ခြောက်နာရီလောက်ဆို စားထားတော့ အဲဒီအချိန်စားမှ အစာအိမ်ထဲမှာ အစာကြေညက်လွယ်မှာ"

အမေ ဘာမှမပြောဘဲ ရေနွေးအိုးထဲမှ ရေနွေးအချို့ကို ပန်းကန်လုံးလေးထဲ ငှဲ့ထည့်ပြီး သောက်လိုက်သည်။

"အမေ သမီးကို တစ်ခုခုများ ပြောချင်နေသလား၊ အမေ့ပုံ နည်းနည်းထူးဆန်းနေသလိုပဲ"

"ဟုတ်တယ် အမေ သမီးကို ဘယ်ကစပြောရမလဲ စဉ်းစားနေတာ"

"အစက မပြောချင်လည်း အလယ်က ဖြတ်ပြောပေါ့ အမေရာ အလယ်က မပြောချင်ရင် ဇာတ်သိမ်းပိုင်းက စပြော"

ညနှင်းစက် ရွှတ်နောက်နောက် ပြောလိုက်ပေမယ့် အမေ မရယ်ပါ။

"နေ့လယ်က သမီးအလုပ်ထွက်သွားပြီး မကြာဘူး လူငယ်လေး တစ်ယောက် အဲ တစ်ယောက် မဟုတ်ဘူး၊ နှစ်ယောက် ကားအနက်ကြီးနဲ့





အိမ်ကို လာသွားတယ်"

"ဟင် ဘယ်လို ကားအနက်ကြီးနဲ့ လူငယ်လေးနှစ်ယောက် ဟုတ်လား"

ညှနှင်းစက် ရင်ထဲ ထိတ်ခနဲ ခုန်သွားသည်။

"ဟုတ်တယ် နှစ်ယောက်စလုံးက ပိုက်ဆံတော်တော် ချမ်းသာကြမယ့်ပုံပဲ၊ အဲ တစ်ယောက်ကတော့ အဖော်လိုက်လာတာနဲ့ တူပါရဲ့၊ လာလိုက်ကြတာ နိုင်ငံခြားက ကိုရီးယားမင်းသားတွေများ အမေ့ဆီ ရောက်လာသလား မှတ်ရတယ်"

"ဘယ်သူလဲ ဘယ်သူလို့ ပြောသွားလဲ အမေ"

ညနှင်းစက် နာမည်ကို အငမ်းမရ မေးလိုက်၍ အမေနားထင်ကို လက်ညှိုးနှင့် ကုတ်ခြစ်ပြီး မျက်မှောင်ကျုတ်ကာ စဉ်းစားနေဟန်ဖြင့်

"နေပါဦးအေ နာမည်က အဆန်းပါ၊ အဲ အမေတို့ခေတ်က မင်းသားကြီး ဇေယျာရဲ့နာမည်တော့ ပါတယ်အေ့ နောက်က နာမည်တော့ မမှတ်မိတော့ဘူး"

"ဇေယျာမြတ်မိုလား"

"ပြော် အေး ဟုတ်တယ်၊ အဲဒါကို စဉ်းစားမရတာ၊ အဲ အဲဒီ မောင်ဇေယျာမြတ်မို လာသွားတာ၊ ဝယ်ခြမ်းလာတဲ့ လက်ဆောင်တွေနဲ့ လူမမာ သတင်းမေးတဲ့ ဓာတ်စာတွေကလည်း မနည်းပဲအေ့၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအထဲမှာ ဟော့ဒီ ငါးရံ့ခြောက်လေးလည်း ပါတယ်''

''အဲဒါနဲ့ အမေလည်း တစ်ရက်တည်းနဲ့ ငိုက်ခနဲ ပါသွားတော့တာပဲ၊ ငါးရံ့ခြောက်စားရလို့ မဟုတ်လား အမေရဲ့''

BURMESE CLASSIC .com

ညနှင်းစက် ခပ်မဲ့မဲ့လေး ပြောလိုက်သည်။

''ဒီလိုတော့လည်း မဟုတ်ပါဘူးအေ၊ ဒါပေမဲ့ ငါးရံ့ခြောက်ကလေးကို ဆီရွှဲနေအောင်ဆမ်းပြီး ထမင်းရေဆမ်းနဲ့ စားချင်တဲ့ အာသီသ ပြင်းပြနေတာလည်း ကြာပြီလေ သမီးရယ်၊ ဒီတော့ အမေလည်း ဘယ်ငြင်းရက်ပါတော့မလဲ၊ အဟင်း ဒီနေ့ အမေ ချဉ်ခြင်းကလေး ပြည့်သွားတော့ ဘာပဲဖြစ်ဖြစ် ကျေနပ်တာပေါ့၊ သူ့ရဲ့စေတနာနဲ့ သဒ္ဓါတရားလေးလည်း ပြည့်ဝသွားတာပေါ့ကွယ်၊ အဟင်း ကောင်ရလေးက ငါ့သမီးဆီကို လာတာ ရိုးသားတဲ့အကြောင်းပြချက်နဲ့ပါအေ၊ လူတစ်ဖက်သားကို သိပ်လည်း ဒေါသထွက်မနေပါနဲ့၊ သူလာတာ ညည်းရဲ့ ရှိမလာသေးတဲ့ လူမမာ ယောကျ်ားကို သတင်းလာမေးတာအေ့''

ဒီတော့မှ ညနှင်း အပိအပြင် လိမ်ထားသည်ကို သတိရသွား၏။

''ဟယ်တော့ အမေ သူ့ကို ဘယ်လိုပြောလိုက်လဲ၊ အမှန်အတိုင်း ပြောလိုက်ပြီလား''

ညနှင်း မျက်စိမျက်နှာပျက်ဖြင့် မိခင်ကို အငမ်းမရ မေးလိုက်သည်။





''ဩော် အမေက လူကြီးလေ၊ ကိုယ့်သမီး အပျိုနုနုထွတ်ထွတ်လေးကို ယောကျ်ားရှိပါတယ်၊ သူ့ယောကျ်ားက လေဖြတ်နေပါတယ်လို့ ဘယ်လိုပြောမလဲ၊ အလကားနေရင်း မုသာဝါဒကံ အထိုက်မခံနိုင်ပါဘူး''

''ဟာ သွားပါပြီ အမေရာ၊ အမေလုပ်တော့မှ သမီး ဒေါင်းမဖြစ်ပါပြီ''

ညနှင်း သူ့နဖူးကိုသူ့မနာကျင်အောင် ဖတ်ခနဲ ခပ်ဖျော့ဖျော့ရိုက်လိုက်ပြီး စိတ်ပျက်လက်ပျက် ညည်းညူလိုက်သည်။

''အိုအေ အမေ အမှန်အတိုင်း ပြောတာနဲ့ ညည်းက ဘာကြောင့် ဒေါင်းမဖြစ်ရပြန်ပြီလဲ''

''ဖြစ်မှာပေါ့ သမီးကတော့ ရှေ့ကနေ လှလှပပလေး ကပြီး လိမ်သွားတယ်၊ အမေ့ကြောင့် အနောက်က ဟောင်းလောင်းပေါ်နေရပြီလေ''

ရှုပွရှုပွဖြင့်ပြောသော ညနှင်းစက်၏ မခံချိမခံသာပုံကိုကြည့်ပြီး အမေ သဘောတကျဖြင့် ရယ်၏။

ညနှင်းမှာသာ သူ လက်ဆောင်ပေးသော ငါးရံ့ခြောက်သီးစုံဟင်းမှာ ဗိုက်ထဲရောက်သွားနေပြီဖြစ်သည့်အတွက်ကြောင့် ရင်ထဲမှာ အီလည်လည်ကြီး ဖြစ်နေသည်။

အန့်ထုတ်ရအောင်လည်း မဖြစ်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကြောင့်တော့ ညနှင်းစက်၏ လိမ်လည်မှုကြောင့် ကျဆင်းသွားသော သိက္ခာတရားနှင့်တန်ဖိုး ဘယ်ဌာနေမှာ ပြန်၍ ကောက်ရမှန်း မသိတော့။

ခက်လိုက်ပါဘိ စိတ်ထဲမှာ သူ့ထက် တစ်ကွက်ကြိုမြင်တတ်သော ဖေယျာမြတ်မိုကိုသာ ဒေါသထွက်မိ၏။

ဒါပေမဲ့ ညနှင်းစက် ရင်ခုန်နေသည်။

■ ■ ■



## အခန်း (၁၈)

"ညနှင်းစက် ဒီနေ့ညနေ ခြောက်နာရီမှာ MD နဲ့အတူ ဒင်နာပွဲတက်ရမယ်၊ ဒါကြောင့် ဒီနေ့ဖျော်ဖြေရေး နားရမယ်"

ကိုဝင်းအောင်၏ အမိန့်ဆန်သော အလုပ်သဘောအရ အော်ဒါပေးမှုကြောင့် ညနှင်းစက် ကျောထဲမှာ ဖျဉ်းခနဲ ဖြစ်ရလောက်အောင်ပင် စိတ်ထဲမှာ မကြည်မလင် ဖြစ်သွားမိ၏။

"ဒီဟိုတယ်မှာ တခြားဌာနတွေက အမျိုးသမီးတွေလည်း ရှိရဲ့သားနဲ့ ဘာဖြစ်လို့ ကျွန်မကိုမှ ရွေးပြီး ဒင်နာတက်ခိုင်းရတာလဲ ကိုဝင်းအောင်ရယ်၊ နောက်ပြီး သီချင်းဆိုဖို့အတွက်ပဲ ဝတ်စုံထည့်လာတာ၊ ဒင်နာပွဲတက်မယ့် ဝတ်စုံ မပါဘူး၊ ရှိလည်း မရှိဘူး"

ညနှင်းစက် ဆင်ခြေပေးသလိုနှင့် အကြောင်းပြချက်ရှာပြီး



www.burmeseclassic.com

www.burmeseclassic.com



မလိုက်ရအောင် ကြိုးစားကြည့်သည်။

"ပွဲတက်ဝတ်စုံအတွက် ဘာမှမပူပါနဲ့ အမ်ဒီက မင်းနဲ့လိုက်ဖက်မယ့် ဝတ်စုံကိုပါ တစ်ခါတည်း စီစဉ်ပေးထားတယ်၊ ရော့ အဲဒီအထဲက အဆင်ပြေမယ် လိုက်ဖက်မယ်ထင်တဲ့ ဝတ်စုံကို ရွေးပြီး ဝတ်ထား၊ အခု ငါးနာရီခွဲပြီဆိုတော့ တအောင့်နေရင် ဟိုတယ်ရှေ့ကို ကားလာကြိုလိမ့်မယ်၊ အမ်ဒီနဲ့မင်းနဲ့ ဒင်နာပွဲကို အတူသွားရမယ်"

"ကျွတ် စိတ်ညစ်ပါတယ်"

ညနှင်းစက် ခပ်တိုးတိုး ညည်းညူလိုက်သည်။

"အဲလုပ်သဘောအရမို့ မင်းမှာငြင်းပိုင်ခွင့် မရှိဘူး၊ ဒါပဲ·ခုချက်ချင်း အဝတ်အစားလဲပြီး အဆင်သင့်စောင့်နေပါ"

ကိုဝင်းအောင် သူပြောချင်ရာတွေကို တရစပ် ပြောပြီး နားနေခန်းထဲမှ ထွက်သွား၏။

ကိုဝင်းအောင် ထွက်သွားပြီးနောက် ခေးခေးတို့ ဒါလီတို့ ညနှင်းစက်ဘေးမှ ကိုဝင်းအောင် ချပေးသွားသော စက္ကူလက်ဆွဲအိတ်တွေဆီသို့ စုပြုံ၍ ရောက်ရှိလာသည်။

"ဝါး လှလိုက်တဲ့ ဝတ်စုံတွေဟယ်၊ တော်တော်လေး ဈေးကြီးမယ့်ပုံပဲဟယ်"

ဒါလီ အင်္ကျီလေးကို သူ့ကိုယ်မှာ ကပ်ကြည့်ပြီး ကိုယ်လုံးပေါ်





မှန်ကြီးရှေ့မှာ ရပ်လိုက်သည်။ မျက်နှာမှာလည်း ညနှင်းစက်ကို အားကျမိသော အရိပ်တွေ ထင်ဟပ်နေ၏။

"နှင်းစက်ရယ် ငါ့သူငယ်ချင်းက ငါတို့အဖွဲ့ထဲမှာ ကံအကောင်းဆုံးပဲဟဲ့၊ MD နဲ့ ဒင်နာအတူတက်ခွင့်ရတဲ့ အခွင့်အရေးက တော်ရုံမိန်းမမျိုး မရနိုင်ဘူးနော်၊ နင်မို့လို့ ရတာပဲဟဲ့"

ခေးခေး သူငယ်ချင်းအတွက် ဂုဏ်ယူနေမိ၏။

"ဟုတ်တယ် နှင်းစက်၊ နင် ဒီအခွင့်အရေးကို ပုတ်ထုတ်လို့ မရဘူးနော်၊ ဟိုတယ်တစ်ခုလုံးမှာရှိတဲ့ ဝန်ထမ်းတွေအားလုံးက ငါတို့ အဆိုဌာနက မိန်းကလေးတွေဆိုရင် မတူသလို မတန်သလိုနဲ့ အမြဲတမ်း နှိမ့်နှိမ့်ချချ ဆက်ဆံတယ်၊ ခုလိုမျိုး MD က ငါတို့အဆိုရှင်ပိုင်းမှာ အလှဆုံးဖြစ်တဲ့ နင့်ကိုမှရွေးပြီး ဒင်နာတက်ခွင့်ပေးတယ်ဆိုတာ သူတို့သိရင် ဘယ်လောက်တောင် ဂျေဝင်လိမ့်မလဲ"

စုလှိုင်ကပါ မခံချင်စိတ်ဖြင့် ဝင်ပြော၏။ ခုကျတော့လည်း အားလုံးက ညနှင်းအပေါ်မှာ လိုလိုလားလားနှင့် ဂုဏ်ယူနေကြသည်။

ဂုဏ်မယူနိုင်တာက ညနှင်းစက်ကိုယ်တိုင်ပင် ဖြစ်သည်။

"ငါ စိတ်မပါဘူးဟယ်၊ သူ့ပုံစံနဲ့သူ့အကြည့်စူးစူးတွေက ငါ့ဆီက တစ်ခုခုလိုချင်လို့ အသာငမ်းငမ်း တောင်းခံနေတဲ့ပုံစံကြီးဟ၊ MD ရုပ်ကြီးကိုမြင်ရင် ငါ ငါ ကြက်သီးထတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက နင့်ဘက်က တစ်ဖက်သတ် စိုးရိမ်နေတာပဲ နှင်းစက်ရယ်၊ MD က သူ့ဂုဏ်သိက္ခာကို မထောက်ဘဲနဲ့ ဒင်နာကအပြန် နင့်ကို တစ်နေရာခေါ်သွားပြီး အတင်းအဓမ္မ မကျင့်လောက်ပါဘူး၊ MD ဘက်က ငါ ရဲရဲကြီး အာမခံရဲတယ်"

ဒါလီက လက်မလေးတထောင်ထောင်ဖြင့် MD ဘက်က ရှေ့နေလိုက်ပေးသည်။

"ဘာလဲ နင့်လူ ဖေယျာမြတ်မို့ လာရင် နင်နဲ့မတွေ့မှာစိုးလို့ လား"

ခေးခေးက နှစ်ကိုယ်ကြားကပ်မေး၏။

"မဟုတ်ပါဘူး ဟယ်၊ ငါ ငါကိုယ်တိုင်ကိုက ဒင်နာပွဲ တစ်ခါမှ မတက်ဖူးဘူးလေ၊ ဟိုရောက်မှ လူပုံအလယ်မှာ မတ်တပ်မသောက်တတ်နဲ့ တစ်ခုခု မှားယွင်းရင် ငါပဲ အရှက်ရရမှာလေ၊ MD လည်း မျက်နှာပျက်ရမယ်"

"အမလေး ဘာမှတွေးပြီး ပူမနေနဲ့၊ နင့်ရုပ်က လန်းပြီးသား ဟိုရောက်ရင် အားလုံး အဆင်ပြေသွားလိမ့်မယ်"

သူငယ်ချင်းတွေ တိုက်တွန်းအားပေးတာရော မဖြစ်မနေ သွားရမယ့် အခြေအနေမှာရော ဆုံသွားသည့်အတွက် ညနှင်းစက် စိတ်ကို ရဲဆေးတင်လိုက်သည်။

■ ■ ■



BURMESE CLASSIC .com

## အခန်း (၁၉)

ညမီးရောင်တွေဖြင့် ထိန်လင်းနေသော အိမ်ကြီးတစ်အိမ်၏ ခြံထဲသို့ ကားကို ချိုးကွေ့ဝင်လိုက်သည်နှင့် ညနှင်းစက် ရင်တွေ တဒိတ်ဒိတ်နှင့် အခုန်မြန်လာသည်။

ဒင်နာပွဲလည်း ဆိုသေးသည်။ လူအရိပ်အခြေလှုပ်ရှားမှု လုံးဝ မတွေ့ရသော ဆိတ်ငြိမ်သော နေရာတစ်ခုဖြစ်နေ၍ ညနှင်းစက် အမ်ဒီ အပေါ်မှာ အနည်းငယ်သော သံသယဝင်လာမိသည်။

"ဟို ကျွန်မတို့ဒင်နာပွဲကို သွားရမှာဆို"

ဇိမ်ခံကားကြီး၏နောက်ခုံတွင် နှစ်ယောက်အတူ ထိုင်လိုက်လာရင်း ညနှင်း ခပ်တိုးတိုး မေးလိုက်သည်။

"ဟုတ်တယ်လေ ညနှင်းစက် ကိုယ်မင်းကို ဒင်နာပွဲတစ်ခုဆီ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာတာ အဲဒါ အမှန်ပဲ၊ ဘာဖြစ်လို့ မေးတာလဲ''

''ဟို ဘာ ဘာမှမဖြစ်ပါဘူး၊ ကျွန်မ သိထားတဲ့ဒင်နာပွဲရှိတဲ့ နေရာတွေက ခုလို တိတ်ဆိတ်မနေဘူးလေ''

''ဪ ဒါလား အင်းလေ ခုရှင်းပြနေလည်း မင်း နားလည်မှာ မဟုတ်ဘူး၊ အထဲရောက်မှ ဘယ်လိုဒင်နာပွဲလဲဆိုတာ မင်း သိရမှာပေါ့''

ကားကို အိမ်ကြီး၏ပေါ်တီကိုအောက်သို့ ငြိမ့်ခနဲ ထိုးရပ်လိုက်သည်။

ကားဒရိုင်ဘာကြီး ကားပေါ်မှဆင်းကာ MD ဘက်မှကားတံခါးကို အမြန်ဖွင့်ပေးပြီး ညနှင်းစက်ဘက်သို့ ခပ်သွက်သွက်ပြန်လျှောက်လာကာ ကားတံခါးကို ဖွင့်ပေးသည်။

''ကဲ ဝင်ပါ ညနှင်းစက်''

MD ကို ခေါင်းညိတ်ပြပြီး ညနှင်းစက် MD နောက်မှ ခပ်ရှိန်ရှိန် လိုက်ဝင်လိုက်သည်။

အိမ်ကြီး၏ ခမ်းနားကြီးကျယ်မှုက ညနှင်းစက်အတွက်တော့ တမေ့တမော ငေးမောချင်စရာ။

ဧည့်ခန်း၏ခေတ်မီအသုံးအဆောင်ပစ္စည်းတွေအားလုံး ထိရက်တို့ရက်စရာမရှိအောင် ခေတ်မီလှပပြီး သန့်ရှင်းတောက်ပြောင်၍ နေ

MD ဝင်သွားရာ တခြားအခန်းသို့ ညနှင်းစက် လိုက်ဝင်လိုက်





သည်နှင့် အေးစိမ့်သော အထိအတွေ့နှင့် မွှေးရနံ့တစ်ခုကို သတိထား ရှိက်မိလိုက်သည်။

မှန်တွေဖြင့်သာ ကာရံထားသော ဧည့်ခန်းမကျယ်ကြီးအလယ် ၌ စားပွဲဝိုင်းတစ်ခုကို အစားအသောက် စုံလင်စွာဖြင့် ထည့်ဝါစွာ ပြင်ဆင်ထားလိုက်ရ၍ ညနှင်းစက် MD ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

ဘယ်သူမှ မရှိသေးတာလား၊ မရှိဘာလားဆိုတာ မရေရာသော ဒင်နာပွဲကို ညနှင်းစက် တစ်ယောက်တည်း ရင်ဆိုင်ရမှာလားဆိုသည့် သော။

'' MD ဧည့်သည်တွေ မရောက်သေးတာလား''

''ရောက်ပြီလေ၊ ဒီည ဒင်နာပွဲရဲ့အထူးဧည့်သည်က မင်းပဲပေါ့''

နှုတ်ခမ်းမွှေး တလှုပ်လှုပ်နှင့် အမြင်ကတ်ချင်စရာကောင်း အောင် နူးညံ့ပြလွန်းနေသော MD စကားကြောင့် ညနှင်းစက် စိတ်ရှုပ် သွားသည်။ ကိုယ့်အသက်အရွယ်ကိုမှ အားမနာ။

ဘာသဘောနှင့် ညနှင်းကို အနှောင့်အယှက်တွေ ပေးနေတာလဲ ဆိုသော MD ကို အာခေါင်ခြစ်၍ အော်ဟစ်လိုက်ချင်ပါ၏။

ညနှင်း မျက်နှာပေါ်မှာ ဒေါသရိပ် မထင်အောင် စိတ်ကို ချုပ်လိုက်သည်။ ဒီအချိန်မှာ အများတစ်ခုခု မလုပ်မိဖို့ အရေးကြီးဆုံး ဖြစ်သည်။ အမှားလုပ်မိ၍ကတော့ ညနှင်းအတွက် ထွက်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



မရှိနိုင်။

"ကဲ ထိုင်ပါ ညနှင်းစက်"

ညနှင်း မဝံ့မရဲနှင့် ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

MD ညနှင်းစက်နှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်

"ဒီစားပွဲပေါ်က အစားအစာတွေအားလုံး အနောက်

အစားအစာတွေချည်းပဲ၊ စားလိုက်ပါဦး ညနှင်းစက်၊ မင်း ခံတွင်

မှာပါ"

ညနှင်း ဒီအခြေအနေရောက်နေမှတော့ ကြောက်စိတ်

ထုတ်မပြတော့တဲ့ အနည်းငယ် ယိုင်ချင်နေသော စိတ်တွေကို ထိန်း

သည်။

ထို့နောက် ဓားနှင့်ခက်ရင်းကို သေသပ်ကျနစွာ ကိုင်တွယ်

ပြီး ကိုယ့်ရှေ့မှာ အသားတုံးကို ခက်ရင်းနှင့်ထောက်ပြီး ဓား

ခပ်ပါးပါးလှီးလိုက်သည်။ ပွဲကျလာသော အသားဖတ်ကို ခက်

ထိုးကာ စားလိုက်၏။

"မင်းက အစားစားလည်း ကိုယ့်မျက်စိထဲ လှနေတာ

"ရှင်"

နှုတ်မှသာ ရှင်ဟု အာမေဍိတ်သံ ပြုလိုက်ပေမယ့် စိတ်

တော့ တဏှာရူးကြီးဟု ခပ်ပျစ်ပျစ် ဆဲလိုက်သည်။





"ဟုတ်တယ် ကိုယ့်အတွက်တော့ လောကကြီးက ဖန်ဆင်းပေး

လိုက်တဲ့ နတ်သက်ကြွေ အိနိဂျယ်လေး တစ်ယောက်ပဲ"

ညနှင်းစက် မသိမသာလေး မဲ့လိုက်သည်။

ရုပ်ကြမ်းကြီးနဲ့ လာနေနေသေးတယ်။

"ကိုယ် မင်းကို သီးသန့်ဒင်နာပွဲလေးလုပ်ပြီး ခုလို တွေ့ဆုံပွဲ

လေး လုပ်ရတဲ့အကြောင်းအရင်းကို မင်း သိလား၊ သိချင်လား ညနှင်း

စက်"

ညနှင်းစက်က ရမ္မက်တွေ ထန်နေသော အကြည့်ဖြင့် ကြည့်ပြီး

လာသော MD မေးခွန်းကို ညနှင်း ကောင်းကောင်းကြီး ဖြေနိုင်ပေမယ့်

ဖြေချင်။ သို့သော် မဖြေ၍ မရ၊ အလိုက်အထိုက်တော့ ပြောဆိုဆက်ဆံ

ဦးမည်။

"ဟင့်အင်း ဒါက MD ပဲ ကျွန်မထက် ပိုသိမှာပါ၊ ကျွန်မက

တော့ MD ကျွန်မကို ဒင်နာဖိတ်ကျွေးတယ်ဆိုတာလေးပဲ သိတယ်၊

ဆက်ပိုပြီး ဘာမှမသိချင်ဘူး၊ သိဖို့လည်း မလိုအပ်ဘူးလို့ ထင်တယ်"

ညနှင်းအသံက နူးညံ့သိမ်မွေ့သယောင်နှင့် အေးစက်မာကျော

"ဟာ သိပ်လိုအပ်တာပေါ့ ညနှင်းစက်ရယ်၊ ကိုယ့်ရင်ထဲက

နှလုံးသားတွေကို ပတ်သက်ပြီး ခံစားနေရတဲ့ ဝေဒနာတွေကို ကြေညာချင်လို့ခုလို



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့နှစ်ကိုယ်ကြား တွေ့ဆုံပွဲလေး လုပ်တာပေါ့"

MD သူ၏နှုတ်ခမ်းမွှေးကိုသပ်သပ်ပြီး အရွယ်နှင့်မမျှသော… စကားတွေ ပြောနေပုံက ညှင်းစက် ရင်ထဲ အော်ဂလီဆန်ချင်စရာ…

ညှင်းစက်လို မော်ဒယ်ရှုံးအောင် လှပညှို့မှုံးနေသော မိ… ကလေးနှင့် သူ့လို သက်ကြီးရွယ်အိုကြီး တွဲသွားလို့မှ အမြင်မတင့်… တာ သိသိကြီးနှင့် MD ဘာကြောင့် လောဘတွေကြီးပြီး ညှင်းဆီ… အချစ်ကို လိုချင်နေရတာလဲ။

နွားအိုမြက်နုကြိုက် ဆိုသလို ဖြစ်နေပြီ။

"ကိုယ် မင်းကို ချစ်တယ် ညှင်းစက်၊ ဒါကြောင့် မင်း… လက်ထပ်ပါရစေ"

MD သူ့ကုတ်အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်… ညှင်းစက်နားသို့ လျှောက်လာ၏။

ပြီးနောက် ကတ္တီပါဘူး အပြာရောင်လေးကို ဖွင့်ပြီး ညှင်း… ရှေ့မှာ ချပေးလိုက်သည်။ စိန်ရောင်လက်နေသော လက်စွပ်လေး… ကွင်း။

"ဒီ စိန်လက်စွပ်လေးက မင်းကို ချစ်ခွင့်ပန်တဲ့အထိမ်းအ… နဲ့ပေးတာ၊ ဒီမှာလုပ်တဲ့ ဒီဇိုင်း မဟုတ်ဘူး၊ အီတလီကနေ မင်းအ… အောင်ဒါ လုပ်းမှာထားတာ၊ အင်း ကာလတန်ဖိုးကိုပြောရရင် …





…ဆယ်လောက်ကျတယ်"

ညှင်းစက် ရင်ထဲမှာပင် တိတ်တဆိတ် အံ့သြလိုက်သည်။

"ကျွန်မ အဲဒါတွေ မလိုချင်ပါဘူး MD "

"မငြင်းလိုက်ပါနဲ့ နှင်းစက်လေးရယ် နှင်းစက်ကလေးက ဒီ …တန်ဖိုးနည်းတဲ့ပစ္စည်းကို ငြင်းနေမယ်ဆိုရင် နောက်ထပ် ချစ်သူ …ဖြစ်လို့ ဒီထက်တန်ဖိုးကြီးတဲ့ ပစ္စည်းတွေဆိုရင် ဘယ်လိုလုပ်မလဲ၊ …ကိုယ်က နှင်းစက်လေးအတွက် လက်ဝတ်ရတနာတွေကို ခုကတည်းက …မှာထားတာ"

MD နှင်းစက်ကို မက်လုံးပေးပြီး နှင်းစက် ရင်ထဲက အချစ် …ကို ဖြားယောင်းသွေးဆောင်နေသည်။

"ဟင့်အင်း ကျွန်မ လက်ဝတ်ရတနာတွေ ဝတ်ရတာ ဝါသနာ …ဘူး၊ ဝတ်လည်း မဝတ်တတ်ဘူး၊ ဒီပစ္စည်းကို တခြားမိန်းကလေးတွေ …ပေးလိုက်ပါ"

MD မျက်နှာ ညှိုးသွားသည်။ သက်ပြင်းခပ်ကြမ်းကြမ်း ချလိုက် …သည်။

"ကိုယ့်ကို ခံစားချက်ရင့်ရင့်ငှ … ဖြစ်အောင် မလုပ်ပါနဲ့ နှင်း …စက်ကလေးရယ်၊ ဖြစ်နိုင်မယ်ဆိုရင် ကိုယ့်ကို စဉ်းစားပေးပါ၊ ကိုယ့်ဘဝ …နှင်းစက်ကလေးကို ချစ်မိတဲ့အချစ်မျိုးနဲ့ ဘယ်မိန်းကလေးကိုမှ မချစ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူးဘူးဆိုတာ ကိုယ် ကျိန်ပြောရဲတယ်''

အပြတ်ကြွေပြနေသော ယောက်ျားရင့်မာကြီးတစ်ယောက် ရှေ့မှာ ရင်ထဲက ဗလာနှင့် ခံစားချက်မဲ့နေသော နှင်းစက် အားနာစိတ်ဖြစ်မိတာတော့ အမှန်။

သို့သော် ရင်ဘတ်ထဲက ရင်ခုန်သံက MD အတွက် ဘယ်လိုတုံ့ပြန်ချက်မှ မပေးတာတော့ နှင်းစက်လည်း ဘာမှမတတ်နိုင်။

အချစ်ဆိုတာ လုပ်ကြံဖန်တီးလို့ရတဲ့ အရာမှမဟုတ်တာ။

''ဒါပေမဲ့ ကျွန်မ MD ကိုဘယ်လိုမှ ချစ်လို့မရဘူး MD ဒါကြောင့် MD ပစ္စည်းကို ပြန်သိမ်းထားလိုက်ပါ''

တွေဝေသော အကြည့်တစ်စုံကို ညနှင်းစက် မျက်နှာ လွှဲနေလိုက်၏။

■ ■ ■



## အခန်း (၂၀)

''သမီးရေ အိမ်ရှေ့မှာ မောင်ဖေယျာ ရောက်နေတယ်ကွယ်''

ဟိုတယ်သွားရန် ရေမိုးချိုး ဖြီးလိမ်းပြင်ဆင်နေသော ညနှင်း အဝတ်အစားလဲနေရင်းမှ နှုတ်ခမ်းစူသွားသည်။

အိမ်ကို လက်ဆောင်တွေ လာပေးသွားပြီးကတည်းက ညနှင်းဆီသို့ လုံးဝ မလာသော ဖေယျာမြတ်မိုအား ညနှင်းစက် ဘာကြောင့်မှန်းသိ အနည်းငယ်စိတ်ဆိုးနေမိသည်။

တကယ်ဆို သူ ညနှင်းဆီကို လာသင့်တယ်လေ။ ဒီကတော့ သူ့ကို တိတ်တဆိတ် မျှော်နေမိတာ။ ဖေယျာမြတ်မိုအပေါ် သံယောဇဉ် ရေ တိတ်တိတ်ကလေး တက်ခဲ့မိသည်။

မိန်းကလေး ဖြစ်နေလို့သာ ရှိုစုမဲ့စု မာနလေးကို သူ အခွင့်



www.burmeseclassic.com

www.burmeseclassic.com



မသေးအောင် တည့်ဆောက်ပြနေရခြင်း ဖြစ်သည်။

"ဟဲ့ သမီး အမေ ပြောတာ ကြားရဲ့လား၊ ဘာတွေ ဒီလောက်

အတွေးချော်နေတာလဲ"

အမေ့အသံ တိုးဝင်လာသဖြင့် အတွေးတို့ ရုတ်ခနဲ ခုန်ထွက်

သွားပြန်သည်။

"အင်း သိပါတယ် အမေရဲ့၊ သိလို့နည်းနည်း စိတ်ရှုပ်သွား

တာ"

"စိတ်ရှုပ်တာတွေ ဘာတွေ လုပ်မနေနဲ့၊ ကောင်းတဲ့အချိန်

အရေးဆိုတာ ကိုယ့်ဆီကို နှစ်ခါပြန်မလာတတ်ဘူးအေ့၊ မှုမနေနဲ့တော့"

"ကြည့် အမေကလည်း ဘာတွေပြောနေမှန်းလည်း မသိဘူး"

ညနှင်းစက် မျက်နှာလေး ရှက်ရဲရဲ ဖြစ်သွားသည်။

"ဟဲ့ အမေက အမှန်တရားကို ရှာဖွေပြီး ပြောတာ၊ ကိုယ့်

သမီးဘဝမှာ လိုနေတဲ့ ကွက်လပ်ကလေးတစ်ခုကို ဘယ်လိုလူမျိုး

ပေးနေရမလဲဆိုတာ သိပြီးသား၊ ဒီကောင်လေးက ရုပ်ရည်ရော အဆင့်

အတန်းရော ညည်းနဲ့လိုက်ဖက်တဲ့ပုံစံရော အားလုံး အံဝင်ခွင်ကျ

အမေက မြင်ပြီးသား"

"အမေက အရောက်ပို့နေပြန်ပြီ"

ညနှင်း ထဘီခေါက်ကလေးကို အဝတ်စင်မှာ တင်ရင်း စူ





ပြောလိုက်သည်။

"ဟဲ့ အရောက်ပို့နေတာ မဟုတ်ဘူး၊ ဒီလမ်းကို လျှောက်ရင်

သင့်တော်တယ်လို့ အကြံပေးပြီး ညွှန်ပြနေတာ"

"ဒါဆို အဲဒီလမ်းကို လျှောက်ရင် သမီး လဲမကျဘူးလို့ အမေ

အာမခံတယ်ပေါ့"

မျက်ဝန်းထောင့်ကပ်ပြီး မေးလိုက်သော ခပ်ထေ့ထေ့ အမေး

ကြောင့် အမေပြုံးပြီး ညနှင်းစက် ခေါင်းလေးကို ချစ်စနိုးဖြင့် မနာအောင်

ထုသည်။

စိတ်ချ အဲဒီလမ်းက ချောမွေ့တယ်၊ ခိုင်တယ်၊ ဒါကြောင့်

သမီး လုံးဝ လဲမကျဘူးလို့ အမေ အာမခံတယ်၊ ဟုတ်ပြီလား"

"တကယ်နော်"

"တကယ်ပေါ့ အေ့"

"ဟွန်း တို့အမေကလေ ဟိုက တန်ဖိုးကြီးလက်ဆောင်တွေနဲ့

လာပြီး ဖြားယောင်းပြီး သားမက်လုပ်ဖို့ ဟန်ရေးပြနေတာကို မက်သွား

ပြီပေါ့"

"ရပါတယ် အမေသာ ချမ်းချမ်းသာသာ နေရမယ်ဆိုရင် သမီး

ရဲ့နှလုံးသားကို ပန်းတစ်ပွင့်လို ချေမွခံပစ်လိုက်ဆိုလည်း ချေမွခံပစ်လိုက်

ပါမယ် အဟင်း ခစ် ခစ် ခစ်"



www.burmeseclassic.com

www.burmeseclassic.com



အမေ့ပါးကို ချစ်စနိုး လိမ်ဆွဲပြီး ညနှင်းစက် အခန်းထဲမှ ထွက်ခဲ့၏။ အမေ့ရယ်သံခပ်တိုးတိုးက နောက်နားဆီမှာ ခပ်သဲ့သဲ့ ကျန်ခဲ့၏။

အိမ်ရှေ့ခန်းရောက်တော့ ဇေယျာမြတ်မို မိန့်မိန့်ကြီး ပြုံးကာ ထိုင်နေသည်။

"ရှင် အမေ့ကို စည်းရုံးရေးလာဆင်းနေတာလား"

"စည်းရုံးရေးဆင်းတာ မဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကိုယ် ယောကျ်ားမရှိဘဲ ညာပြီး ပေါက်ကရပြောတဲ့ကောင်မလေးရဲ့ လျှို့ဝှက်ချက်ကို လာဖော်ထုတ်ပြီး သားမက်အရည်အချင်းစစ် စာမေးပွဲ လာဖြေတာလေ"

နှင်းဆီဖူးသဏ္ဌာန် နှုတ်ခမ်းတစ်စုံမှ မဲ့ပြုံးတစ်ချက် ဖျတ်ခနဲ ပေါ်ထွက်လာသည်။

ကြည်စင်ရွှန်းပြသော မျက်ဝန်းတောက်တောက် တစ်စုံဖြင့် မျက်စောင်းတစ်ချက် ရွယ်လိုက်သည်။

"အဟဲ ခုလို မျက်စောင်းထိုးလည်း လှတာပဲ"

"ရှင်က ကျွန်မရဲ့ အရေပြားတစ်ထောက်စာအပေါ်ယံအလှကို ချစ်တာပါ၊ အကယ်၍ ကျွန်မသာ ရုပ်ဆိုးနေတဲ့ မိန်းကလေးဖြစ်ကြည့် ရှင် ကျွန်မကို လှည့်ကြည့်မှာတောင် မဟုတ်ဘူး"





"ထင်လို့ပါ နှင်းစက်ရယ် ကိုယ့်ရဲ့ရင်ခုန်သံက မျက်စိမှ မပါဘူး၊ အကယ်၍ နှင်းစက်သာ ရုပ်ဆိုးနေမယ်ဆိုရင်လည်း သူက ဘယ်လိုသိမလဲ၊ ရင်ခုန်ချင် ခုန်နေမှာပဲ မကြားဖူးဘူးလား အချစ်မှာ မျက်စိမရှိတဲ့၊ ကိုယ်ချစ်တာ နှင်းစက် ရုပ်ချောတာနဲ့ မဆိုင်ဘူး၊ အတိတ်က ချစ်ရမယ့်ကံပါလာလို့ ဟော့ဒီက လူညာမလေးကို အသည်းစွဲ ချစ်မိသွားတာ၊ ဒါဟာ သိပ်ကို ရိုးရှင်းတဲ့ချစ်ခြင်းမေတ္တာတရားပဲ"

ဇေယျာမြတ်မို့ စကားကြောင့် ညနှင်းစက် လှဲ့လှဲ့လေး ပြုံးသည်။ ဇေယျာမြတ်မို မျက်လုံးအစုံမှာ မျှော်လင့်ချက်ရောင်စဉ်တို့ ပြိုးပြိုးပြက်ပြက် သက်လာသည်။

"အခု ဟိုတယ်ကို သွားမှာမဟုတ်လား"

နှင်းစက် ခေါင်းလေး ဆတ်ခနဲ ညိတ်ပြလိုက်သည်။ နှင်းစက် ရင်ထဲမှာ ဘာကြောင့်ရယ်မသိ သူ့အပေါ် ယခင်ကလို ဘုကလန့်တိုက်လိုစိတ် မရှိတော့၊ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ ဆက်ဆံလိုသော စိတ်တွေသာ ရင်မှာ တဖွားဖွားပေါ်လာ၏။

"ကိုယ် လိုက်ပို့လို့ ဖြစ်မလား"

"ဖြစ်ပေမယ့် ကျွန်မရဲ့ဂုဏ်သိက္ခာကြောင့် ရှင့်ကားကို လိုက်မစီးချင်ဘူး"

ဇေယျာမြတ်မို ပခုံးတစ်ချက်ကို ဟန်ပါပါတွန့်ရင်း ရယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘာရယ်တာလဲ"

ညနှင်း မျက်ဝန်းလေး ထောင့်ကပ်ပြီး ခပ်စူစူ မေးလိုက်သည်။

"လေးစားလို့"

"မလိုပါဘူး ရှင် လေးစားအောင် တမင်ဟန်လုပ်နေတာ မဟုတ်ဘူး၊ ဒါ ကျွန်မစိတ်နဲ့ကျွန်မကိုယ် နေထိုင်တဲ့ပုံစံပဲ"

"ဟုတ်ပါတယ် ဒါကို လေးစားတယ်ပြောတာ မင်းဘက်က အဲဒီလို တန်ဖိုးကြီးလေ ကိုယ်က မင်းကို ပိုတပ်မက်မိလေပဲ"

"ကျွန်မ ရှင့်ကို ခင်ပါတယ်"

ကိုယ့်ရင်ထဲက တဒိတ်ဒိတ်ခုန်နေတဲ့ စိတ်လှုပ်ရှားမှု ရင်ခုန်သံတွေကို ထိုစကားလုံးအချို့နှင့် အမြန် ဖုံးကွယ်လိုက်သည်။

"ခင်မင်မှုဆိုတာကို မလိုအပ်ဘဲ အကြာကြီး နိုင်းထားလို့ မကောင်းဘူး၊ ခင်မင်မှုထဲမှာ မျောပါနေရင် မိတ်ဆွေသူငယ်ချင်းဘဝကြီးနဲ့ နောက်ဆုံးခန်းမှာ ဂိမ်းသွားလိမ့်မယ်၊ ဒါကြောင့် နောင်လည်း ချစ်ရမယ့်အတူတူ ခုပဲ ချစ်လိုက်ပါလား၊ ရင်ဘတ်ချင်း စောစောငြိတော့ စောစော ပိုရင်ခုန်ရပြီး ချစ်သက်တမ်း ပိုကြာတာပေါ့"

ရင်ထဲမှာ နွေးသွားသည်။ ပီတိထဲမှ ရင်ခုန်သံတို့သည် ဟိုဒီ ဝဲပျံလျက် ရှက်ရိပ်ဖွန်းနေသော မျက်နှာပေါ်သို့ တွဲခိုလာကြသည်။ ထို့





နောက် ညင်သာသိမ်မွေ့သော အပြုံးလှလှတစ်ခုနှင့် တုံ့ပြန်လိုက်ပြီး

"ကျွန်မရင်ခုန်သံကို ကျွန်မ ပြန်စစ်ရဦးမယ်လေ၊ အဲဒီအတွက် အချိန်တော့ နည်းနည်းပေး"

ထုံးစံအတိုင်း မိန်းမတို့၏ ဓာတ်ပြားဟောင်းကြီးကိုပဲ မရိုးအီနိုင်စွာ ပြန်လည် ထုတ်သုံးလိုက်ရ၏။ အမှန်ဆို ညနှင်းစက် အလွယ်တကူနဲ့ ချစ်ပါတယ်လို့ ခေါင်းညိတ်လိုက်ချင်တာလေ။ သို့သော် ညနှင်း ရင်ထဲမှာ သူ့အပေါ် နှစ်နှစ်ကာကာ ချစ် မချစ်ဆိုတာကို ကိုယ့်ရင်ခုန်သံကို ပြန်စစ်ချင်သေး၏။

ရင်ခုန်သံချင်း ထပ်တူကျမှ အချစ်ဆိုတာ ပိုခိုင်မြဲတာလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ညနှင်း အဲဒီလူက ဘယ်သူလဲ"

ခေးခေး လူရိုးကိုကြည့်ပြီး လက်ဖက်သုပ်နယ်နေသော ညနှင်းစက်ကို လက်ကုတ်မေးလိုက်သည်။

"အိမ်မှာ တိုလီမိုလီ လာဝိုင်းလုပ်ပေးနေတဲ့လူပါ"

"ဘယ်ကလဲ သူ့ပုံစံကြည့်ရတာ ငါ့စိတ်ထဲ တစ်မျိုးပဲ"

ခေးခေး စကားကြောင့် ညနှင်းစက် အမိပွာယ်ပါသော အကြည့်ဖြင့် ခေးခေးကို ဖျတ်ခနဲ ကြည့်လိုက်ပြီး

"ဘာလဲ နင်စိတ်ဝင်စားလို့လား။ ငါ ပြောပေးမယ်လေ"

"ဟယ် အစုတ်ပလုတ်မလေးနော် ငါက ဒါကြီးကို စိတ်ဝင်စားစရာလားဟဲ့ ဒီခေတ်ကြီးမှာ ဒီလောက် အလန်းလေးတွေ ပေါ်နေတဲ့ဟာ"





ခေးခေး ညနှင်း၏ လက်မောင်းသား ဝင်းဝင်းလေးကို ဖတ်ခနဲ လှမ်းရိုက်ပြီး မကျေမနပ် ဆို၏။

"သိဘူးလေ နင်ပဲပြောပြီး စိတ်ထဲတစ်မျိုးကြီးပဲလို့ ဆိုတော့ ငါက ကိုယ့်သူငယ်ချင်းကို စာနာစိတ်နဲ့ ပြောပေးမလို့ဟာကို"

"နေပါ ဒီဟာကြီးကို ဒါလင်လုပ်ရမယ်ဆိုရင်တော့ ငါ့တစ်သက် အပျိုကြီးပဲ လုပ်တော့မယ်ဟာ"

ခေးခေး ညနှင်းစက် ချပေးသော လက်ဖက်ပန်းကန်ထဲမှ လက်ဖက်တစ်ဇွန်းကို ခပ်မြည်းလိုက်ပြီး အရသာခံဝါးလိုက်သည်။

"ဟဲ့ ကောင်းလား ဘာလိုသေးလဲ"

"အိုကေ ဘာမှမလိုဘူး။ အဲ လိုမယ်ဆိုရင်တော့ လက်မလောက်ရှိတဲ့ ပုစွန်ခြောက်ပဲလိုမယ် အဟီး"

"အိမ်မှာ လက်မလောက်ရှိတဲ့ ပုစွန်ခြောက်တော့ မရှိဘူး၊ လက်သည်းခွံလောက်ရှိတဲ့ ပုစွန်ခြောက်ပဲ ရှိတယ်၊ သူများအိမ်လည်း ညှော်သည်လာလုပ်သေးတယ်၊ ဂျိုးကများနေတယ်"

ညနှင်းစက် ပန်းကန်လုံးလေးထဲ ရေနွေးငှဲ့ထည့်ရင်း ရူပွရူပွ ပြောနေ၍ ခေးခေး သဘောကျစွာ ရယ်လိုက်သည်။

"ဟဲ့ နင့်ကို MD က လက်ထပ်ခွင့်တောင်းနေတယ်ဆိုသော ဟိုတယ်က ဝန်ထမ်းတွေအကုန် သိသွားပြီသိလား"



www.burmeseclassic.com

www.burmeseclassic.com



"နင် လျှောက်ဖွနေလို့ မဟုတ်လား"

"ဟာ ဘယ်ကလာ သူ့အိမ်က စားဖိုမှူးကြီးက မန်နေဂျာကိုဝင်းအောင်ကို ပြောလိုက်တာ ကိုဝင်းအောင်ကနေတစ်ဆင့် တခြားသူတွေဆီကိုပျံ့ကုန်တာ၊ တချို့ကျတော့လည်း အကောင်းမြင်ပြီး နင်နဲ့သင့်တော်တယ်လို့ ပြောတယ်၊ တချို့ကျတော့လည်း နင်နဲ့လုံးဝ မလိုက်ဖက်ဘူးလို့ ပြောကြတယ်"

ညနှင်းစက် နှာခေါင်းလေး ရှုံ့လိုက်သည်။

"ဒီလို သက်ကြားရွယ်အိုကြီးကို လုံးဝ စိတ်မဝင်စားဘူး၊ ဟိုနေ့ထဲက တစ်ခါထဲ အပြတ်ငြင်းခဲ့ပြီးသား"

"ငါ့အမြင်ပြောရရင်တော့ အမ်ဒီက အရုပ်းရုပ်မဆိုးပါဘူးဟာ နှုတ်ခမ်းမွှေးတွေ မျက်ခုံးမွှေးတွေ အရမ်းထူနေပြီး ဝတ်ပုံစားပုံ အချိုးမကျတာပါဟယ်၊ အဟီး အဲဒီ နှုတ်ခမ်းမွှေးတွေ မျက်ခုံးမွှေးတွေကိုရိတ်ပြီး အဆင်ပြေအောင် ပြင်ဆင်လိုက်ရင် အရုပ်းရှိုင်းမယ့်ရုပ်မျိုးနင့်ဖေယျာမြတ်မိုနဲ့ နာမည်ချင်းတူသလို ရုပ်ချင်းပါ တူသွားနိုင်တယ်နော်"

"နေပါဟယ် နာမည်တူလို့တောင်, စိတ်ညစ်ရတဲ့ကြားထဲ ရုပ်ချင်းပါ လာတူခိုင်းနေတယ်၊ စိတ်ပျက်လွန်းလို့"

"ဟယ် နှင်း နှင်းစက် အဟီး ဟိုမှာကြည့်စမ်း နင့်ကိုလူမိုက်ကြီး ပန်းအိုးတွေ ရွှေ့ရင်းနဲ့ နဖူးပေါ်က မှဲ့ကြီး ကျွတ်ကျသွားလို့ ပြန်





ကောက်တပ်နေတယ်တော့"

ခေးခေး တအံ့တသြ ညွှန်ပြရာသို့ ညနှင်းစက်ပါ လှည့်ကြည့်လိုက်သည်။ နှင်းစက် မျက်ဝန်းအစုံ အံ့သြစိတ်ဖြင့် ဝိုင်းစက်သွား၏။

"ဟင် သူ့နဖူးက မှဲ့ကြီး ဘယ်လိုကြောင့် ကျွတ်သွားရတာလဲ"

"အေးလေ မှဲ့ပါဆိုမှ ဒီလို ကျွတ်စရာ အကြောင်းမှ မရှိတဲ့ဟာကို၊ ဟဲ့ ဒါဆို ဒီမှဲ့က အတုကြီးထင်တယ်နော်"

ခေးခေးက လူရိုးကို မယုံသင်္ကာကြည့်လိုက်ပြီး မှဲ့ကာရွဲ့ကာဆို၏။

ညနှင်းစက် ခပ်တွေတွေလေး စဉ်းစားလိုက်သည်။

ဒီလူ ဘာသဘောနှင့် ခုလို မှဲ့အတုကြီး တပ်ထားရတာလဲ။ ဒါဆို ဟိုတစ်နေ့က သူ့ခြေထောက် ဘာမှမဖြစ်ဘူးလို့ ငါ ထင်ထားတာ အမှန်ပေါ့။

ညနှင်းစက် အတွေးတွေ အာရုံမှာ လွန့်လူးလာသည်။

"ဟဲ့ နင့်လူက နာမည်ကသာ လူရိုးလို့ ပေးထားတာပေမယ့် လူကတော့ မရိုးဘူးနော်၊ အကြံတစ်ခုခုရှိလို့ နင်တို့ဆီမှာလာနေတာ ဖြစ်ရမယ်"

"သမီးတို့ ဘာအကြံတွေရှိလို့ ဘယ်သူ့ဆီ လာနေတာလဲကွယ်၊ သက်ဖက်တွေ စားကြလေ၊ ပဲတွေ ပျော့ကုန်ရင် စားမကောင်းဘဲ နေဦး



www.burmeseclassic.com

www.burmeseclassic.com



မယ်''

အမေ ဝင်လာသဖြင့် ညနှင်းနှင့်ခေးခေး စကားပြတ်သွားသည်

''ဟုတ်ကဲ့ အကြီးနှင်း စားတယ်၊ နှင်းစက် သုပ်ကျွေး လက်ဖက်သုပ်က အရမ်းကောင်းလွန်းလို့ အရသာခံပြီး တမြုံ့မြုံ့စား တာ''

''အေး ကောင်းတယ် စား စား''

''အမေ ကိုလူရိုးက ဘယ်မှာနေတယ်လို့ ပြောလဲ''

''ဘုန်းကြီးကျောင်းမှာနေတယ်လို့တော့ ပြောတာပဲ''

အမေက ညနှင်းရှေ့မှာ အဆင်သင့် ငှဲ့ထားသော ရေနွေး ကန်လုံးကို လှမ်းယူပြီး တစ်ငုံနှစ်ငုံ သောက်လိုက်သည်။

''ဘယ်ဘုန်းကြီးကျောင်းလို့ ပြောလဲ အမေ''

''ဩော် သူက စကားမှ မပြောတတ်တော့လည်း အမေ ဘယ်ဘုန်းကြီးကျောင်းကလဲလို့ မေးမနေတော့ဘူးလေ သမီးရယ်''

''အေးလေ စကားမပြောတတ်တာကို 'ဘုန်းကြီးကျော နာမည် ဘယ်ပြောတတ်မ ်ဟယ်၊ သူက အမူအရာနဲ့ လုပ်ပြတယ် ထား၊ အကြီးနှင်းက သူ့အမူအရာကို ဘယ်လိုလုပ် ပုံဖော်တတ်မှာ နှင်းစက်ရယ် နင်ကလည်း ဖွတ်''

နှင်းစက် အမေနှင့်ခေးခေးကို ဘာမှ ပြန်မပြောဘဲ လူ





လှုပ်ရှားမှုတွေကို တစေ့တစောင်း အကဲလှမ်းခတ်နေ၏။

''ဒီကောင်လေးက ဘဝအကျိုးပေးမကောင်းလို့ သူ့ရဲ့ပုံပန်း သဏ္ဌာန်က ဒီလိုဖြစ်နေပေမယ့် စိတ်ထားဖြူစင်တယ်၊ လုပ်တာကိုင်တာ စနစ်ကျပြီး သန့်ရှင်းသေသပ်တယ်၊ အသွေးအမွေး ကြည်လင်တယ်''

မိခင်ဖြစ်သူ အလေးအနက် ချီးကျူးစကား ဆိုနေလေလေ ညနှင်းစက် လူရိုးအပေါ် သံသယဝင်မိလေဖြစ်သည်။

သူ ဘာကြောင့် ညနှင်းတို့အိမ်မှာ အပင်ပန်းခံပြီး အလုပ်တွေ လာလုပ်နေရသနည်း။

ရှေ့လျှောက် ညနှင်း သူ့ကိုပိုပြီး သတိထားကြည့်ရတော့မည်။

အထူးသဖြင့် အမေက သူ့ကိုသားတစ်ယောက်လို မေတ္တာမျိုး အပြည့်ပေးနေခြင်းအားဖြင့် အမေနှင့်မည်သို့ ပတ်သက်နေသနည်း။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ညှင်းစက် အကျီချုပ်ဆိုင်မှ ထွက်လာပြီး မိခင်အတွက် အိုး

တင်းကုန်နေ၍ ဝယ်ရန် တစ်ဖက်ကားလမ်းသို့ ကူးလာလိုက်သည်။

ညှင်းဝယ်မည့် စတိုးဆိုင်ရှိရာသို့ ခပ်သွက်သွက် လျှောက်

လိုက်သည်။

စတိုးဆိုင်ရှေ့နားအရောက်တွင် ဖေယျာမြတ်မိုး၏ အနက်ရော

ပရာဒိုကားကို တွေ့လိုက်ရ၍ ညှင်း ရင်ထဲ ထိတ်ခနဲ ခုန်သွားသည်။

ညှင်းစက် ကားထဲကိုကြည့်ကာလည်း လူမရှိသဖြင့် ဆော

ဝဲယာကို လှည့်ပတ်ရှာလိုက်သည်။

သူ ညှင်းနောက်ကိုများ လိုက်လာတာလား ဟူသော အတွေး

ဖြင့် ကားနားတွင် ခဏရပ်စောင့်လိုက်၏။





ငါးမိနစ်ခန့်ကြာသည်အထိ ဖေယျာမြတ်မိုး ရောက်မလာခဲ့။

ညှင်းဆက်မစောင့်တော့ အမေ့အတွက် အိုဗာတင်းဝယ်ပြီး အိမ်ကို ပြန်လာခဲ့လိုက်သည်။

အိမ်ကအလှမ်းဝေး၍ ဆိုက်ကားနှင့် ပြန်ခဲ့လိုက်၏။

အိမ်ရောက်တော့ ကိုလူရှိုး ခြံစည်းရိုးကို ဆေးသုပ်နေသည်ကို တွေ့ရ၏။

"ကိုလူရှိုး ဘယ်တုန်းက ရောက်လဲ"

ဆေးသုတ်နေသော လူရှိုး ညှင်းအသံကြား၍ ပျာပျာသလဲ လှည့်ကြည့်ပြီး သူ ရောက်တာ သိပ်မကြာသေးကြောင်း အမူအရာ ပြပြသည်။

"ထမင်းရော စားပြီးပြီလား"

လူရှိုး ခေါင်းခါပြသည်။

"ဒါဆို ကျွန်မလည်း ထမင်းစားမှာလေ၊ လာ ကျွန်မနဲ့အတူ စားစား"

ညှင်းပြောပြီး အိမ်ပေါ် တက်လာခဲ့လိုက်သည်။

လူရှိုး ညှင်းကို ငေးကြည့်ပြီး ခြံစည်းရိုးအပြင်တွင် ဆေးစုတ်တံကြီးကိုင်ပြီး ကျန်ခဲ့၏။

ညှင်း အကျီထုပ်ကို စားပွဲပေါ်တင်ပြီး ရေသန့်ဘူးထဲမှ ရေ



www.burmeseclassic.com

www.burmeseclassic.com



လှည့်ဖွင့်ပြီး စတီးခွက်နှင့်ခံကာ အမောပြေစေရန် သောက်လိုက်သည်။

အမေ ရေလဲပြီးသား ဘုရားပန်းအိုးကို ကိုင်၍ အိမ်ရှေ့ခန်းသို့ ထွက်လာ၏။

"သြော် သမီးတောင် ပြန်လာပြီလား အကျီရခဲ့လား"

"အင်း တစ်စုံပဲ ရသေးတယ် အမေ၊ ကျန်တဲ့တစ်စုံက သဘက်ခါမှယူပါတဲ့၊ ဇာတွေတပ်ဖို့ ကျန်သေးလို့တဲ့လေ"

"သြော် ဒါနဲ့အမေ သမီးမရှိတုန်း ဖေယျာမြတ်မို လာသွားသေးလား"

"ဟင့်အင်း မလာဘူး သမီး၊ ဘာလဲ ဒီနေ့လာမယ်လို့ သမီးကို ပြောသွားလို့လား"

"ဟင့်အင်း မပြောပါဘူး၊ တော်ဝင်မို စတိုးရှေ့နားမှာ သူ့ကား တွေ့လို့"

"ဟင် ဟုတ်လား ဒါဆိုရင်တော့ အိမ်ကိုလာမယ်ထင်တယ် စားစရာလေး ဘာလေး ကြိုပြီးစီစဉ်ထားဦးမှ သမီးရဲ့၊ အဲဒီကလေးက အမေသုပ်ကျွေးတဲ့ လက်ဖက်သုပ် သိပ်ကြိုက်တာ"

"အဟင်း အမေက စီစဉ်ပြီး သူ မလာရင် အလကားဖြစ်နေမယ်နော်၊ လာမှပဲ လုပ်ပါ အမေရယ်"

"အေးလေ ဒါလည်း ဟုတ်တာပဲ၊ ကဲ ကဲ သမီးရော ထမင်းစားတော့လေ"

"အင်း စားမယ် အမေ၊ ကိုလူရှိုးကိုပါ တစ်ခါတည်း သမီးနဲ့ စားခိုင်းလိုက် အမေ၊ သူလည်း မစားရသေးဘူးတဲ့"

"အေး အေး သမီး ထမင်းပွဲပြင်လိုက်၊ အမေ ခေါ်ထားလိုက်မယ်"

ညနှင်းစက် အမေ့နားမှ ထွက်ခဲ့ပြီး ထမင်းပွဲပြင်၍ မီးဖိုချောင်ထဲသို့ ဝင်ခဲ့လိုက်သည်။

ထမင်းပွဲပြင်ဆင်ပြီးတော့ ကိုလူရှိုး အိမ်ဘေးမှပတ်ပြီး နောက်ဖေးသို့ ရောက်လာသည်။

"ကိုလူရှိုး လက်ဆေးမလို့လား၊ ပေး ပေး ရေခွက် ကျွန်မ ရေလောင်းပေးမယ်၊ ကိုလူရှိုး လက်ကိုဆပ်ပြာနဲ့ သေချာစင်အောင်ဆေး"

လူရှိုး လက်ထဲမှ ရေခွက်လှမ်းယူပြီး ညနှင်းစက် ရေလောင်းပေးလိုက်၏။ ရေလောင်းပေးနေရင်းမှ ကိုလူရှိုးလက်ကို ညနှင်း အသေအချာ သတိထားကြည့်လိုက်သည်။

သန်မာကျစ်လစ်သော ( )ချောင်းတွေမှာ အပြစ်အနာအဆာ တစ်ခုတစ်မှု မရှိဘဲ ဖြူဖွေးနီရဲနေပြီး ည( )သော အမွှေးစိမ်းဖန့်ဖန့်လေးတွေက သာမန်အတန်းအစားထဲက လက်မျိုး မဟုတ်ဘူးဆိုတာကို သက်သေပြနေ၏။





စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ကိုလူရှိုးက လူကသာ ဘာမှမဟုတ်တာ လက်တွေကတော့ မင်းသားလက်ပါလား"

ညနှင်း တမင်ပင် ပြောလိုက်ခြင်း ဖြစ်သည်။

ကိုလူရှိုး ဘာမျှမပြောဘဲ ခေါင်းကြီးငုံ့ကာ ဆပ်ပြာဖြင့် အထပ်ထပ် လက်ကို ဆေးကြောနေ၏။ လက်ဆေးနေပုံကိုက စနစ်တကျရှိသော ကိုလူရှိုး၏ လှုပ်ရှားပြုမူပုံကို ညနှင်း တဖြည်းဖြည်း သတိထားကြည့်မိလာသည်။

ကိုလူရှိုး ဘယ်သူလဲဆိုတာ ညနှင်း ပြင်းပြစွာ သိချင်လာသည်။

ကိုလူရှိုး စကားမပြောတတ်ဘူးဆိုတာရော ဟုတ်နိုင်ပါ့မလား။ တမင်ပင် စကားမပြောတတ်ချင်ဟန်ဆောင်ထားတာများလား။

"ကဲ လာကြ၊ မင်းတို့ကြိုက်တဲ့ မျှစ်ချဉ်နဲ့ငါးခေါင်းလေးကို ချက်ထားတယ်"

လူရှိုး ညနှင်းစက်နှင့် ထမင်းအတူစားရမည့်အရေး တွေးပြီး ကျေနပ်နေဟန်ဖြင့် စားပွဲမှာ ဝင်ထိုင်လိုက်သည်။

ထို့နောက် တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် အိမ်ရှေ့ကို ဆတ်တောက်ဆတ်တောက်နှင့် လျှောက်ခဲ့ပြီး ရေသန့်ဘူးထဲမှ ရေကို ဖန်ခွက်ဖြင့် ခံယူပြီး အိမ်နောက်ဖေးခန်းထဲ ပြန်၍ဝင်လာသည်။

လက်ထဲမှ ရေဖန်ခွက်ကို ညနှင်းစက်ရှေ့သို့ တရိုတသေချ





ပေးလိုက်သည်။

"ကျေဇူး ရပါတယ် လူရှိုးရယ်၊ မင်းဟာမင်း စားစမ်းပါ ကြီးနှင်းက အိမ်ရှေ့ ဘာများထွက်လုပ်တာလဲလို့"

ကြီးနှင်း ကြက်သားတစ်တုံး ခပ်ပြီး လူရှိုး ပန်းကန်ထဲသို့ အရင်ဆုံး ခပ်ထည့်ပေးလိုက်၏။

"စားနော် ဒီနေ့ မင်းလာမယ်ဆိုတာ ကြီးနှင်း သိလို့ ဟင်းတွေရော ထမင်းတွေရော ပိုချက်ထားတယ်ကွဲ့"

လူရှိုး ခေါင်းတဆတ်ဆတ်ညိတ်ပြပြီး ထမင်းကို ငုံ့စားလိုက်သည်။ စားနေရင်းမှလည်း ညနှင်းစက်ကို မကြာမကြာ ခိုးကြည့်ရှာ၏။

ညနှင်း သိပေမယ့် တမင်ပင် မသိချင့်ဟန်ဆောင်နေလိုက်သည်။ သူ့ဘက်က ဘယ်လိုပုံစံမျိုးပဲ စိတ်ထဲမှာထားထား ညနှင်း အာရုံထဲ မထည့်။ သူ့အနားမှာ ရှိနေ၍ ထမင်းစားရတာ ရှက်ရွံ့ခြင်းလည်း မဖြစ်မိ။

ထမင်းစားပြီးတော့ ညနှင်းစားသော ပန်းကန်ကိုပါ ဆေးရန် လှမ်းယူလိုက်သည်။

"နေပါ ကိုလူရှိုး ညနှင်း ကိုယ့်ဖာသာ ဆေးမယ်"

ကိုလူရှိုး သူ့အား အားမနာရန် သူ ဆေးပေးပါရစေဟူသော အမူအရာနှင့် ပန်းကန်ကို အတင်းဆွဲယူနေသဖြင့် ညနှင်း ဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မနေတော့ဘဲ လှမ်းပေးလိုက်သည်။

ပြီးနောက် ကိုလူရိုး ခပ်ပေးထားသော ရေကို အကုန်မော့လိုက်၏။

ရေသောက်နေရင်းမှ ဇေယျာမြတ်မို အကြောင်း အာရုံမှ ဖျတ်ခနဲ ပြန်ပေါ်လာသည်။

သူများ လာလေမလားဆိုသော မျှော်လင့်ချက်ဖြင့် အကြည့်တွေက အိမ်ရှေ့သို့ မကြာခဏ ရောက်သွားပြီး ကားသံကို နားစွင့်နေလိုက်၏။

■ ■ ■



## အခန်း (၂၃)

"ဝှန်း"

"အား"

ညနှင်း ခုံပေါ်သို့တက်ပြီး ခန်းစီးလိုက်ကာတွေ တပ်နေရင်း ရုတ်တရက် ခြေချော်ပြီး အလန့်တကြား အော်လိုက်၏။

သို့သော် ညနှင်း၏ခန္ဓာကိုယ်က ကြမ်းပြင်ပေါ်သို့ ကျခြင်းမရှိဘဲ ထွေးအိနွေးစက်သော ရင်ခွင်ကျယ်တစ်ခုပေါ်သို့ အလိုက်သင့်လေး ကျသွား၏။

ညနှင်း ကြောက်အားလန့်အား မျက်စိစုံမှိတ်ထားရာမှ ကိုယ်အမိအရ ဖမ်းယူဆုပ်ကိုင်လိုက်သော ကျစ်လစ်သန်မာသော လက်မောင်းသား၏အထိအတွေ့နှင့် သင်းသင်းလေး မွှေးနေသော ရနံ့တစ်ခုကြောင့် မျက်လုံးများ ဖျတ်ခနဲ ပြန်ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို ကို ကိုလှုရှိး"

ညနှင်း ခန္ဓာကိုယ်မှာ ကိုလှုရှိး ရင်ခွင်ထဲ သတိလက်လွှတ် ပုံကျနေရာမှ အတင်းပြန်လည် ရုန်းထွက်လိုက်သည်။

ကိုလှုရှိး အလန့်တကြား ဖြစ်နေသော ညနှင်းကို နူးညံ့သော အကြည့်ဖြင့်ကြည့်ပြီး ညနှင်းအနားမှ လှည့်ထွက်သွား၏။

ညနှင်း တစ်ကိုယ်လုံး ရှက်စိတ်ကြောင့် ထူပူသွားသည်။

မတော်တဆမှုကြောင့် ကိုယ့်ကို ကာကွယ်ပေးလိုက်၍သာ ညနှင်း ဒေါသမထွက်ရက်ခဲ့ခြင်းဖြစ်သည်။

ညနှင်းစက် အံ့သြသည်မှာ ကိုလှုရှိး၏ရင်ဘတ်ကျယ်ကြီးနှင့် ညနှင်းစက် မျက်နှာ တဒင်္ဂ အပ်မိချိန်တွင် ရှူရှိုက်မိလိုက်သော မွှေးရနံ့ တစ်ခု။

ထိုမွှေးရနံ့သည် တန်ဖိုးကြီးသော ရေမွှေးတစ်မျိုးမျိုး၏ ရနံ့ ဖျော့ဖျော့တစ်ခု။

ထိုသို့သော ရနံ့မျိုးက ကိုလှုရှိးထံမှာ ဘာကြောင့် မွှေးနေရသနည်း။

အမှန်ဆို ဘုန်းကြီးကျောင်းမှာ ကပ်နေပြီး ပုံကျအလုပ်လျှောက်လုပ်နေသော ညစ်စုတ်စုတ် လူတစ်ယောက်၏ ကိုယ်သင်းရနံ့မှာ နေလောင်ခံထားရသော ရနံ့နှင့် ချွေးနံ့သာ ရှိရမည်။





ခုတော့ ထိုရနံ့ကို ညနှင်းစက် လုံးဝ မရှူရှိုက်မိဘဲ စိတ်ကို ရှင်းသန့်ကြည်လင်စေသော ရနံ့ဖျော့တစ်ခုကိုသာ ရှူရှိုက်မိလိုက်၏။ ရှုပ်ယှက်ခတ်နေသော အတွေးပေါင်းစုံတို့နှင့်အတူ ညနှင်းစက် ကိုလှုရှိးကို လှမ်းကြည့်လိုက်တော့ ခြံထဲရှိ ပန်းရုံလေးဘေးတွင် ငုတ်တုတ်သွားထိုင်နေသည်။

ညနှင်း ရင်ထဲ ကိုလှုရှိးအပေါ် ဝင်နေသော သံသယတွေ ရင်ထဲမှာ တစ်လွှာပြီးတစ်လွှာ ပုံထပ်၍နေပေသည်။

ထို့နောက် အိမ်ပေါ်မှဆင်းပြီး ကိုလှုရှိး ထိုင်နေသော နေရာသို့ လျှောက်လာခဲ့လိုက်သည်။

ညနှင်းစက်၏ခြေသံကြောင့် ကိုလှုရှိး မရဲတရဲ လှည့်ကြည့်သည်။

ညနှင်းကို မြင်တော့ ကိုလှုရှိး မျက်နှာမထားတတ်သော အမူအရာနှင့် ခေါင်းကြီးငုံ့သွားသည်။ ညနှင်းစက် မပွင့်တပွင့် ပြုံးလိုက်ပြီး ကိုလှုရှိးနားမှာ ငုတ်တုတ်လေး ထိုင်လိုက်သည်။

"ကိုလှုရှိး ရှင် ကျွန်မကို အရမ်းအားနာနေတာလား"

ညနှင်းစက် အမေးကြောင့် လှုရှိး ခေါင်းညိတ်လိုက်သည်။ ညနှင်းစက်နှင့်အကြည့်ချင်း မဆုံရဲစွာဖြင့် ခေါင်းငုံ့ထားသည်။

"အဟင်း ရှင်က ကျွန်မပြုတ်ကျမှာစိုးလို့ အောက်ကနေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထိန်းလိုက်တာပဲ၊ ရှင့်ကြောင့် ကျွန်မ မနာကျင်ရတာလေ"

အပြုံးလေးဖြင့် ပြောလိုက်သော ညနှင်းစက်၏စကားကြောင့် လူရိုး ညနှင်းစက်ကို ဖျတ်ခနဲ ကြည့်ပြီး ရယ်ပြသည်။

ညနှင်း လူရိုးမျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

ညနှင်းစက်၏ စေ့စေ့ကြည့်နေသော အကြည့်စူးစူးကြောင့် လူရိုး စိတ်တွေ မလုံမလဲဖြစ်၍နေသည်။

မှဲ့ အမာရွတ် ဆံပင်ပုံစံနှင့် ညီညီညစ်ညစ် မျက်နှာအသားအရေ ဒါတွေအားလုံးဟာ အစစ်မှ မဟုတ်တာ။

ညနှင်း ခပ်မိန့်မိန့်လေး ပြုံးလိုက်သည်။

"ရှင် ဘယ်ဘုန်းကြီးကျောင်းမှာ နေတာလဲ ကိုလူရိုး"

"အ အား အီး အီး အ့"

လက်ဟန်ခြေဟန်ဖြင့် တအီးအီး တအားအား ပြောနေသော ကိုလူရိုးကိုကြည့်ပြီး ညနှင်း ရယ်ချင်နေသည်။

"ဟဲ့ သမီး အဲဒီမှာ ဘာထိုင်လုပ်နေကြတာလဲ"

အမေ ဘုရားပန်းစည်းကိုင်ပြီး ခြံထဲဝင်လာ၍ ညနှင်းစက်၏ မျက်နှာလေး အနည်းငယ် တည်သွားသည်။

"မပြောချင်ပါဘူး အမေရယ်၊ စောစောက ခန်းစီးလိုက်တာ ... ကို ခုံပေါ်တက်ပြီး လဲတာလေ၊ ကံကောင်းလို့ ကိုလူရိုး အောက်





ဖမ်းထိန်းထားလို့ ... သမီးခြေတွေလက်တွေ မကျိုးတာ၊ အဲဒါကို ကိုလူရိုး က သမီးကို အားနာနေတယ်လေ အဟင်း ဟင်း ခစ် ခစ် ခစ်"

"သြော် ဒီကလေး အားနာစရာမရှိ ကြံဖန်အားနာနေရတယ်လို့ ကဲ ကဲ အိမ်ထဲဝင်ကြ၊ အပြင်ကြီးမှာ လူမြင်လို့မကောင်းဘူး"

တကယ်တမ်း မောင်လူရိုးလို လူမျိုးနဲ့ ကိုယ့်သမီးကိုတော့ ပတ်ဝန်းကျင်မှာအမြင်မတင့်တာမျိုး မဖြစ်စေချင်။

နီးစပ်စေဖို့ဆိုတာကတော့ ဝေလာဝေး။ မောင်လူရိုးကို သနား ကရုဏာသက်ပြီး မိသားစုလို ဆက်ဆံနေတာ သမီးနှင့်အနေနီးစေဖို့မှ မဟုတ်တာ။

ဒေါ်နှင်းကြည် သမီးကို ခုရက်ပိုင်း သတိထားမိနေတာ ကြာ ပြီ။ မောင်လူရိုးအပေါ် ရင်းရင်းနှီးနှီးဆက်ဆံလွန်းနေ၏။

မောင်လူရိုးနှင့် သမီး ရင်းနှီးရာမှတစ်ဆင့် အနေနီးစပ်သွားလို့ ဖြစ်။

ဒေါ်နှင်းကြည် တွေးရင်းဖြင့် သမီးအတွက် ရင်မောလာသည်။

ဒေါ်နှင်းကြည် လိုလားတာ ဖေယျာမြတ်မိုလို လူငယ်လေးကို သားမက်အဖြစ် တော်ချင်တာ။

ဒါမှ သမီးရဲ့အနာဂတ်တွေ တောက်ပမှာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၄)

''ဟော လာပြန်ပြီ၊ ဖိမ်ခံကား နောက်တစ်စီး''

ဒေါ်နှင်းကြည် ပက်လက်ကုလားထိုင်တွင်ထိုင်ပြီး ပုတီးစိပ်နေရာမှ အိမ်ရှေ့မှာ လာရပ်သော မီးခိုးရောင် ခပ်မြင့်မြင့်ကားကြီးကြောင့် ကုလားထိုင်မှာ ထိုင်နေရာမှ အားယူပြီး ထလိုက်သည်။

လူက ဝနေတော့ အရေးအကြောင်းဆို ဖြုန်းခနဲ ထိုင်ရာမှ ထလို့ မလွယ်။

ဒီတစ်ခါ လာသည့်ကားက ဖေယျာမြတ်မိုကား မဟုတ်သလို ဆင်းလာသည့် လူကလည်း ဖေယျာမြတ်မို မဟုတ်။

ဒေါ်နှင်းကြည် ကားပေါ်မှ ဆင်းပြီး ခြံတံခါးရှေ့မှာ လာရပ်နေသူကို မသိဘဲနှင့် ပြုံးပြလိုက်ပြီး





''ဘယ်သူနဲ့တွေ့ချင်လို့လဲ ရှင်''

ပုံစံက နူတ်ခမ်းမွေးကားကား တိုက်ပုံအင်္ကျီ၊ ယောပုဆိုးနှင့် ခါဝါမျက်မှန်ထူထူကြီးတပ်ကာ အိမ်ထဲကို မျက်မှောင်ကျုံ့ပြီးကြည့်နေသော ဆိုလူ့ကို လှမ်းမေးလိုက်သည်။

''ဒါ ညှနှင်းစက်တို့အိမ်လား အစ်မကြီး''

ဒေါ်နှင်းကြည် အစ်မကြီးဟု ခေါ်လိုက်သဖြင့် လူငယ်တစ်ယောက် မဖြစ်နိုင်။ ဒေါ်နှင်းကြည်နှင့် မတိမ်းမယိမ်းလောက်ပဲဟု တွေးပြီး ခြံတံခါးသွားဖွင့်လိုက်သည်။

''ဟုတ်ပါတယ် ညှနှင်းစက်တို့အိမ်ပါ၊ လူကြီးမင်းကရော ဘာကိစ္စရှိလို့ပါလဲ''

ဝတ်ပုံစားပုံ ဂိုက်ဆိုက်ကိုကြည့်ပြီး ယဉ်ယဉ်ကျေးကျေးပင် ပြန်၍ မေးလိုက်သည်။

''မြကန်သာ ဟိုတယ်ရဲ့ MD ပါ ခင်ဗျာ''

''ရှင် ဒါဆို သမီးလေး အလုပ်လုပ်နေတဲ့ ဟိုတယ်ပိုင်ရှင်ပေါ့ ဟုတ်လား''

''ဟုတ်ပါတယ် ခင်ဗျာ''

''အို ဝင်ပါရှင်၊ အထဲကို ကြွပါ''

ခြံတံခါးဂျက်ကို ကမန်းကတန်း ဖွင့်ပေးလိုက်သော ဒေါ်နှင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည်ပုံစံမှာ တကယ့်ကို ပျာပျာသလဲ ပုံပေါက်နေသည်။

ရင်ထဲမှာလည်း ရုတ်ချည်းဆိုသလို စိုးရိမ်ပူပန်သွား၏။

MD ဆိုတဲ့ ပိုင်ရှင်ကြီးကိုယ်တိုင် အိမ်ကိုလိုက်လာရအောင်

သမီးဘာတွေများ အမှားလုပ်မိပါသလဲပေါ့။

"ကြွပါ အိမ်ပေါ်ကို ကြွပါရှင်"

ဒေါ်နှင်းကြည်ပုံစံက ခြေမကိုင်မိလက်မကိုင်မိဟန်လိုမျိုး ယာခတ်နေပြီး ပလက်စတစ်ဖျာလေးကို ကမန်းကတန်း ခင်းပေးလိုက် သည်။

ဖေယျာမြတ်မိုး ဒေါ်နှင်းကြည်၏ ရိုးသားပုံကိုကြည့်ပြီး စိတ် ရယ်ချင်နေ၏။

သို့သော် ကိုယ့်ဗျူဟာ အဆင်ချောဖို့အတွက် ရုပ်ကို အတည် ပေါက်လုပ်ထားရ၏။

ကိုယ်ချစ်သော မိန်းမတစ်ယောက်ကို စိတ်ရှင်းရှင်းနှင့် ပိုင် ရဖို့ အချစ်စမ်းဖို့အတွက် ထိုသို့သော လုပ်ရပ်မျိုး လုပ်ခြင်းဟာ အ အမြင်မှာဆိုလျှင်တော့ အ ကို အကြောင်းကြောင်းနိုင်သော လုပ် တစ်ခု။

"ကျွန်မ သမီးလေး လုပ်ငန်းခွင်မှာ ဘာများ အမှားလုပ် ပါလဲ လူကြီးမင်းရယ်"





ဒေါ်နှင်းကြည် ထိတ်ထိတ်ပျာပျာဖြင့် မေးလိုက်သည်။

"မလုပ်ပါဘူး ကျွန်တော် ဒီကိုလာတာ ဒီက ညနှင်းစက်ရဲ့ ခင်နဲ့ လာတွေ့တာပါ ခင်ဗျာ"

"ရှင် ကျွန်မကို လာတွေ့တာ"

ဒေါ်နှင်းကြည် ထိတ်၍ အံ့သြရပြန်သည်။

"အာဝါဟ ဝိဝါဟ မင်္ဂလာစကား လာပြောတာပါ"

ဟော့တော် လက်စသတ်တော့ ဖေယျာမြတ်မိုးရဲ့အဖေကိုး။ သူ့ ားနဲ့ငါ့သမီးကို ပေးစားဖို့ လာပြီး စကားကမ်းလှမ်းတာပဲ ဖြစ်မယ်။

ဒေါ်နှင်းကြည် စိတ်ထဲမှာ သူ့လိုရာကို သူဆွဲတွေးပြီး ဣန္ဒြေ က္ခာရှိသော အပြုံးဖြင့်ပြန်၍ ပြုံးပြလိုက်သည်။ တစ်ဖက်က ကြောင်း မ်းခြင်းကို လက်ခံသည့်အပြုံးမျိုး ဒေါ်နှင်းကြည် မျက်နှာမှာ သမီး တွက် ဂုဏ်ယူလိုစိတ်နှင့် ကျေနပ်ပီတိဖြစ်မှုတွေကြောင့် မျက်နှာတပြင် ချိုစိမ့်နေသည်။

"ဟုတ်ကဲ့ ခုလို MD က သမီးလေး မင်္ဂလာကိစ္စကို လာပြီး လှမ်းတယ်ဆိုတာ အရမ်းကို မင်္ဂလာရှိတဲ့ သတင်းပါပဲ၊ လူငယ်တွေ ချင်းချင်း နားလည်မှုတွေ အပြန်အလှန်ယူပြီးကြပြီဆိုရင်တော့ ကျွန်မ က ဘာမှ မကန့်ကွက်ပါဘူးရှင်၊ မိဘတိုင်း မိဘတိုင်း သားသမီး ကို တောက်ပတဲ့ အနာဂတ်တွေကို ပိုင်ဆိုင်စေချင်ကြတာချည်းပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



လူကြီးမင်းလည်း ကျွန်မလိုပဲ ခံစားရမှာပါ၊ ခုလိုမျိုး လူကြီးမင်းတို့ တော်ဝင်မိသားစုက ကျွန်မ သမီးလေးကို ချွေးမအဖြစ် လက်ခံပေးမယ် ဆိုရင်တော့ ကျွန်မဘက်က ခုနေ သေရမယ်ဆိုရင်တောင် သေပျော်ပါ ရှင်''

ဒေါ်နှင်းကြည် ရင်ထဲမှာ ရှိသည့်အတိုင်း အပွင့်လင်းဆုံး ပြောပြလိုက်ရ၍ ရင်ထဲမှာ တစိုးတစိမျှ သိမ်ငယ်သွားခြင်း မရှိခဲ့။

သမီးအတွက်သာ ရင်မှာ ပီတိပေါင်းစုံတို့ အလျှံညီးညီး ထ တောက်နေရ၏။ သမီးလေး၏ ရုပ်ရည်ဆင်းရူပကာဟာ ဒီလို လူကုံ ထဲက အမျိုးသားကောင်းတစ်ယောက်နှင့်သာ ထိုက်တန်ပါ၏။

''ဒီ ဒီလိုပါ ကျွန်တော် ဆိုလိုတာက ဒီက နားလည်မှု နည်း နည်း လွဲနေပြီလို့ ထင်ပါတယ် ခင်ဗျာ''

ဖေယျာမြတ်မို ဒေါ်နှင်းကြည်၏ ရိုးသားစွာ ပြောနေသော အထင်လွဲမှားမှုကြီးကြောင့် ကိုယ့်ဖာသာကိုယ် ဘယ်လိုနိုင်အောင် ဆက် ရမည်မှန်းတောင် မသိတော့။

''ကျွန်မက ခေတ် အမေပါ လူကြီးမင်းရယ်၊ အရိပ်ပြရင် အ ကောင်မြင်တတ်ပါတယ်ရှင် အဟင်း ဟင်း ဟင်း''

''ဟုတ်ကဲ့ ကျွန်တော် သဘောပေါက်ပါတယ်၊ အခု လာရခြ အကြောင်းအရင်းက ကျွန်တော့်အနေနဲ့ မိဘတစ်ယောက်အနေနဲ့





သာ မဟုတ်ပါဘူး''

''ဩော် ဒါဆို မောင်ဖေယျာမြတ်မိုရဲ့ ဦးလေးပေါ့၊ ဘယ်သူပဲ ဖြစ်ဖြစ် ကိုယ့်သမီးလေးကို သဘောကျလက်ခံလို့ လာရောက်ကမ်းလှမ်း သဘောပဲ ကျွန်မ ကျေနပ်ပါတယ်''

ဒေါ်နှင်းကြည် ရွှန်းရွှန်းကိုဝေနေသည်။ တစ်ဖက်ကလူ ပြော က်မရှိအောင်ကို လေမတိုးတော့။

''ဟို ကျွန်တော် ဦးလေးလည်း မဟုတ်ပါဘူး၊ ညနှင်းစက်ကို သားဖသားပီပီ တောင်းရမ်းလက်ထပ်ချင်တဲ့သူပါ''

''ရှင်''

ဒေါ်နှင်းကြည် အံ့သြလွန်း၍ ဘာပြန်ပြောရမှန်းပင် မသိတော့။

''ဟုတ်ပါတယ် ကျွန်တော် ညနှင်းစက်ကို မြတ်မြတ်နိုးနိုးနဲ့ က်ထပ်ချင်ပါတယ်၊ ဒါကြောင့် လာပြီး တောင်းရမ်းကမ်းလှမ်းတဲ့ သဘောပါ၊ ခုလို တောင်းရမ်းပွဲကို ကျွန်တော်တစ်ယောက်ထဲ လာရတဲ့ အကြောင်းအရင်းက ကျွန်တော့်မှာ မိန်းမ လိုက်တောင်းပေးမယ့် အုပ် ထိန်းသူဆိုတာမျိုး မရှိတော့လို့ပါ''

''ဘုရားရေ ဒီ ဒီလိုကြီးလ ''

ဒေါ်နှင်းကြည် မျက်နှာမှာ ထိန်တောက်နေရာမှ ရုတ်ချည်းဆို သို့ ပြန်လည် မှိန်ဖျော့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက မောင်ဇေယျာမြတ်မိုရဲ့ အဖေအောက်မေ့လို့ ဖွင့်ပြောနေတာ စိတ်မရှိပါနဲ့နော်"

"ရပါတယ် အမေ ဒါမျိုးက ဖြစ်တတ်ပါတယ်၊ ကျွန်တော်ကိုယ်တိုင်ကလည်း အမေ့ကို ရှင်းအောင် မပြောမိပဲကိုး"

ဒီအသက်အရွယ်ကြီးက အမေဟုခေါ်သဖြင့် ဒေါ်နှင်းကြည်နည်းနည်းတော့ တွန့်သွား၏။

ဒီလို အိုပယ်ဖြစ်ခါနီးကြီးကို ကိုယ့်သမီး အပျိုနုနုထွတ်ထွဋ်လေးက ယောကျ်ားတော်ရမယ်တဲ့လား။ ကိုယ့်ရင်ဘတ်ကို တဘုန်းဘုန်းထုပြီးတော့သာ ဟစ်ဟစ်ပြီး ငိုလိုက်ချင်ပါရဲ့။

"ကျွန်တော် ကမ်းလှမ်းချက်ကို အမေသာ လက်ခံမယ်ဆိုရင်ညနှင်းစက်လေးကို ဒီဟိုတယ်လုပ်ငန်းအားလုံးအပြင် ကျွန်တော့်ရဲ့ ကျတဲ့ပိုင်ဆိုင်မှုတွေအားလုံးနဲ့ပါ တင်တောင်းပါရစေ"

ဒေါ်နှင်းကြည် ရင်ထဲမှာ အခါခါ ငြင်းဆန်နေမိ၏။ သူ့ဟာဟိုတယ်လုပ်ငန်းနဲ့ရော တခြားပိုင်ဆိုင်မှုတွေအကုန်လုံးပါ တင်တောင်းမကလို့ တစ်ကမ္ဘာလုံးမှာရှိတဲ့ စည်းစိမ်ဥစ္စာတွေကိုပဲ တင်တောင်းတောင်း ဒေါ်နှင်းကြည်တို့က လုံးဝ သဘောမတူနိုင်ပါ။

"စိတ်မရှိပါနဲ့ လူကြီးမင်းရယ်၊ ကျွန်မသမီး အပျိုစင်နုနုထွတ်လေးကို လူကြီးမင်းလို ဂုဏ်သိက္ခာရှိတဲ့ လူကြီးလူကောင်း





ယောက်နဲ့ ပေးစားလို့ လုံးဝမဖြစ်ပါဘူး၊ နောက်ပြီး သမီးမှာ ရည်ရွယ်ထားပြီးသားလူ ရှိပါတယ်"

"စဉ်းစားပါ အမေရယ်၊ ကျွန်တော် အမေ့သမီးကို တကယ်မြတ်မြတ်နိုးနိုးနဲ့ တန်ဖိုးထားပြီး ချစ်ပါ့မယ်"

ဒေါ်နှင်းကြည် အားနာစွာနှင့်ပဲ ခေါင်းကို တွင်တွင်ခါနေ၏။

"မဖြစ်နိုင်ပါဘူးရှင် ပြန်ပါတော့ လူအိုရုံသွားဖို့နီးနေတဲ့ လူကြီးမင်းကို ကျွန်မသမီးကလည်း လုံးဝလက်ခံမှာ မဟုတ်ပါဘူး၊ ဒါကြောင့်ဆက်လျှော့လိုက်ပါ၊ တကယ်လို့ ကျွန်မတို့ဘက်က ခုလို ငြင်းလိုက်လို့လူကြီးမင်း ဂုဏ်သိက္ခာ ညှိုးနွမ်းမယ်ဆိုရင်လည်း ကျွန်မသမီးလေးကိုလှယ်သာ ထုတ်ပစ်လိုက်ပါတော့၊ လူကြီးမင်းကိုတော့ လုံးဝ လက်မခံရစေနဲ့"

ဒေါ်နှင်းကြည် ငိုသံပါကြီးနှင့် ပြောလိုက်သည်။

သမီးရဲ့အလုပ်ရှင်သူဌေးဖြစ်နေလို့သာပေါ့။ ဒီနေရာမှာ တခြားသာဆိုလျှင် ဒေါ်နှင်းကြည် ဒေါသတွေ အထွတ်အထိပ် ရောက်အောင်တတ်သုံးမိမလားပင်။

ငွေကြေးဂုဏ်ဒြပ်ကြောင့် သမီးရဲ့ ချစ်တတ်တဲ့ နှလုံးသားကိုသစ် ပွဲကြေမခံနိုင်ပါ။

သမီး မောင်ဇေယျာမြတ်မိုအား မေတ္တာသက်ဝင်နေသည်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းကြည် ကောင်းကောင်းသိသည်လေ။

■ ■ ■



## အခန်း (၂၅)

"ဘယ်လို အမေ MD က အမေ့ဆီလာပြီး သမီးနဲ့ လက်ထပ်ဖို့ ခွင့်တောင်းတယ် ဟုတ်လား"

ညနှင်းစက် တအံ့တဩဖြင့် အလျဉ်စလို မေးလိုက်သည်။

ထို့နောက်သက်ပြင်းကို ခပ်ကြမ်းကြမ်းချလိုက်သည်။

ဘာကြောင့်လဲ။ ညနှင်းစက် ဘဝထဲကို ယောကျ်ားသုံးယောက် က တစ်ပြိုင်နက်တည်း ဝင်လာရတာလဲ။

"အမေလည်း သမီး သဘောမကျလောက်ဘူးထင်ပြီး လုံးဝကို အပြတ်ငြင်းလိုက်တာပေါ့ကွယ်၊ ဒီလို သက်ကြားရွယ်အိုကြီးနဲ့တော့ အမေ့ သမီးကို အမေကလည်း သဘောမတူနိုင်ပါဘူးအေ၊ သူ့ဟာသူ ဥစ္စာ ပစ္စည်းတွေ ဘယ်လောက်ပုံပေးပေး မက်စရာလား"



www.burmeseclassic.com

www.burmeseclassic.com



ခံပြင်းစွာ ပြောနေသော အမေ့ကိုကြည့်ပြီး ညနှင်းစက် ဘာပြော ရမည်မှန်းပင် မသိတော့။

အမေ ညနှင်းစက်ကို အကဲခတ်သလို အကြည့်ဖြင့် ကြည့် သည်။

"အခု သမီး ရင်ထဲမှာ ဘယ်သူရှိနေလဲ သမီး"

"အာ အမေကလည်း"

"ဟဲ့ အမေကလည်း မလုပ်နဲ့ ညည်းလည်း အရွယ်ရောက်နေပြီ ကိုယ့်ရုပ်ကိုယ့်ရည်နဲ့ ယောကျ်ားတစ်ယောက်ကို ခေါင်းခေါက်ယူရမယ့် အရွယ်ရောက်နေပြီ"

"ယောကျ်ားယူတာက လွယ်တယ် အမေ၊ ခင်ပွန်းကောင်း တစ်ယောက်ဖြစ်မဖြစ်ဆိုတာပဲ ခက်တာ၊ နောက်ပြီး အမေ့ကိုလည်း သမီး မခွဲနိုင်ဘူး အမေရဲ့"

"အိုအေ ဒါက ဘာမှမပြောပလောက်တဲ့ကိစ္စလေးပါ၊ အချိန် တန်အရွယ်ရောက်လို့ အတောင်အလက်စုံတဲ့အခါကျရင် ဒီလိုပဲ မိဘတွေ ကို ခွဲခွာရတာ သဘာဝပဲ၊ အမေတို့တုန်းကလည်း ဒီလိုပဲ ခွဲခွာခဲ့ရတာ ပဲလေ"

"အဲဒီတုန်းကရော အမေ မိဘတွေကို မလွမ်းဘူးလား"

"အို လွမ်းရအောင် အပြီးခွဲရတာမှ မဟုတ်တာ၊ မိဘအိမ်





အချိန်မရွေး သွားလာလို့ရတဲ့ဟာပဲ"

"ဒါဆို အမေက သမီးကို ခွဲနိုင်တယ်ပေါ့"

ညနှင်းစက် မိခင့်ရင်ခွင်မှာ ခေါင်းတိုးဝင်ပြီး ခပ်ချွဲချွဲမေးလိုက် သည်။ ရှင်မတောင်သနပ်ခါးရနံ့နှင့် ရောနေသော အမေ့ကိုယ်သင်းနံ့လေး က ညနှင်းစက် နှာသီးဝသို့ တိုးဝင်လာသည်။

ညနှင်းအတွက်ကတော့ အမေ့ကိုယ်ကထွက်သော ရနံ့က ဘာနံ့ ပဲဖြစ်ဖြစ် သဘောကျ၏။

"မိဘဆိုတာ ဘယ်သားသမီးကိုမှ ခွဲနိုင်တယ်ဆိုတာ မရှိပါဘူး သမီးရယ်၊ ဒါပေမဲ့ ကိုယ့်သားသမီး အနာဂတ်လှပဖို့ ဂုဏ်သိက္ခာရှိရှိ ရှင်သန်နိုင်ဖို့အတွက် ခွဲခွာသင့်ရင်လည်း ခွဲခွာရမှာပဲလေ"

အမေ့အသံက တိုးသက်တိမ်ဝင်နေ၏။

"အမေက သမီးကို သီချင်းဆိုတဲ့အလုပ်ကြီးကို မလုပ်ခိုင်းစေ ချင်ဘူး။ မောင်ဇေယျာမြတ်မိုကိုသာ လက်ထပ်လိုက်ရင် သမီး အေးအေး ချမ်းချမ်း နေလို့ရပြီ၊ အမေလည်း တရားရိပ်သာသွားပြီး စိတ်ဖြောင့် ဖြောင့်နဲ့ တရားအားထုတ်လို့ရပြီ"

အမေ သူ့တွက်ကိန်းနဲ့သူကတော့ ဟုတ်နေ၏။ ဇေယျာမြတ်မို ကိုလည်း တော်တော်လေး သဘောကျနေပုံရ၏။

"သူက သမီးကို တကယ်ချစ်တာ မဟုတ်ရင် ဘယ်လိုလုပ်မလဲ



www.burmeseclassic.com

www.burmeseclassic.com



အမေ''

ညနှင်းစက် စောဒကတက်မပြန်သည်။ ဖယော့ာမြတ်မိုကို ချစ်မိပေမယ့်လည်း လက်ထပ်ဖို့ ခေါင်းညိတ်ရန်အတွက်တော့ အတော်လေးကို မဝံ့မရဲ ဖြစ်မိ၏။

''ဒီကောင်လေး သမီးကို တကယ်မေတ္တာရှိပါတယ် သမီးရယ်၊ လူတစ်ဖက်သားက ကိုယ့်ကို တကယ့်မေတ္တာစစ်နဲ့ ချစ်နေပါလျက်နဲ့ ကိုယ့်ဘက်က သံသယဝင်ရင် သံသယဝင်တဲ့သူသာလျှင် မေတ္တာဆုံးတတ်တယ် သမီး၊ ဒါကြောင့် မောင်ဖယော့ာမြတ်မိုကိုပဲ သမီးရဲ့ ဘဝလက်တွဲဖော်အဖြစ် ခေါင်းညိတ်လိုက်ပါ သမီးရယ်၊ သမီးအနာဂတ် လှပနေမှာပါ''

''အမေ့စေတနာကို သမီး နားလည်ပါတယ် အမေ၊ သမီးရဲ့ အနာဂတ်ကို အမေ့စိတ်တိုင်းကျ ဖန်တီးပေးပါ့မယ်''

ညနှင်း၏ကတိစကားကြောင့် အမေ နှစ်ခြိုက်စွာ ပြုံးလိုက်သည်။

''လိမ္မာလိုက်တဲ့ သမီးလေးရယ်''

■ ■ ■



အခန်း (၂၆)

''ကိုမြတ် ကောင်မလေးက ဘာအထာလဲဗျာ၊ ချစ်ရင် ချစ်တယ်၊ မချစ်ရင် မချစ်ဘူးပေါ့ဗျာ၊ခုတော့ ကြိုးရှည်ရှည်နဲ့ လှန်ထားရတယ်လို့''

မိန်းကလေးတစ်ယောက်အပေါ် နှစ်နှစ်ကာကာ မချစ်တတ်သေးသော သတိုးသည် ညနှင်းစက်အား ကြိုးရှည်ရှည်နှင့် လှန်ထားသည်ဟု ယိုးစွပ်နေပြန်၏။

''အဲဒါကို ကြိုးရှည်ရှည်နဲ့ လှန်ထားတယ်လို့ မခေါ်ဘူးကွ၊ သူ့ဘဝအခြေအနေကို သိမ်ငယ်ပြီး ငါ့ဆီက အချစ်ကို ခေါင်းမညိတ်ရဲတာ''

ညနှင်းစက်ရှေ့မှ ကာပြောနေသော ဖယော့ာမြတ်မိုကို သတိုး



www.burmeseclassic.com

www.burmeseclassic.com



ပိုရန်ကောဟု ခပ်မဲ့မဲ့ ကြည့်လိုက်သည်။

"အဟား ကျွန်တော့်အမြင်မှာတော့ ကိုမြတ်ကို ရုပ်ပြောင်း ရုပ်လွှဲ လုပ်တတ်တဲ့ ဇာတ်မင်းသားတစ်ယောက်လို့ပဲ မြင်နေပြီ ဟား ဟား ရည်းစားလေးတစ်ခါထားဖို့ စိတ်ပင်ပန်းလိုက်တာ၊ ကိုမြတ်ကိုကြည့်ပြီး ကျွန်တော်ပါ ရည်းစားထ   ်စိတ် လုံးဝမရှိတော့ဘူး"

သတိုး မျက်နှာကို အစွမ်းကုန်ရှုံ့မဲ့လိုက်ပြီး ခေါင်းခါခါ လက်ခါ ခါဖြင့် စိတ်ပျက်စွာဆို၏။

"မင်းရင်ဘတ်ထဲကို အချစ်ဆိုတဲ့ ပြယုဂ်တစ်ခု ဝုန်းခနဲ မဝင် လာသေးလို့ပါကွာ၊ မင်းရင်ဘတ်ထဲ အချစ်ခုန်ဝင်လာကြည့် မင်းလည်း အချစ်ကြောင့် ငါးရံ့ပြာလူး ဖြစ်ဦးမှာပဲ"

သတိုး ဆတ်ခနဲ ပခုံးတွန့်ပြီး မဲ့လိုက်သည်။

"အချစ်ကို ကျွန်တော်က သိပ်စိတ်မဝင်စားဘူး၊ စိတ်ဝင်စား ရင်လည်း ကျွန်တော့်ဆီကို အချိန်မရွေး ခေါ်လိုက်လို့ရတယ်"

"ဟ မင်းက အချစ်ကို ကွမ်းယာဆိုင်က ကွမ်းယာဝယ်သလို လွယ်တယ်လို့ မင်းထင်နေလို့လား၊ အဲဒီလိုမျိုး လွယ်ကူတယ်လို့ ထင်ရတဲ့ အချစ်က အပေါ်ယံခံစားမှုသက်သက်ကွ၊ ဟောဒီ ရင်ဘတ်ထဲကလာ တာ မဟုတ်ဘူး"

"ဒါဆို ကိုမြတ် ညနှင်းစက်ကို ချစ်တဲ့အချစ်က ရင်ဘတ်ထဲက





လာတာပေါ့ ဟုတ်လား"

"ဒါပေါ့ အဲဒါကြောင့် ည   းစက်ရဲ့ဘဝအစိတ်အပိုင်းတွေကို ငါ အမျိုးမျိုး စမ်းသပ်နေတာပေါ့၊ ငါ ထင်ထားတာထက်တောင် ညနှင်း စက်ရဲ့ဘဝလေးက ဖြူစင်လွန်းနေတယ်၊ ဒါကြောင့် ငါ အဲခုချိန်ထိ ညနှင်းစက်ရဲ့အချစ်ကို ရဖို့ ကြိုးစားနေတာ"

"ဟွန်း ဟိုကဖြင့် ခုချိန်ထိ မီးစိမ်းပြတုန်း"

"ပြချင်တာ ပြပါစေပေါ့ကွာ၊ ငါ့ဘက်က မေတ္တာမှန်ရင် သူ့ ဘက်က အချစ်တွေ ငါ့ဆီကို အလိုလို ရောက်လာလိမ့်မယ်"

"ရောက်လာတာ မှန်ပါတယ်၊ ဒါပေမဲ့ တကယ်တမ်း လက်ထပ် မယ်ဆိုရင်တော့ ကြီးမေတို့နဲ့ ရင်ဆိုင်ရလိမ့်မယ် ထင်တယ်"

သတိုး ကြားထဲကနေ မေယျာမြတ်မို၏ မိတသဘောမတူမှုကို ဦးပြီး ပူပန်ပေးနေ၏။

"မာမီတို့က အမျိုးကောင်းသမီးတစ်ယောက်ဖြစ်ဖို့က အဓိကပဲ၊ ချမ်းသာတာ ဆင်းရဲတာကို အာရုံသိပ်မထားပါဘူး၊ ညနှင်းက ဆင်းရဲ ဘယ်၊ ဘဝအကျိုးပေး မကောင်းလို့ သီချင်းဆိုတဲ့အလုပ် လုပ်နေပေမယ့် သန့်တယ်၊ အဲဒီအတွက် မာမီတို့သဘောမတူမှာကို ငါ မစိုးရိမ်ဘူး၊ မာမီတို့က ငါယူမယ့်မိန်းမက သူများအိမ်က အိမ်ဖော်ပဲဖြစ်နေပါစေ အဓိကက ရိုးသားဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖေယျာမြတ်မို လက်ထဲမှ ကုတ်ဘူးကို လှုပ်ရမ်းကာ မော့သောက်လိုက်ပြီး တည်တည်ငြိမ်ငြိမ် ပြောခဲ၏။

သတိုးက ဆံပင်ကို ဟန်ပါပါနှင့် သပ်တင်လိုက်ပြီး ခေါင်းကိုဆတ်ခနဲ တစ်ချက်ညိတ်လိုက်သည်။

"အင်းလေ ကြီးမေတို့က ဂုဏ်သိက္ခာအဆင့်အတန်းကို ခွဲခြားတတ်တာတော့ မဟုတ်ပါဘူးလေ၊ ဘာပဲဖြစ်ဖြစ် ကိုမြတ်ရဲ့မဟေသီရွေးပွဲအောင်မြင်ပါစေလို့ပဲ ဆုတောင်းရမှာပေါ့"

"ဆုတောင်းစရာမလိုဘူး သတိုး၊ ပြည့်ကိုပြည့်မှာကွ၊ ငါ့ကိုညနှင်း စိတ်ဝင်စားနေပြီ၊ ငါ အသေအချာကို သိနေတယ်"

"ဒါဆိုလည်း အကြိုတေဘာယ်လ်လေး လာလေ ကိုမြတ်ရာအခု ကျွန်တော် ဘာမှမစားရသေးဘူး၊ လာ ထ အကင်ဆိုင်တစ်ခုခုကိုသွားကြမယ်"

"မင်းစားချင်ရင် ဟိုတယ်က လှမ်းမှာလိုက်ကွာ"

"ဟာ ကိုမြတ် ဟိုတယ်က အကင်ကြီး မစားချင်ပါဘူး၊ အအေသာက ရှိနေပြီ၊ တခြားအကင်သီးသန့်ဆိုင်ကို သွားမယ်၊ ဟိုတယ်ကြီးတစ်လုံးလုံး ပိုင်ပြီး ကပ်စေးက နည်းနေတယ်"

"မဟုတ်ပါဘူးကွာ မနည်းပါဘူး၊ ငါ ဒီနေ့ နည်းနည်း ပြီးနေတယ်ကွ၊ ဒါကြောင့်ပါ ကဲ ကဲ သွားမယ် သွားမယ် ထ"





ဖေယျာမြတ်မို အကြောင်းပြချက်ပေးပြီးမှ ညီဖြစ်သူ သတိုးနှတ်ခမ်းစူနေသဖြင့် စားပွဲပေါ်တင်ထားသော ကားသော့နှင့်ဖုန်းကိုကောက်ယူပြီး ထိုင်ရာမှ ထလိုက်သည်။

ဒီတော့မှ သတိုးမျက်နှာ ပြုံးဖြီးဖြီး ပြန်ဖြစ်သွားပြီး ဖေယျာမြတ်မို လက်မောင်းကို မနာအောင် ခပ်ဖွဖွ ထိုးလိုက်သည်။

ထို့နောက် အိမ်ကြီးထဲမှ ထွက်ခဲ့ပြီး ကားကို ရီမုဒ်ဖြင့် လှမ်းဖွင့်လိုက်သည်။

ညကောင်းကင်မှာ ကြယ်လေးတွေ ပြုံးပြုံးပျက်ပျက် လက်နေသည်။

ဘာကြောင့်ရယ်မသိ ညနှင်းစက်ကို တွေ့ချင်စိတ် ပြင်းပြသွားသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"သမီး စားကောင်းလား"

"အင်း ကောင်းတယ် အမေ၊ ဒီတစ်ခါ မေမေ့လက်ရာက အရင်ကထက် ပိုပြီးကောင်းနေသလိုပဲ သိလား"

အမေ ဟင်းပန်းကန်ထဲမှ ဆိတ်သားနှပ်တစ်တုံးကို ခပ်ထည့်ပေးလိုက်သည်။

"အဲဒါ အမေ ချက်တာ မဟုတ်ဘူး သမီးရဲ့၊ မနက်က သမီး ဈေးခေးနဲ့ ဈေးဝယ်ထွက်တုန်း မောင်လူရှိန်း ချက်ပေးတာလေ"

ညနှင်း ထမင်းစားနေရင်းမှ မျက်ဝန်းလေး ဝိုင်းစက်အောင် အံ့ဩသွားသည်။

"အံမယ် တယ်ဟုတ်ပါလား။ သမီးတောင် သူ့လောက် အောင်ပြေအောင် ချက်တတ်မှာမဟုတ်ဘူး"





"အမလေး ထမင်းဟင်းချက်တတ်တဲ့နေရာမှာတော့ အမေ့ထက်တောင် မောင်လူရှိန်းက ဆရာကျနေသလိုပဲကွယ်၊ အမေဖြင့် အံ့ဩလိုက်တာမှ ပြောမနေနဲ့ ဘုန်းကြီးကျောင်းမှာကပ်နေတဲ့လူက ဒီလောက်ဟင်းကို အဆင့်အတန်းမြင့်မြင့် ချက်တတ်ရတယ်လို့ သူ ချက်ပြုတ်ရာ ဘိုင်နေတဲ့ပုံစံက စားဖိုမှူးတစ်ယောက်လိုပဲ ဖျတ်လတ်သွက်လက်နေတာပဲ"

"ဟုတ်လား သမီးက အမေ့ထက်တောင်ပိုပြီး အံ့ဩနေပြီ အမေ၊ ကိုလူရှိန်းကို အမေ ဘယ်လိုမြင်လဲ"

ညနှင်းစက် အမေးကို အမေက ရိုးရိုးလေးပဲ တွေးသည့်ပုံစံဖြင့် ဖြေလိုက်ပြီး

"ဘယ်လိုမြင်ရမှာလဲ သမီးရယ်၊ အခြေမဲ့အနေမဲ့ လူငယ်ဒုက္ခိတလေးတစ်ယောက်လို့ပဲ မြင်တာပေါ့"

"အမေကလည်း အပေါ်ယံရုပ်ပြီး အမြင်နဲ့ ပြောတာကိုး၊ သမီးတော့ သိပ်ပြီး မသက်သာချင်ဘူး။ လူကသာ ဘာမှမဟုတ်တဲ့ အရည်အချင်းရှိတဲ့သူလို ဂိုက်ဖမ်းထားတာ၊ သူ့လုပ်ပုံကိုင်ပုံ နေပုံထိုင်ပုံ စနစ်ကျတာက သူနေနေရတဲ့ဘဝနဲ့ လုံးဝ တခြားစီ"

"အင်း သမီးပြောတာတော့ အမှန်ပဲ၊ အမေလည်း အဲဒီလောက်တော့ မြင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ပြောတာပေါ့၊ သူ့မှာ လျှို့ဝှက်ချက်တစ်ခုခုမ
ရှိရမယ်"

"ရှူး တိုးတိုးပြော၊ နောက်ဖေးမှာ မြောင်းဖောက်နေတယ်
ကြားသွားဦးမယ်"

အမေ သတိပေးတော့မှ ညနှင်းစက် အသံလေး ဖျော့ပြီး
ဖက်ကလေး ပုသွားသည်။

ထို့နောက် ထမင်းပန်းကန်ထဲတွင် ကျန်နေသေးသော တစ်လု
စာ ထမင်းကို လက်စသတ်စားလိုက်ပြီး ထမင်းပန်းကန်ကိုင်ကာ ရေ
ပြင်ဆီသို့ ထွက်လာခဲ့လိုက်သည်။

နောက်ဖေးတွင် ကိုလှရိုး ရှိမနေ။ ညနှင်းစက် ထမင်းပန်းကန်
ဆေးရင်းနှင့် ကိုလှရိုးကို ဝေ့ဝဲရှာလိုက်သည်။

"အိုကေ အိုကေ မင်းကြည့်ပြီး စီစဉ်ထားလိုက်ကွာ၊ ငါ
အောင့်နေရင် ပြန်လာခဲ့မယ်၊ ငါ့ကို နောက်တစ်ကြိမ် ဖုန်းထပ်မဆက်
တော့"

ညနှင်းစက် ရေကပြင်နှင့် သိပ်မဝေးသော အိမ်သာရှိရာသို့
နားစွင့်လိုက်သည်။ စကားပြောသံသဲ့သဲ့က အိမ်သာထဲမှ ထွက်ပေါ်
ခြင်း ဖြစ်သည်။

ညနှင်း ထပ်ပြီး နားစွင့်နေလိုက်၏။ ကိုလှရိုး အိမ်သာထဲ





ဖုန်းပြောနေတာများလား။ ညနှင်းစက် နားနှင့်ဆတ်ဆတ်ကြားလိုက်ရတာ
က ငါ့ကို နောက်တစ်ကြိမ် ဖုန်းထပ်မဆက်နဲ့တော့ဆိုသော စကားသံ။

ညနှင်းစက် လုံးဝ နားကြားမလွဲနိုင်။ သဲလွန်စတစ်ခုကတော့
ညနှင်းစက်ရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီ။

ညနှင်းစက် ခြေသံဖွပြီး အိမ်ထဲပြန်ဝင်လာလိုက်၏။
သိပ်မကြာလိုက်။ လှရိုး အိမ်သာထဲမှ ထွက်လာသည်။

"ဝုန်း"

"ဟယ်"

ရေဇလုံကြီးဖြင့် အရှိန်ဖြင့် လှမ်းပက်လိုက်သော ညနှင်းစက်
၏ လက်ချက်ကြောင့် လှရိုး တစ်ကိုယ်လုံး ရေတွေ ရွှဲကုန်၏။

"ဟောတော် ကိုလှရိုး ဒီမှာရှိမှန်းမသိလို့ ပန်းကန်ဆေးရေတွေ
သွန်လိုက်မိတာ"

ညနှင်းစက် အလွန်အမင်း အားနာဟန်လေးဖြင့် ပြောလိုက်၏။
ဒေါ်နှင်းကြည် နောက်ဖေးမီးဖိုခန်းထဲ ဝင်လာသည်။

"သမီး ဘာဖြစ်တာလဲ"

"ဒီမှာလေ ကိုလှရိုးရှိမှန်းမသိလို့ ပန်းကန်ဆေးရေတွေကို လှမ်း
ပက်လိုက်မိတာ အမေရဲ့"

လှရိုး ရေကပြင်ဘေးတွင် ရေစိုနေသော ခန္ဓာကိုယ်နှင့် ယောင်



www.burmeseclassic.com

www.burmeseclassic.com



ပေပေ ရပ်နေ၏။

"ဩော် သမီးဟာလေ လုပ်လိုက်ရင် အရမ်းချည်းပဲကွယ်။ ကဲ လူရိုး လာ လာ အိမ်ပေါ်တက်ခဲ့၊ အဝတ်အစားလဲရအောင်၊ အဲ အရင်ဆုံး အင်္ကျီချွတ်ပြီး ရေချိုးလိုက်"

လူရိုး ခေါင်းညိတ်ပြပြီး အင်္ကျီချွတ်ရန် ကြယ်သီးတွေကို ဖြုတ်လိုက်သည်။ ပြီးနောက် ညနှင်းစက်ကို ရှက်သလို အမူအရာနှင့် လှမ်းကြည့်နေသဖြင့် ညနှင်းစက် အိမ်ထဲဝင်ခဲ့လိုက်သည်။

"ကဲ အင်္ကျီကို တန်းမှာ ခဏတင်ထားလိုက်၊ မင်း အိမ်ဘေးမှာ ရေအရင်သွားချိုးလိုက်"

လူရိုး ခေါင်းတဆတ်ဆတ် ညိတ်ကာ ဝါကျင်ကျင် အင်္ကျီကို အဝတ်တန်းပေါ်တင်ပြီး အိမ်ဘေးရှိ ရေချိုးကန်သို့ ရေချိုးရန် ထွက်သွား၏။

ဒီတော့မှ ညနှင်းစက် နောက်ဖေးသို့ တိတ်တိတ်ကလေး ထွက်ကာ အဝတ်တန်းပေါ် တင်ထားသော အင်္ကျီအိတ်ကပ်ထဲမှ ဖုန်းရှိမရှိ နှိုက်စမ်းလိုက်သည်။ ဖုန်းက မရှိ။

ညနှင်းစက် အတွေးနည်းနည်း ကျပ်သွား၏။ ဖုန်းကို သူ ဘယ်နေရာမှာ ဖွက်လိုက်ပါလိမ့်။

ထို့နောက် သူ ဖွက်ထားနိုင်မည့် နေရာတွေမှာ ဖုန်းကိုကယျာကယာ လိုက်ရှာလိုက်၏။





"ဟော တွေ့ပြီ"

ရေကပြင်ပေါ်ရှိ ဒန်အိုးတွေမှောက်ပြီး တင်ထားသော စင်ပေါ်တွင် ဒန်အိုးတစ်လုံးနှင့် မှောက်အုပ်ပြီး ဖွက်ထားတာကို တွေ့လိုက်၏။

ညနှင်း အလျင်အမြန်ယူလိုက်ပြီး ထိုဖုန်း၏ ဖုန်းနံပါတ်ကို ကပျာကသီ မှတ်လိုက်၏။

ထို့နောက် သူ့နေရာသူ ပြန်ထားလိုက်သည်။

ထိုအချိန်အထိ ဖေယျာမြတ်မှ ရေချိုး၍ မပြီးသေး။

ညနှင်းစက် ပြတင်းပေါက်လိုက်ကာကို မသိမသာ လှပ်ကြည့်လိုက်၏။ ညနှင်းစက်ရှိရာ ကျောပေးပြီး ရေချိုးနေသော လူရိုးအား မသိမသာ လှမ်းအကဲခတ်လိုက်သည်။

ခန္ဓာကိုယ် တောင့်တင်း သန်မာကျစ်လစ်ပြီး ကြည်စင်သော အသားအရေက လူဆင်းရဲတစ်ယောက်၏အသွေးအသားမျိုးမှ မဟုတ်တာ။

ဒါဆို ကိုလူရိုး ဘယ်သူလဲ။ ဘာကြောင့် ဒီလိုပုံစံကြီးနဲ့ ညနှင်းစက်တို့အိမ်မှာ နိမ့်ကျသော အလုပ်တွေကို လာလုပ်နေရသနည်း။

အတွေးအာရုံထဲမှာ မေးခွန်းပေါင်းများစွာဖြင့် ဆောက်တည်ရာမရသလို လှိုင်းထန်နေ၏။

ထိုကိစ္စကို အမေသိမှာ ကျိန်းသေ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ကိုလူရိုး အမေ ဒီနေ့ နေသိပ်မကောင်းလို့ ညနေလောက် အထိ အိမ်မှာနေပေးလို့ရမလားဟင်"

ညနှင်း အမေးကြောင့် ကိုလူရိုး ခေါင်းညိတ်ပြသည်။

"ဒါဆို ကျွန်မ စိတ်ချမယ်နော်၊ ဒီနေ့ သီချင်းတိုက်စရာရှိလို့ ကျွန်မ စောစောသွားရမယ်"

ညနှင်းစက် ဟိုတယ်သွားရန် ပြင်ဆင်ထားသဖြင့် လူရိုး မျက်စိထဲမှာ ငေးမဆုံးလောက်အောင် လှနေသည်။

ထို့ကြောင့် သတိလက်လွတ် ငေးမောနေမိသည့်အဖြစ်။

ဖူးအိုရွှန်းစိုသော နှုတ်ခမ်းတစ်စုံနှင့် သွေးကြောမျှင်လေးများ ပေါ်အောင် စိမ်းနေသော စိမ်းဖန့်ဖြူနုနေသော ပါးပြင်မို့မို့ကို စိတ်၌





လက်ရှိသာ နမ်းခြွေခွင့်ရလိုက်လျှင်ဖြင့်ဟူသော အတွေးတို့သည် လူရိုး၏ ရင်ကို တငြိမ့်ငြိမ့်နှင့် လှုပ်ခတ်တုန်ခါစေ၏။ ထို့ပြင်

အနက်ရောင် ရယ်ဒီမိတ်ဆွဲသားအကျီအောက်မှ တင်းရင်းပြေပြစ်လွန်းသော ကိုယ်နေဟန်ထားနှင့် လိုက်ဖက်စွာ ဝတ်ဆင်ထားသော စတိုင်ပန်အောက်မှ သွယ်လျသော ပေါင်တံနှင့် နီရဲနုးညံ့နေသော ခြေချောင်းသွယ်သွယ်။ ထိုအလှတရားများသည် လူရိုးကိုမှမဟုတ် တခြားပုရိသတွေကိုပင် ဆွဲဆောင်နိုင်လွန်းသော မဟာဆန်သည့် အလှတရားများဖြစ်သည်။

ထိုအလှတရားများကို မက်မောတွယ်တာမိသူတို့၏ သဏ္ဍာန်မှာ ပိုင်ဆိုင်လိုစိတ်တွေ ပေါ်ပေါက်ရခြင်းမှာလည်း လွန်ဖွယ်ရာမရှိ။

"ကိုလူရိုး ကျွန်မပြောတာ ကြားလား၊ လူကို ဘာဖြစ်လို့ အဲဒီလောက် ငေးကြည့်နေရတာလဲ"

ညနှင်းစက် အသံကြားမှ ကိုလူရိုး သတိလက်လွတ် ငေးမောနေရာမှ အသိဝင်လာပြီး ရှက်ကိုးရှက်ကန်း ဖြစ်သွားကာ မလုံမလဲဟန်ဖြင့် ခေါင်းညိတ်ပြ၏။

"ကဲ ဒါဆို ကျွန်မ သွားတော့မယ်၊ တအောင့်နေရင် စားပွဲပေါ်မှာ အမေ့ကို တိုက်ဖို့ ဆေးပြင်ထားတယ်၊ အိုဗာတင်းလေးတစ်ခွက် ဖျော်ပြီး တိုက်လိုက်နော်"



www.burmeseclassic.com

www.burmeseclassic.com



ကိုလူရိုး ခေါင်းညိတ်သည်။

ညနှင်း ကိုလူရိုးရှေ့မှ ထွက်ခဲ့ပြီး ကြိုးသိုင်းဒေါက်ဖိနပ်ကို စီးလိုက်ကာ အိမ်ပေါ်မှ ဆင်းခဲ့လိုက်သည်။

လမ်းထိပ်ရောက်တော့ P.C.O ဖုန်းမှ ကိုလူရိုး၏ဖုန်းနံပါတ်ကို လှမ်းဆက်လိုက်သည်။

ဖုန်းပိတ်ထားသည် ခေါ်၍မရ။

ထို့ကြောင့် ညနှင်း လက်လျှော့ကာ ဖုန်းဆိုင်ထဲမှ ထွက်ခဲ့လိုက်သည်။

"ညနှင်း"

အနောက်မှ ခေးခေး လှမ်းခေါ်သံကြောင့် ညနှင်း လှည့်ကြည့်လိုက်သည်။ ခေးခေး ညနှင်းရှိရာသို့ ခပ်သွက်သွက် လျှောက်လာ၏။

"နင် ဘယ်သွားမလို့လဲ"

"အလုပ်သွားတော့မှာပေါ့"

"အစောကြီး ရှိသေးတဲ့ဟာကို ဘာသွားလုပ်မလို့လဲ"

ခေးခေး လက်မှနာရီကိုငုံ့ကြည့်ပြီး မေးသည်။

"အကြောင်းရှိလို့ အိမ်ကို သီချင်းတိုက်မယ်လို့ပြောပြီး ထွက်လာတာ"

"ဘာအကြောင်းလဲဟ၊ နင်ကလည်း အချင်းချင်းတွေကို လာ





လျှိုနေပြန်ပြီ"

ခေးခေး မကျေမနပ် မျက်စောင်းခဲ့ပြီး ပြောသဖြင့် ညနှင်းစက် ရယ်လိုက်ရင်း

"နင်ကလည်း လောလိုက်တာ၊ ပြောမှာပေါ့ဟ၊ ငါ့အိမ်မှာ လာငိုင်းကူပေးတဲ့ ကိုလူရိုးမှာ ဖုန်းရှိတယ်ဟ"

ခေးခေး မျက်လုံးအဝိုင်းသားလေးဖြင့် ညနှင်း ဆက်ပြောမည့် စကားကို နားစွင့်ရင်း

"ဟယ်တော် မယုံနိုင်စရာပဲ ဆက်ပြောပါဦး"

"သူမသိအောင် ဖုန်းနံပါတ်ကို ငါ ခိုးမှတ်ထားပြီး သူ ဘယ်သူ လဲဆိုတာ သိရအောင် အပြင်ကနေ ဖုန်းဆက်ပြီး စုံစမ်းမလို့"

"ဆက်ပြီးပြီလား"

"အင်း ဆက်ပြီးပြီ၊ ဖုန်းပိတ်ထားတယ်"

"ဟင်း ဇာတ်က အရှိန်မြင့်နေမှဟာ၊ ဟက်ကော့ကြီးဖြစ်ကျန်ခဲ့ပြီ"

"ငါလည်း မတတ်နိုင်ဘူးလေ၊ ညကျမှ တစ်ခါထပ်ဆက်ကြည့် ဦးမယ်ဟာ"

"အေး နင် ဆက်ရင် ငါ့လည်းပြော၊ ငါလည်း အဲဒီကိစ္စကို စိတ်ဝင်စားတယ်ဟ၊ ဒီလူ ဘာအကြံနဲ့များ ဒီလိုလာလုပ်ပေးနေတာလဲ



www.burmeseclassic.com

www.burmeseclassic.com



မသိဘူးနော်၊ ဒီလူ့မှာ ဖုန်းရှိတယ်ဆိုကတည်းက အောက်ခြေလူတန်းစား မဟုတ်ဘူးဆိုတာ သက်သေပြနေတာပဲ''

ခေးခေးပါ လူရှိုးကိစ္စအတွက် အားတက်သရော ဖြစ်နေ၏။

''အေးပါ နှင့်ကိုပြောမှာပေါ့၊ ဒါနဲ့ နှင်ကရော ဘယ်သွားမလို့လဲ ငါ့ကိုကျတော့ မေးတယ်၊ နှင်ပြင်ထားတာလည်း လန်ထွက်နေတာပဲ''

''အင်တာနက်ဆိုင် သွားမလို့လေဟာ၊ ဒီနေ့ ငါ့ကိုကိုနဲ့ စကားသွားပြောမလို့''

မချိုမချဉ် မျက်နှာပေးဖြင့် အသားယူပြောနေသော ခေးခေးကို ကြည့်ပြီး ညနှင်းစက် စိတ်ပျက်စွာ ရယ်လိုက်သည်။

''နှင် လိုက်ခဲ့ပါလား၊ အဲဒီကအပြန်ကျမှ ဟိုတယ်ကိုသွားကြမယ်လေ''

''နှင်တို့ သမီးရည်းစား ချစ်နှလန်ထမှာကို ငါက ဘာလိုက်လုပ်ရမှာလဲ''

ပြောမည်သာ ပြောရသည် ညနှင်းစက် ဟိုတယ်လည်း မသွားချင်သေးသလို ဘယ်ကိုသွားရမှန်းလည်း မသိ။

''ဒါဆို နှင် ဘယ်သွားမလဲ''

''မသိဘူး''

''ဒါဆို လိုက်ခဲ့စမ်းပါဟယ်၊ ဟိုရောက်မှ ငါ့ကိုကို ဟိုကနေ





ရိုက်ပြီး ပို့လိုက်တဲ့ ဓာတ်ပုံတွေ အင်ဝ ဂနက်ထဲမှာရှိတယ် နှင့်ကိုပြမယ်''

''အေးလေ သွားစရာမှ မရှိတာ၊ သူများသမီးရည်းစားတွေ ချစ်နှလန်ထတာကို လိုက်ပြီး မျှော်ရတော့မှာပေါ့''

''အဟီး စိတ်ချ ချစ်သူကို ဘယ်လိုအနိုင်ယူရမလဲ ဘယ်လို အီစီကလီနည်းတွေနဲ့ ချွဲရမလဲဆိုတာကို''

''နေပါ ချစ်သူမထားရရင် နေပါစေ၊ နှင့်လို အီစီကလီတွေတော့ မလုပ်ဘူး၊ ငါတို့က ရိုးရိုးလေးပါပဲ''

နှစ်ယောက်သား စကားရည်လုပွဲလေးနှင့် နောက်ပြောင်ကြရင်း အင်တာနက်ဆိုင်သို့ လမ်းလျှောက်လာကြ၏။

''ဟယ် တွေ့ပြန်ပြီ''

ညနှင်းစက် ဖေယျာမြတ်မိုး ကားကို ထပ်တွေ့လိုက်၍ လှမ်းနေသော ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားသည်။

ခေးခေးပါ ဘာမသိညာမသိ ရပ်လျက်

''ဟဲ့ ဘာကိုတွေ့တာလဲ ညနှင်း''

''ဟိုမှာလေ ဖေယျာမြတ်မိုးကား''

''အယ် ဟုတ်ပါရဲ့၊ ကားထဲမှာ သူရှိလား''

''မရှိဘူး၊ ငါ သူ့ကားကို ဒီနေရာမှာ ရပ်ထားတာ ဟိုတစ်ခါတုန်းကလည်း တွေ့လိုက်တယ်၊ ခုလိုပဲ လူမရှိဘူး ကားပဲ ရပ်ထားတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဒီနားက တစ်အိမ်အိမ်ကို လာတာလားမှ မသိတာ"

ခေးခေးက ထင်ကြေးနှင့်မှန်းပြော၏။

"ဒီနားမှာ သူ့အသိရှိတယ်ဆိုရင် သူ ငါ့ကို ပြောရမှာပေါ့ဟ၊ သူ ငါ့ကို အဲဒီလိုမျိုး တစ်ခါမှ မပြောဖူးဘူး"

ညနှင်းစက် တွေတွေဝေဝေဖြစ်၍နေ၏။ သူ ဒီနားမှာ ကားရပ်ထားတိုင်း ညနှင်းစက်တို့ အိမ်လည်းမလာ။

"ဟဲ့ ဟိုနားက ကွမ်းယာဆိုင်ကို မေးကြည့်ပါလား။ သူ့ဆိုင်နားမှာ ရပ်ထားတာဆိုတော့"

ခေးခေး အကြံပေး၍ ညနှင်းစက် ကွမ်းယာဆိုင်က အစ်မကြီးကို မေးဖို့ စိတ်စောစွာဖြင့် ခြေလှမ်းသွက်သွက် လှမ်းသွားလိုက်သည်။

"အစ်မ ဒီကားပိုင်ရှင် ဘယ်သွားလဲ မသိဘူး၊ အစ်မများသိရင် ညီမတို့ကို တဆိတ်လောက် ပြောပြပါလား"

ကွမ်းယာသည် အစ်မကြီး ကွမ်းရိုးတွေ ကပ်ကြေးဖြင့်ဖြတ်ရင်း ညနှင်းနှင့်ခေးခေးကို အကဲခတ်သောအကြည့်ဖြင့် မသိမသာ ကြည့်လိုက်ပြီး

"ဒီကားက ဒီမှာ ရက်ခြားဆိုသလို လာလာရပ်ထားတတ်တယ် ညီမလေးရဲ့၊ ညီမလေး အသိကားလား"

ထိုအစ်မကြီး အမေးကြောင့် ညနှင်းစက်နှင့်ခေးခေး တစ်





ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြပြီး

"ဟုတ်တယ် အစ်မ၊ ကားကတော့ ညီမအသိကားပါ၊ လူကတော့ ညီမတို့အသိဟုတ် မဟုတ် မသေချာဘူး၊ ဒါကြောင့် အစ်မများ သိမလားလို့ပါ"

"အင်း ဒီကားက မနက်ခြောက်နာရီလောက်ဆို ရောက်လာတတ်တယ်၊ ဒါပေမဲ့ ပိုင်ရှင်တော့ မပါဘူးထင်တယ်၊ ကားဒရိုင်ဘာပဲ လာရပ်ပြီး ဟိုဘက်ကို ထွက်ထွက်သွားတယ်"

ကွမ်းယာသည် အစ်မကြီး ညွှန်ပြသောနေရာက ညနှင်းစက်တို့နေသော ရပ်ကွက်ဘက်သို့ ဖြစ်နေသဖြင့် ညနှင်းစက် ပို၍ အံ့ဩရ၏။

"အဲဒီ ဒရိုင်ဘာက ဘယ်လိုပုံစံမျိုးလဲဟင် အစ်မ"

ခေးခေး စောဒကထပ်တက်၍ မေးလိုက်သည်။

"အင်း အရပ်ရှည်ရှည် ဒေါင်ကောင်းကောင်းနဲ့ပဲ အဲ မျက်နှာမှာအမာရွတ်ကန့်လန့်စင်းကြီးနဲ့ နဖူးပေါ်က မှဲ့ကြီးက ထင်းနေတာပဲ"

ညနှင်းစက် ရင်တွေ တဒိန်းဒိန်း ခုန်လာသည်။ ကွမ်းယာသည် အစ်မကြီး ပြောပြနေသော ပုံစံက ကိုလူရိုးပုံစံနှင့် တော်တော်လေး ဆင်တူနေ၏။

"ဆံပင်ကဘုတ်သိုက်နဲ့ ပြီးတော့ ခြေထောက်တစ်ဖက်က သိပ်မသန်ဘူး မဟုတ်လား အစ်မ"



www.burmeseclassic.com

www.burmeseclassic.com



ညနှင်းစက် အမေးကြောင့် ကွမ်းယာသည် အစ်မကြီး ခပ်တွေတွေလေး စဉ်းစားလိုက်သည်။ ပြီးမှ

"အင်း ဟုတ်တယ် ညီမလေးပြောသလို ဟုတ်မယ်၊ အဲ ဆံပင်ဘုတ်သိုက်ကိုပြောတာနော်၊ ခြေထောက်ကတော့ သန်ပါတယ်၊ လမ်းလျှောက်ပုံက လူကောင်းတစ်ယောက်အတိုင်းပါပဲ"

ညနှင်းစက် သိချင်တာတွေ ပြည့်စုံသွားသဖြင့် ဘာဆက်မေးရမှန်း မသိတော့။

"ညီမလေးတို့ တွေ့ချင်ရင် ခဏစောင့်ပါလား၊ နေ့လယ်ခင်းလောက်ဆို သူ ပြန်လာပြီး ကားကို ဟိုတက်ကို ပြန်ကွေ့ပြီး မောင်းသွားတတ်တယ်၊ ရှင်းစရာရှိရင်လည်း မျက်နှာချင်းဆိုင် ရှင်းလို့ရတာပေါ့"

ကွမ်းယာသည် အစ်မကြီးက ညနှင်းကို မည်သို့သော ရည်ရွယ်ချက်ဖြင့် ပြောမှန်းမသိ။

"ဟို ရပါတယ် အစ်မ၊ ညီမတို့မှာ ရှင်းစရာ ဘာပြဿနာမှ မရှိပါဘူး၊ ညီမတို့အသိကားနဲ့ တူလို့ ဒီအတိုင်း မေးကြည့်ရုံသက်သက်ပါ"

ခေးခေးက အလိုက်သင့် ပြန်ဖြေလိုက်သည်။

"ကားနံပါတ်ရော တူလား"

"အဲ ဒါတော့ သေချာမသိဘူး အစ်မရဲ့၊ ညီမတို့ ကားနံပါတ်ကိုတော့ မမှတ်ထားမိလိုက်ဘူး၊ ကားပုံစံက တစ်ထေရာတည်း တူနေလို့





မေးကြည့်တာ"

"သြော်"

ရယ်ကျဲကျဲဖြင့် ပြောသော ခေးခေးစကားကြောင့် ထိုအစ်မကြီး 'သြော်' ဟုဆိုကာ ခေါင်းညိတ်ပြီး သူ့ လုပ်စရာရှိတာကို ဆက်လုပ်သည်။

ညနှင်းတို့ ထိုအစ်မကြီးရှေ့မှ နှုတ်ဆက်၍ ထွက်ခဲ့ကြ၏။

"ညနှင်း ငါတို့ ဟိုရှေ့နားက လက်ဖက်ရည်ဆိုင်က စောင့်မလား"

"ဘာလုပ်မလို့လဲ"

"သြော် သူ ပြောပုံအရဆို ဒီကားမောင်းလာတာ ဖေယျာမြတ်မှ မဟုတ်ဘူးဆိုတော့ ဘယ်သူလဲဆိုတာ သိရတာပေါ့"

ခေးခေး စကားကြောင့် ညနှင်း ခပ်လွင်လွင်လေး ရယ်လိုက်သည်။

"ဟဲ့ ဘာရယ်တာလဲ၊ ငါ ပြောတဲ့အထဲမှာ ရယ်စရာတစ်လုံးမှ မပါဘူးနော်"

"အေးပါ ဟုတ်ပါတယ်၊ နင့်စကားကို ရယ်တာ မဟုတ်ပါဘူး၊ ကွမ်းယာသည် အစ်မကြီးပြောတဲ့ လူ့ရဲ့ပုံသဏ္ဌာန်ကို မျက်စိထဲ မြင်ပြီး ရယ်ချင်သွားလို့ပါ"

"ဒါဆို ငါ ပြောသလို လက်ဖက်ရည်ဆိုင်က ထိုင်စောင့်မှာ



www.burmeseclassic.com

www.burmeseclassic.com



လား''

''ဟင့်အင်း မစောင့်တော့ဘူး၊ သူ ဘယ်သူလဲဆိုတာ ငါ သိသွားပြီ''

''ဟယ် ဘယ်သူလဲ''

''ငါတို့အိမ်ကို လာလာနေတဲ့ ကိုလူရိုးပေါ့''

''ဘုရားရေ''

■ ■ ■



## အခန်း (၂၉)

ယောက်ျားတစ်ယောက်က မိန်းမတစ်ယောက်ကို ချစ်မိသွားသည်နှင့်ပင် ရုပ်ရှင်တွေထဲကလို စရိုက်နှစ်မျိုး ထုတ်သုံးပြီး ထိုမိန်းမ၏ အချစ်ကို ရယူဖို့ ကြိုးစားခြင်းဟာ သူ့အဖို့ ရိုမန့်ဆန်သလိုလို ရှိပေမယ့် ညနှင်းစက်အတွက်တော့ အင်မတန် အူကြောင်ကြောင်နိုင်သော လုပ်ရပ်ဟု ပျစ်ပျစ်နှစ်နှစ် ဝေဖန်လိုက်ချင်သည်။

ထို့အပြင် သူ့ဂုဏ်သိက္ခာ သူ့အဆင့်အတန်းနှင့် ညနှင်းစက်လို မိန်းကလေးအိမ်မှာ အောက်ခြေသိမ်း အလုပ်ကြမ်းမှန်သမျှ လာရောက်လုပ်ကိုင်ပေးကာ အမေ့၏ကြည်ဖြူမှုကို အရယူနိုင်သော သူ၏ ဖွဲ့နှင့်လေးနက်သော မေတ္တာတရားကို ညနှင်းရင်မှာ အသိအမှတ်မပြုဘဲ မနေနိုင်သလို ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ကြည်နူးမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖော်မပြနိုင်သော ကြည်နူးမှုတွေက ရင်ဘတ်ထဲမှာတော့ သာသာယာယာပါပဲ။

လောကမှာ ယောကျ်ားတစ်ယောက်၏ နက်နဲသောချစ်ခြင်းအတ္တာတရားဖြင့် ချစ်ခင်ကြင်နာယုယခြင်း ခံရတဲ့ မိန်းမလောက် ကံကောင်းတာ ရှိနိုင်ပါဦးမလား။

ထိုကံကောင်းသော မိန်းမတစ်ယောက်မှာ ညနှင်းစက် ဖြစ်လာလိမ့်မည်ဟုလည်း ဘယ်နှခါမှ အိပ်မက်တောင် မမက်ဖူးခဲ့။

ရင်ထဲမှာ တစိမ့်စိမ့်တွေးလေ ရင်ခုန်သံတို့ ထပ်တူ တစိမ့်စိမ့် လှိုက်ဖိုရလေလေပါပဲ။

ညနှင်း၏ဘဝ တစ်သက်တာအတွက် နွေးထွေးမှုအပေးနိုင်ဆုံး ရင်ခွင်တစ်စုံကို လောကကြီးက ရက်ရောစွာ ချမှတ်ပေးမှတော့ ညနှင်းစက် ဘာကိုတွေဝေနေရဦးတော့မှာလဲ။

ချစ်သည်ဟု ခေါင်းညိတ်အဖြေပေးပြီး ထိုရင်ခွင်နွေးနွေးထဲမှာ အလိုက်သင့် ခိုဝင်လိုက်ရုံပါပဲ။

သို့သော် ကိုလူရှိုး ဖေယျာမြတ်မို၏ လျှို့ဝှက်ချက်ကိုတော့ ညနှင်း ဖော်ထုတ်ရန် ကျန်နေသည်။

"ဟဲ့ ညနှင်း ငါတို့ဖယ်ရီကားနောက်မှာ ဖေယျာမြတ်မို ကားပါလာတယ်"





အတွေးနက်နက်တို့ဖြင့် တစ်ကိုယ်တည်း ဗီလင်ဝင်နေတုန်းမှာ ခုံကို ဆတ်ခနဲ ပုတ်ပြီး ခပ်တိုးတိုး ပြောလာသော ခေးခေး စကားကြောင့် မေးစင်းထားသော မျက်ဝန်းအစုံ ဖျတ်ခနဲ ပွင့်လာသည်။

ဆိုဖာနောက်ကျောမှီမှ ကျော်၍ ဖေယျာမြတ်မိုကားကို လှမ်းကြည့်လိုက်သည်။

ညနှင်း ရင်တွေခုန်နေသည်။ အရင်လို ဝိုင်းမှာလာထိုင်ပြီး ညနှင်းအား ပန်းကုံးတွေ သရဖူတွေ လာဆုချခြင်း မရှိတော့ဘဲ အပြင်မှာသာ လာတွေ့သော ဖေယျာမြတ်မို၏သဘောထားနှင့် ပြောင်းလဲမှုကို ညနှင်း ဘာကြောင့်ရယ်မသိ ကျေနပ်သည်။ အရင်ကထက်ပင် ယုံကြည်မှုတွေ ပိုခဲ့ရပြန်၏။

"သူ့ပုံစံက နင်တို့အိမ်အထိ လိုက်လာမယ့်ပုံပဲဟ"

ညနှင်း လက်ကလေးပိုက်ပြီး ရင်ခုန်သံတို့နှင့်ထပ်တူ သက်ပြင်းခပ်ကြမ်းကြမ်းလေး ချလိုက်သည်။ အပြုံးတို့ ယက်ဖြာနေ၏။

ဖယ်ရီကား ညနှင်းတို့အိမ်ရှေ့ ရောက်သည်နှင့် ဖေယျာမြတ်မိုလည်း အိမ်ရှေ့မှာ ထိုးရပ်လိုက်သည်။

ညနှင်း ဖယ်ရီကားပေါ်က ဆင်းသည်နှင့် သူ့ကားရပ်ထားသောနေရာသို့ ညှင်းသွဲ့စွာ လျှောက်လာလိုက်သည်။

"ရှင့်စိတ်ထဲ လသာနေတယ် ထင်လို့ ကားတစ်စီးနဲ့ လျှောက်

www.burmeseclassic.com



လိုက်နေတာလား''

ဓေယျာမြတ်မို ကားတံခါးဖွင့်ဆင်းလာသည်။

''ဒီနေ့ မင်းရဲ့မျက်နှာလေးကို ကိုယ် မမြင်ရသေးဘူးလေ''

''ရွှီးချက်ကတော့ လန်ထွက်နေတာပဲနော်''

''အဟုတ် ကိုယ်က ဘာကို ရွှီးနေလို့လဲ ပြောပါဦး''

ဓေယျာမြတ်မို ခေါင်းမှ ဆံပင်များကို သပ်တင်လိုက်ပြီး ခပ်ပေါ့ပေါ့ ရယ်လိုက်သည်။

''သိနိုင်ဘူးလေ ရှင့်ရွှီးချက်ကို ရှင်သိမှာပေါ့''

''နိုး ကိုယ်လုံးဝ မသိဘူး၊ ကိုယ်ဘာမှ မရွှီးဘူး ယုံ''

''ဟုတ်လား၊ အင်းလေ မယုံချင်လည်း ယုံပေးရတော့မှာပေါ့''

ညှင်းစက် လွယ်ထားသော အိတ်ကလေးကို ဖြုတ်ပြီး ခပ်ဖြည်းဖြည်း လှုပ်ရမ်းရင်း ခပ်ထေ့ထေ့ စကားလုံး သုံးလိုက်သည်။

''ကဲ ရှင်ပြန်တော့လေ ကျွန်မ အထဲဝင်တော့မယ် ဂွတ်နိုက်''

ညှင်း နှုတ်ဆက်ပြီး လှည့်ထွက်မည်အပြု ဓေယျာမြတ်မို ညှင်းစက်၏လက်ကို ဖျတ်ခနဲ ဖမ်းအုပ်ထားလိုက်၏။

''အို ဘာလုပ်တာလဲ၊ ဒါ ကျွန်မရပ်ကွက် ကျွန်မပတ်ဝန်းကျင်နော်၊ ဒီလို လက်ရဲဇက်ရဲ မကြိုက်ဘူး၊ ဒီလို အကြမ်းနည်းသုံးလို့ ရင်ခုန်လိမ့်မယ် မထင်နဲ့''





ညှင်း မျက်စောင်းဝင့်ကာ ဆောင့်ကြွားကြွား ဆိုလိုက်၏။ ဓေယျာမြတ်မို ဆုပ်ကိုင်ထားသောလက်ကို လွှတ်လိုက်ပြီး

''ဒါဆို ကိုယ့်ကို အဖြေပေးတော့လေ''

''စဉ်းစားဦးမယ်''

''မရဘူးကွာ၊ နှင်းစက် စဉ်းစားတာကြီးကို စောင့်ရင်း ကိုယ် အသက်အိုတော့မယ်၊ ညှင်း ကိုယ့်ကို ထပ်မနှိပ်စက်ပါနဲ့တော့ကွာ ကိုယ် ဦးညွှတ်ပြီး တောင်းပန်တယ်''

ဓေယျာမြတ်မို ကိုယ်ကို ညွှတ်ကိုင်းလျက်ဆို၏။

''ကောင်းပြီလေ ခုလာမယ့် ဆန်းဒေးမှာ ရှင့်ကို အဖြေပေးမယ်၊ ရှင် ကျေနပ်လား''

''အိုကေ ကျေနပ်တယ်၊ ဒါပေမဲ့ ကိုယ့်ကိုချစ်တယ်ဆိုတဲ့ အဖြေပဲ ကြားချင်တာနော်''

''ဟုတ်လား အဲဒါဆိုလည်း ရှင့်ဆန္ဒတွေကို သေချာထုပ်ပိုးထားလိုက်လေ၊ နောက်မှ ကျွန်မပေးမယ့် အဖြေနဲ့ ငြိမငြိ တိုက်ကြည့်ပေါ့ အိုကေ''

ညှင်းစက် အမူအရာလေးက ဓေယျာမြတ်မိုအတွက် မနှိုတရိ ဟန်လေးဖြင့် ချစ်ခြင်းတို့ဖြင့် မှတ်သိပ်စေ၏။

ညအလင်းရောင် ဖျော့ဖျော့အောက်မှ ချစ်သူ၏အပြုံးသည်



www.burmeseclassic.com

www.burmeseclassic.com



လအစင်းတစ်ရာထက်ပင် ပို၍ လင်းလက်တောက်ပကာ ငြိမ်းအေးခဲ့နေသည်ဟု ဇေယျာမြတ်မို တွေးရင်း ကျောခိုင်းသွားသော နှင်းစက်၏ နောက်ကျောပြင်ကို သတိလက်လွှတ် ငေးမောလိုက်သည်။

ညဏ်လေပြည်သည် ကောင်မလေး၏ကိုယ်သင်းရနံ့ကြောင့် ပို၍ မွှေးပျံ့နေ၏။

■ ■ ■



## အခန်း (၃၀)

"အမေ သမီး ဇေယျာမြတ်မိုကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ အမေ"

ညနှင်းစက်ထံမှ မျှော်လင့်မထားသော စကားတစ်ခွန်းကြောင့် ဒေါ်နှင်းကြည် မျက်နှာ ကျေနပ်ပီတိရိပ်တွေ လွှမ်းမိုးသွားသည်။

"ဒါ သမီးနဲ့ အသင့်တော်ဆုံး ဆုံးဖြတ်ချက်ပဲ၊ အမေ့သမီး အနာဂတ်အတွက် ရွေးချယ်လိုက်တဲ့လမ်းက မှန်ကန်ပါတယ်ကွယ်"

"သူ့ကိုလက်ထပ်မယ်ဆိုတာ သမီးဘက်က ဆုံးဖြတ်တာပဲ ရှိသေးတာနော် အမေ၊ တကယ်တမ်း သမီးက သူ့ကို အဖြေပေးရသေးတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ဒီကိစ္စက သိပ်ပြီး အချိန်ဆွဲလို့မကောင်းဘူးကွယ် အဲဒီလို လုပ်ခြင်းအားဖြင့် တစ်ဖက်ယောက်ျားလေးက ကိုယ့်ကို အမြင်တစ်မျိုးနဲ့ မြင်သွားနိုင်တယ်၊ အထူးသဖြင့် မောင်ဇေယျာမြတ်မိုလို လူမျိုးက သမီး ကြိုးရှည်ရှည်နဲ့ လှန်ထားရမယ့်သူမဟုတ်ဘူးလို့ အမေ ထင်တယ်၊ အမေ့အမြင်ပြောရရင် သူဟာ ယောက်ျားပီသတယ်၊ သမီးကို အရိပ်လို ကြည့်နေတတ်တယ်၊ သမီးဘာကြိုက်တယ်ဆိုတာကအစ သမီး ဘယ်လိုနေထိုင်ပြုမူတတ်သလဲဆိုတာကအစ သူ အားလုံးကို အသေးစိပ် ပြောနိုင်တယ်"

အမေ့ အမှန်းစကားတွေကြောင့် ညနှင်းစက် ပခုံးကို ဆတ်ခနဲ တွန့်ကာ ခပ်မဲ့မဲ့ ရယ်လိုက်ပြီး

"အဲဒီလို အသေးစိတ်သိအောင် အမေ ဖွထားတာ မဟုတ်လား သမီး သိတာပေါ့"

"အိုအေ ဘယ်အမေမဆို ကိုယ်ရွေးချယ်မယ့် သားမက်လောင်းရှေ့မှာ ကိုယ့်သမီးကောင်းကြောင်း ဘယ်လောက် ရိုးသားပြီး အပြစ်ကင်းစင်ကြောင်းကိုတော့ သာသာထိုးထိုးလေး ပြောရမှာပေါ့"

"ဟင် အဲမေက ဘာတွေများ သာသာထိုးထိုး ပြောလိုက်လို့လဲ"

"ဩော် သမီးက အနေအထိုင် သိက္ခာရှိတဲ့အကြောင်း အိမ်မှုကိစ္စနိုင်နင်းတဲ့အကြောင်းတွေပေါ့အေ၊ နောက်ပြီး တစ်ခါမှ ရည်းစားမထားဘူးဆိုတာရောပေါ့"

မနက်စောစောစီးစီး သမီးလင်ကြောင်းသားကြောင်းကိစ္စကို အားတက်သရော ဝင်ရောက်ဆွေးနွေးပေးနေသော အမေ့ကိုကြည့်ပြီး ညနှင်းစက် အမေ့အား ကျန်ရှိနေသေးသော ဘဝတစ်လျှောက်စာကို စိတ်ချမ်းချမ်းသာသာနှင့် ငြိမ်းအေးသောဘဝလေးကို ပိုင်ဆိုင်စေချင်ပါသည်။

အမေ့ဘဝတစ်လျှောက်လုံး မောပန်းခဲ့သမျှ ဘဝအမောတွေကို အမြန်ဆုံး ပြေပျောက်စေချင်သည်။

"သူ့ခမျာ သမီးအကြောင်းများ ပြောနေရရင် မျက်လုံးမှာ အရောင်တဖျတ်ဖျတ်ကို လက်ဖြာနေတာပဲ၊ ဘာပဲဖြစ်ဖြစ် ဒီလို အမျိုးကောင်းသား လူငယ်လေးတစ်ယောက်ရဲ့ချစ်ခြင်းကို ခံရတဲ့အမေ့သမီးအတွက် အမေတော့ ဂုဏ်ယူတယ်ကွယ်"

အမေ့မျက်ဝန်းမှာလည်း သမီးအတွက် ဝမ်းသာလွန်းသော အရိပ်အယောင်တွေကြောင့် ယခင်ကထက်ပို၍ လက်ဖြာနေသည်။

"ကဲ ပြောစရာစကားတွေလည်း ပေါက်ပေါက်ဖောက်သလို ဖောက်ပြီးပြီ၊ အမေလည်း ဈေးသွားလိုက်ဦးမယ်"

အမေ ညည်းညည်းတွားတွားလေးဆိုရင်း ထိုင်ရာမှ သူ့ခန္ဓာ




www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကြီးကို အားယူပြီး ထလိုက်သည်။

"အမေ သမီးသွားမယ်လေ"

"အို ဒီနေ့တော့ အမေ သွားလိုက်တော့မယ်အေ၊ ခုတလော ပါးစပ်ပျက်နေတာ ကိုယ်ကိုယ်တိုင်ဈေးသွားပြီး စားချင်တာလေး ဝယ်ချက်စားဦးမယ်"

"ဒီနေ့ ကိုလူရိုး လာမှာလား အမေ"

"အေး မနေ့ကတော့ လာမယ်လို့တော့ ခေါင်းညိတ်ပြသွားတာပဲ၊ သူလာရင် အမေ ဝယ်ထားတဲ့ မြေဩဇာအိတ်ထဲက မြေဩဇာတွေကို ပန်းအိုးတွေထဲ လိုက်ထည့်ပေးလို့ ပြောလိုက် ကြားလား"

"ဟုတ်ကဲ့"

ဒေါ်နှင်းကြည် မီးဖိုခန်းထဲမှ ချိတ်ဆွဲထားသော ဈေးခြင်းတောင်းကို ယူကာ ပိုက်ဆံအိတ် ချိုင်းကြားညှပ်ပြီး အိမ်ပေါ်မှ လှုပ်လှုပ်လှုပ်လှုပ်နှင့် ဆင်းသွားလေသည်။

ခြံဝရောက်တော့မှ အိမ်ရှေ့အဝတွင် ရပ်နေသော ညှနင်းစက်ကို လှည့်ကြည့်ကာ

"သမီး မီးလာရင် ရေနွေးတွေကျိုပြီး ဓာတ်ဘူးတွေထဲ ဖြည့်ထားဦး"

"ဟုတ် စိတ်ချ အားလုံး လုပ်ထားမယ်"





"အေး အေး အပြန် မထားဆိုင်က နန်းကြီးသုပ် ယ်ထော ခဲ့မယ်၊ မီးဖိုချောင်ကိစ္စသာ ထောင့်စေ့အောင် လုပ်ထား"

"ဟုတ်ပါပြီ အမေရယ်၊ ဈေးတစ်ခါသွားဖို့ စိတ်မဖြောင့်ဘူးဖြစ်နေရင် သမီးပဲသွားလိုက်မှာနော်"

အမေ ဘာမှမပြောတော့ဘဲ အိပ်ပုံအိပ်ပုံနှင့် လျှောက်သွားလေသည်။

ညှနင်းအိမ်ထဲ ပြန်ဝင်ပြီး အမေ ခိုင်းခဲ့တာတွေ အကုန်လုံးပြီးဖို့ တစ်ခုချင်း လုပ်လိုက်သည်။

မီးဖိုခန်းထဲ အလုပ်ရှုပ်နေရင်း အိမ်ရှေ့မှ ခြေသံကြား၍ ညှနင်း အိမ်ရှေ့ခန်းသို့ ကပျာကယာ ထွက်ကြည့်ရသေး၏။

"ဩော် ကိုလူရိုးတောင် ရောက်လာပြီ၊ ရှင့်ကို အမေ မှာသွားတယ်၊ ပန်းအိုးတွေထဲ မြေဩဇာထည့်ပေးထားပါတဲ့"

ကိုလူရိုး ဘာမှမပြောဘဲ အိမ်ရှေ့ခြံထဲကို ပြန်လှည့်ထွက်သွား၏။

ရုတ်တရက် ညှနင်း အာရုံထဲသို့ အကြံတစ်ခု လှစ်ခနဲ တိုးဝင်လာသည်။ ကိုလူရိုး၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်ဖို့အတွက် ညှနင်း အကြံထုတ်လိုက်သည်။ စိစဉ်စရာရှိတာအား တခဏချင်း စီစဉ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မီးဖိုခန်းထဲမှာ ဆူညံပွက်လောရိုက်သော အသံများ ကို ဖန်တီးလိုက်သည်။

"အား"

ညှနင်း အော်သံနှင့်အတူ မီးဖိုခန်းမှ အိုးခွက်ပန်းကန်များ သံကြီးကပါ ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

"အား ကိုလူရှိုး လုပ်ပါဦး မြွေ မြွေ"

ညှနင်းစက် အသံကြောင့် လူရှိုး ခြံထဲမှာ မြေဆွေးထုပ်ထ သယ်မနေတော့ဘဲ အိမ်ပေါ်သို့ ဝုန်းခနဲ ခုန်တက်သွားသည်။

မြင်ရသော မြင်ကွင်းက သိပ်မသက်သာလှ။ အိုးခွက်များ ပြန့်ကျဲနေသော မြင်ကွင်းထဲတွင် ညှနင်းစက် ခွေခွေလေး လဲကျနေသည်။

ရုတ်တရက် လူရှိုး ထူပူသွားကာ သတိလက်လွတ် ဖြစ်သွား၍ ညှနင်းစက်ကို ပြေးပွေ့လိုက်သည်။

"ညှနင်း ညှနင်း"

တစ်ချိန်လုံး စကားမပြောတတ်ချင်ဟန်ဆောင်ခဲ့သော လူရှိုး မှ အသံထွက်လာသည်။

ညှနင်းစက် သတိလစ်ချင်ဟန်ဆောင်နေရင်းမှ ကြိတ်ပြုံးလိုက် သည်။

"ညှနင်း ညှနင်း"





ညှနင်းစက်ဘေးတွင် ရာဘာဖြင့် ပြုလုပ်ထားသော မြွေရုပ် ကလေးကို တွေ့လိုက်သည်။ လူရှိုး ဆတ်ခနဲ လှမ်းယူလိုက်သည်။

"ဟာ ဒီမြွေက အစစ်မှမဟုတ်တာ၊ ဒုက္ခပါပဲကွာ"

ညှနင်းစက်အား ထွေးပွေ့ထားရင်းမှ လူရှိုးတစ်ကိုယ်တည်း ညည်းညူလိုက်သည်။

ထို့နောက် သတိလစ်ချင်ဟန်ဆောင်နေသော ညှနင်းစက် မျက်လုံးများ ပွင့်လာပြီး လူရှိုး ရင်ခွင်ထဲမှ ရုန်းထွက်ပြီး ဘာမပြော ညာမပြောနှင့် လူရှိုး၏လက်မောင်းကို ထုရိုက်လေသည်။

"လူညာကြီး ကဲ ညာဦး ညာဦး"

ညှနင်းစက် ရိုက်လည်းရိုက် ပြောလည်းပြောပြီး လူရှိုး ခေါင်း ပေါ်မှ ဆံပင်ဘုတ်သိုက်ကို ဖျတ်ခနဲ ဆွဲယူလိုက်သည်နှင့် ဆံပင်အတုကြီး က ညှနင်းလက်ထဲသို့ အထွေးလိုက် ပါလာသည်။

"ဟာ"

ညှနင်းစက်၏ လျှပ်တစ်ပြက် လုပ်ရပ်ကြောင့် လူရှိုး၏လျှို့ဝှက် ချက်တွေ တစ်စမကျန် ပေါ်ကုန်ပြီ။

"ရှင်ဘယ်သူလဲဆိုတာ ကျွန်မသိနေတယ်၊ ခုတော့ ရှင် ဆက်လိမ်ဦးလေ"

ညှနင်း ပြောလည်းပြော မျက်နှာပေါ်မှ ကန့်လန့်စင်း အမာရွတ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မှဲ့အတူပါသော မျက်နှာဖုံးကြည်ကြည်ပါးပါးလေးကို ဆွဲခွာလိုက်သည်။

ထိုအခါကျမှ ဖြူဖွေးသန့်စင်သော ပင်ကိုယ်အသားအရေနှင့် ဇေယျာမြတ်မို၏ရုပ်သွင်က ထင်းထင်းကြီး ပေါ်လာသည်။

"ကဲ ရှင် ဘာငြင်းချင်သေးလဲ"

ဇေယျာမြတ်မို ညနှင်း၏ ပေါက်ဆတ်ဆတ် စကားကို ပြုံးပြီးနှင့် တုံ့ပြန်၏။

"ငြင်းစရာ မရှိတော့ပါဘူး"

"ငြင်းစရာမရှိရင် ဘာကြောင့် ကျွန်မအိမ်မှာ ဒီလိုလာပြီး အလုပ်တွေ လုပ်ရတာလဲ၊ ရှင့်မှာ ဘာအကြံရှိလို့လဲ"

"အဲဒါက ညနှင်းလေးကို ချစ်လို့ ညနှင်းနဲ့နီးနီးကပ်ကပ်နေချင်လို့"

ဇေယျာမြတ်မို ညနှင်းစက်၏ခန္ဓာကိုယ် အိထွေးထွေးလေးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်၏။

"အို လွှတ်ပါ"

"မလွှတ်ဘူးကွာ၊ မင်းကိုချစ်လွန်းအားကြီးလို့ ကိုယ့်မှာ ဘယ်လောက် ဒုက္ခခံနေရလဲ မင်း သိလား"

"အို ဒါလုပ်ဇာတ်ကြီးပဲ၊ ရှင့်ကို ဘယ်သူက ဒီနည်းလမ်းသုံးခိုင်းလဲ၊ အမှန်တော့ ရှင် ကျွန်မရဲ့ရိုးသားမှုကို သိချင်လို့ ဒီလိုလုပ်ဇာတ်





ထွင်ပြီး ကျွန်မနဲ့ အနေနီးအောင် ကြံလိုက်တာ မဟုတ်လား"

"ဟော့တော် ညနှင်းစက် ဒါက ဘယ်လိုဖြစ်နေကြတာတုန်း အလို ဘုရား ဘုရား"

ဘယ်အချိန်ကတည်းက ရောက်နေမှန်း မသိသော အမေ့အသံကြောင့် ညနှင်း ဇေယျာမြတ်မို ရင်ခွင်ထဲမှ အရှက်သည်းကာ ရုန်းထွက်လိုက်သည်။

"ညည်းတို့ ဘာလုပ်နေကြတာလဲ မောင်လူရိုးနဲ့ ညည်းနဲ့က"

"အဲ အဲ ဟုတ်ပါဘူး၊ မောင်လူရိုးမှ မဟုတ်တာ မောင်ဇေယျာမြတ်မိုပဲ"

ဒေါ်နှင်းကြည် လူရိုးအပြင်အဆင်နှင့် ဇေယျာမြတ်မိုကိုကြည့်ပြီး ပါးစပ်အဟောင်းသားနှင့် တအံ့တဩ ဖြစ်နေသည်။

"အဲဒါ လူလည် လူညာကြီးလေ အမေရဲ့၊ အ,ချင်ဟန်ဆောင်ပြီး သမီးတို့ကို လုပ်ဇာတ်တွေနဲ့ လာရောနေတာ"

"ဟော့တော် ဒုက္ခပါပဲ အားနာစရာတွေတော့ ဖြစ်ကုန်ပါပြီတော်၊ ဘာဖြစ်လို့များ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပြီး ခုလိုမျိုး နိမ့်ကျတဲ့အလုပ်တွေကို လာလုပ်နေရတာလဲ မောင်ဇေယျာမြတ်မိုရယ်၊ ကြီးကြီးတော့ စဉ်းစားလို့ကို မရဘူး"

"ကျွန်တော် ညနှင်းစက်ကို ချစ်လို့ သူ့ရဲ့ဘဝလေးကို အရှိအရှိအတိုင်း သိချင်တယ်၊ ဒါကြောင့် ဒီလို ခပ်ကြောင်ကြောင် အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ကို လုပ်မိတာပါ''

''ဩော် ကိုယ့်ကိုယ်ကိုယ် အပြင်ပန်းခံလို့ကွယ်''

''သမီး သူ့ကို မသင်္ကာဖြစ်နေတာ ကြာပြီ အမေ၊ သူ့အကြောင်းကို ကြိတ်ပြီး စုံစမ်းနေလို့''

''ဟင် ဒါဆို မောင်လှရှိန် ဘယ်သူဆိုတာကို သမီး သိတယ်ပေါ့ ဟုတ်လား''

''ဟိုရက်တွေကမှ သူ ဘယ်သူဆိုတာ သမီး သိသွားတာပါ အမေ၊ ကိုလှရှိန် အိမ်မှာရှိတဲ့အချိန်တိုင်း ဖယောင်းမြတ်မိုကားက သမီးတို့ ရပ်ကွက်နဲ့ ခပ်လှမ်းလှမ်း တစ်နေရာမှာရပ်ထားလေ့ရှိတယ်၊ ကိုလှရှိန် အိမ်မလာတဲ့နေ့ဆိုရင် အဲဒီနေရာမှာ ဖယောင်းမြတ်မိုကားလည်း မရှိဘူး နောက်ပြီး သူ့ပုံစံက ရုပ်ဖျက်ထားတာမှန်း အသိသာကြီး၊ ရှင့်နဖူးပေါ်က မှဲ့ပြုတ်ကျတာကို ကျွန်မ မမြင်ဖူးများ ထင်နေလား ဟွန်း၊ ကိုလှရှိန် ကိုင်တဲ့ဖုန်းနံပါတ်ဆို အလွတ်တောင် ရွတ်ပြလို့ရတယ်၊ နောက်ဆို ဖုန်း ပြောရင် အိမ်သာထဲ ဝင်မပြောနဲ့ အပြင်မှာပေါ်တင်ပြော''

ညနှင်းစက် မျက်စောင်းထိုးကာ စူပွပွဖြင့် နှုတ်ခမ်းဆူကာ ပြောသည်။

ဖယောင်းမြတ်မို အရယ်မျက်နှာကို တည်ငြိမ်အောင် ထိန်းရင်း

''အင်းပါ ဒီနေ့ကစပြီး ကိုလှရှိန်ဆိုတဲ့ ဇာတ်ကောင်စရိုက်ကို





သုတ်သုံးစရာ မလိုတော့တာ၊ ဖုန်းလည်း ခိုးဆက်ဖို့မလိုတော့ဘူး၊ ခုချိန်မှာ လိုအပ်နေတာ တစ်ခုပဲရှိတော့တယ် အဲဒါက''

ဖယောင်းမြတ်မို ပြောလက်စ စကားကိုဆက်မပြောဘဲ ဒေါ်နှင်းကြည်ကို ပခုံးလေး ဆတ်ခနဲ တွန့်ကာ ကြည့်လိုက်သည်။

ဒေါ်နှင်းကြည်ကလည်း ထိုအထာကို ကောင်းစွာ သဘောပေါက်၏။

''ကဲ ကိုယ့်ကိစ္စကိုယ့်ဟာကိုယ် ရှင်းကြ၊ အမေကတော့ လူငယ်တွေကိစ္စထဲ ဝင်မပါချင်ဘူး''

အနားမှ သုတ်ခနဲ ထသွားသည်။

''ကဲ ယောက္ခမလောင်းကြီးက အလိုက်သိစွာနဲ့ ထသွားပြီ၊ ကိုယ့်ရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးတော့လေ''

''အို ကိုယ့်ကိုယ်ကိုယ်လည်း သိပ်အထင်ကြီးမနေနဲ့၊ အမေ့ကို ရှင် စည်းရုံးရေးဆင်ထားလို့ အမေက ရှင့်ကို ကြည်ဖြူနေတာပါနော်''

''အမေ့ကို ကိုယ်စည်းရုံးတာ မဟုတ်ပါဘူး၊ ကိုယ့်ကို သားမက်အဖြစ် လက်ခံလာအောင်လို့ ကိုယ့်ရဲ့ဂုဏ်သိက္ခာနဲ့ အစွမ်းအစကို ထုတ်ဖော်ပြရုံသက်သက်ပါ၊ အမေကတော့ ကိုယ့်ကို သားမက်အဖြစ် လက်ခံလိုက်ပြီ၊ နှင်းစက်ကသာ ကိုယ့်ကို ထာဝရ လက်တွဲဖော် လင်ယောက်ျားအဖြစ် လက်ခံလိုက်ပါတော့''



www.burmeseclassic.com

www.burmeseclassic.com



ဖေယျာမြတ်မို ညနှင်းစက်၏ ဖြူဖွေးသွယ်လျသော လက်ကလေးကို တယုတယ ဆုပ်ကိုင်နမ်းရှိုက်လိုက်သည်။

ညနှင်းစက် မျက်နှာမှာ ရှက်စိတ်ကြောင့် ရဲရဲနီဖြစ်သွားပြီး အပြုံးနုနုလေးဖြင့် အောက်နှုတ်ခမ်းကို ဖိကိုက်လိုက်သည်။

ထို့နောက် ချစ်သူဆွဲခေါ်ရာ ရင်ခွင်ကျယ်ထဲသို့ အလိုက်သင့် မှီနွဲ့ခိုဝင်လိုက်သည်။

ပန်းနုရောင်လွှမ်းသော ရင်ဘတ်နှစ်စုံ ပူးကပ်သွားသည်။

■ ■ ■



အခန်း (၃၁)

ကိုယ့်ဆီက လုံးဝမပေးနိုင်သော အချစ်တစ်ခုကို ကလေးတစ်ယောက် မုန့်တောင်းသလို တဂျီဂျီတောင်းနေသော MD ကို ညနှင်း ...တ်ပျက်စွာ ကြည့်လိုက်သည်။

MD ၏ဆန္ဒပြင်းပြနေသော အကြည့်စူးစူးတွေကို ညနှင်း ကြာကြာမကြည့်ရဲ။ မျက်လွှာကို အောက်သို့ချလိုက်သည်။

ဖြစ်နိုင်လျှင် MD ရုံးခန်းထဲကနေ အငွေ့အဖြစ် ထွက်သွားချင် ...သည်။

"မင်း ကိုယ့်ကို ထပ်ပြီးစဉ်းစားပေးပါ ညနှင်းစက်၊ ကိုယ်ဟာ ...ဆီကအချစ်တွေကို အာသာငမ်းငမ်း လိုချင်တပ်မက်နေတဲ့ ယောက်ျား ...မာကြီးတစ်ယောက်အနေနဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ MD ကို အားနာနာနဲ့ပဲ ထပ်ငြင်းပါရစေဦး MD ရယ်"

မျှော်လင့်ချက်တွေဖြင့် အရောင်လက်နေသော MD မျက်နှာ ညှိုးမှောင်သွားပြန်သည်။ ခေါင်းမှ ဆံပင်တွေထဲ လက်ချောင်းတွေကို အမိပ္ပာယ်မဲ့ ထိုးသွင်းရင်း သက်ပြင်းခပ်ကြမ်းကြမ်း ချလိုက်သည်။

"ကိုယ့်မှာ ငြင်းစရာဆိုလို့ ညနှင်းစက်ထက် အသက်ကလေး ကြီးတာပဲ ရှိပါတယ်၊ ကိုယ့်အနေနဲ့ ညနှင်းစက်ရဲ့ ဆင်းရဲနွမ်းပါးနေတဲ့ ဘဝလေးကို စာနာမိတယ်၊ ဒီနွံထဲကနေ ခေါ်ထုတ်ချင်တယ်၊ ကိုယ့်ကို လက်ထပ်လိုက်ရင် ညနှင်းစက် ဘဝလေး လုံးဝတစ်ဆစ်ချိုး ပြောင်းလဲ သွားလိမ့်မယ်"

MD ၏ မက်လုံးတွေသည် ညနှင်းစက်အတွက် မည်သို့မျှ နားမဝင်နိုင်။

"အချစ်ဆိုတာ လိုသလို ပုံသွင်းယူလို့ မရသလို လုပ်ကြံဖန်တီးလို့လည်း မရပါဘူး MD ရယ်၊ အမှန်အတိုင်း ဝန်ခံရရင် ကျွန်မမှာ ချစ်သူရှိနေပါပြီ MD ၊ ဒါကြောင့် MD မျှော်လင့်ချက်တွေကို MD ပြန်ရုပ်သိမ်းလိုက်ပါ"

"မင်းမှာရှိတဲ့ ချစ်သူက ကိုယ့်လောက်ချမ်းသာလို့လား မင်းဘဝ ကို တစ်ဆစ်ချိုး ပြောင်းလဲစေနိုင်လို့လား"





MD မေးခွန်းတွေက မခံချင်စိတ်ဖြင့် အနည်းငယ် တင်းမာခက်ထန်လို့နေ၏။

"သိပ်ကိုပြောင်းလဲပေးနိုင်တာပေါ့ MD ၊ ကျွန်မ သူ့ကိုသိပ်ချစ်တယ်၊ သူကလည်း ကျွန်မကို သိပ်ချစ်တယ်၊ ပြီးတော့ အဲဒီအချစ်တွေနဲ့ ကျွန်မတို့အနာဂတ်ကို ကမ္ဘာသစ်လေးတစ်ခု ဖန်တီးမယ်၊ ပြီးရင် ရင်ခုန်သံတွေနဲ့ ထုံမွှမ်းမယ်၊ ဒါတွေအားလုံးဟာ ကျွန်မဘဝကို တဆစ်ချိုး ပြောင်းလဲစေလိုက်တာပဲလေ"

"မင်းချစ်သူက ကိုယ့်လောက် ချမ်းသာလို့လား ညနှင်းစက်ရယ်၊ ဘဝကို အချစ်တစ်ခုတည်းနဲ့ တည်ဆောက်လို့ မရနိုင်ဘူးဆိုတာတော့ မင်း သဘောပေါက်မှာပါနော်"

"ဒါပေါ့ ကျွန်မ ကောင်းကောင်းကြီး သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ကျွန်မရော ကျွန်မချစ်သူရော တစ်ယောက်ရင်ထဲကအချစ်ကို တစ်ယောက်က အပြန်အလှန် အသိအမှတ်ပြုကြရင်းနဲ့ လှပတဲ့အနာဂတ်တွေကို ပိုင်ဆိုင်သွားမှာပဲ၊ ဒါဟာလည်း လူ့ဘဝမှာ ရခဲလှတဲ့ ချမ်းသာခြင်းတစ်မျိုးပဲ မဟုတ်လား"

ပါးနပ်သေသပ်သော ညနှင်းစက်၏ တုံ့ပြန်စကားလုံးများကို ချေပနိုင်ရန် MD အားမရှိတော့။

အေးခဲတိတ်ဆိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို လက်လျှော့လိုက်ပါတော့၊ MD ကို ခုလိုမျိုး ငြင်းရတာ အရမ်းအားနာပါတယ်"

ညနှင်း ထိုင်ရာမှ ထလိုက်သည်။ MD မော့ကြည့်သည်။

"မင်းတို့ချစ်ခရီးလမ်း ဖြောင့်ဖြူးပါစေလို့ ကိုယ် ဆုတောင်းပေးပါတယ် ညနှင်းစက်၊ မင်းကို ပိုင်ဆိုင်ခွင့်ရတဲ့ မင်းရဲ့ချစ်သူက လောကမှာ ကံအကောင်းဆုံး ယောကျ်ားတစ်ယောက်ပဲ ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ သိပ်ကို ရိုးသားဖြူစင်တဲ့ ပန်းတစ်ပွင့်လို မိန်းကလေးမျိုး ဖြစ်နေလို့ပေါ့"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် MD ၊ ကျွန်မကို သွားခွင့်ပြုပါဦး"

"ကောင်းပါပြီ၊ မင်းဘဝမှာ ကိုယ်ဟာ တစ်ခါမှ မင်းဆီက ချစ်ခွင့်မတောင်းခဲ့ဖူးဘူးလို့ စိတ်မှာ မှတ်ထားလိုက်ပါ၊ ဖြစ်နိုင်မယ်ဆိုရင်ပေါ့"

"ဟုတ်ကဲ့ ဖြစ်နိုင်ပါတယ် MD "

ညနှင်းစက် MD ရှေ့မှ ထွက်ခဲ့လိုက်သည်။

ရင်ထဲမှာတော့ အလာတုန်းကနှင့်မတူသော ပေါ့ပါးသည့် ခံစားမှုတွေနှင့် ကြည်နူးလတ်ဆတ်လို့နေ၏။

■ ■ ■



## အခန်း (၃၂)

"ညနှင်းလေး ကိုယ် ညနှင်းလေးကို ကိုယ့်ညီဝမ်းကွဲနဲ့ မိတ်ဆက်ပေးရဦးမယ်"

မိတ်ဆက်ပေးမည်ဆိုသည့် လူငယ်လေးကို ညနှင်း အပြုံးလေးဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"သူက ကိုယ့်ရဲ့ညီ သတိုးမောင် တဲ့၊ ညနှင်းရဲ့အချစ်ကို ရဖို့ ကြိုးစားတဲ့ လုပ်ဇာတ်အကွက်တွေကို သူ စပွန်ဆာပေးတာလေ"

"ဩော် ရုပ်ပြောင်းရုပ်လွှဲ ပညာရှင်ကြီးပေါ့၊ ဟုတ်လား"

ညနှင်း အပြုံးမပျယ့်တပျယ်လေးဖြင့် သတိုးမောင်ဆိုသော ကောင်လေးကို ရင်းနှီးစွာ ပြန်လည် မိတ်ဖွဲ့လိုက်သည်။

"ကိုမြတ်က ညနှင်းစက်ကို အရမ်း ခရေဇီဖြစ်နေတာလေ၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး သူချစ်တဲ့ မိန်းကလေးတစ်ယောက်ကို သူ့ရင်ထဲက နက်နက်ရှိုင်းရှိုင်း ပျော်ဝင်နေတဲ့ အချစ်တွေပေးဆပ်ချင်သလို မညနှင်းစက်ဆီက ငိုးရှိုင်းတဲ့မေတ္တာတရားတွေကို အပြည့်အဝ ပြန်လိုချင်နေတာ သူလေ။ ဒါကြောင့် ကျွန်တော် ဘေးကနေ ကူညီပေးတာပါ။ အဟုတ် ဘယ်လိုလဲ မညနှင်းစက်အတွက် နည်းနည်းတော့ ထူးဆန်းနေတယ် မဟုတ်လား"

ညနှင်း အပြုံးလေးဖြင့် မျက်ခုံးနှစ်ဖက်ကို ပင့်တက်လိုက်ပြီး

"ဘာကိုလဲ"

"ရိုမန့်ဆန်နေလို့လေ"

ညနှင်းစက် ခပ်မဲ့မဲ့လေး ပြုံးကာ ခေါင်းကိုဆတ်ခနဲ ညိတ်ပြီး ဖြေလိုက်သည်။

"နောက်ထပ် အံ့ဩစရာတစ်ခု ကျန်သေးတယ် ညနှင်းရေ့ အဲဒါက ဘာလဲဆိုတော့ ကိုယ့်ဒယ်ဒီနဲ့မာမီက မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာ လုပ်ပေးမှာမို့လို့ ဒီလထဲမှာ မြန်မာပြည်ကို ပြန်လာကြလိမ့်မယ်"

"အို ဟုတ်လား၊ ကျွန်မ ကြောက်တယ်၊ တော်ကြာ ရှင့်ဒယ်ဒီနဲ့မာမီက ကျွန်မကို ဆင်းရဲလိုက်တာ ချာတူးလန်နေတာပဲဆိုပြီး သဘောတူပါ့မလားရှင်"

"ဟာ ဒါတော့ ဘာမှမပူနဲ့၊ ကိုမြတ် ဒယ်ဒီနဲ့မာမီက အဆင့်





အတန်း မခွဲခြားဘူး။ သူတို့စေ့စပ်ပြည့်တော့မှာမို့ မညနှင်းစက်နဲ့ သဘောတူလွန်းလို့ ယိုးဒယားကတောင် ကလို့နေရင် ကကြီးမှာဗျ ဟား ဟား ဟား ဟား အဓိကက သူတို့လိုချင်တာကို မညနှင်းစက်က ပေးလိုက်ရုံပဲ"

သတိုး စကားကြောင့် ညနှင်း မျက်လုံးလေး ဝိုင်းသွား၏။

"ဟင် ကျွန်မက ဘာပေးရမှာလဲ၊ ကျွန်မမှာ ပေးစရာ ဘာမှ မရှိဘူးလေ"

ညနှင်း အထိတ်တလန့်လေး ဖြေ၏။ ညနှင်း၏ ပြူးပြူးပျာပျာ ပုံစံလေးကိုကြည့်ပြီး ဖေယျာမြတ်မို ညနှင်း၏ ပခုံးလေးကို ခပ်ဖွဖွ သိုင်းဖက်လိုက်ပြီး

"ညနှင်း ပေးရမှာက တခြားမဟုတ်ပါဘူး။ သိပ်လည်း မခိုးခိုမ် ပါနဲ့ကွာ"

"ဒါဆို ဘာလဲဟင်"

"သူတို့ ညနှင်းဆီက အလိုချင်ဆုံးအရာက ချစ်စရာကောင်းတဲ့ မြေးလေးတွေလေ၊ အနည်းဆုံး ခုနစ်ယောက် ရှစ်ယောက်လောက်ပေါ့"

"ဘုရားရေ ခုနစ်ယောက် ရှစ်ယောက်"

ညနှင်း ရင်ဘတ်ကို အထိတ်တလန့်ဖိကာ အလန့်တကြားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပင် တလိုက်မိသည်။

"ဘာလဲ ညနှင်းက မပေးနိုင်ဘူးလား"

ညနှင်း ဘာမှပြန်မဖြေခြင်းမရှိဘဲ မျက်နှာလေး ရှုံ့မဲ့ကာ မရယ်ချင့်ရယ်ချင် ရယ်ပြလိုက်သည်။

ပန်းရောင်သမ်းနေသော မျက်နှာလေးမှာ ဖေယျာမြတ်မို၏ တောင်းဆိုမှုကြောင့် ရှက်အမ်းအမ်း ဖြစ်နေ၏။

"ဘာလဲ လန့်သွားလား"

"အင်း ကျွန်မခေါင်းကို မိုးကြိုး ဆယ်စင်း ပစ်ခွင်းလိုက်သလိုပဲ၊ နည်းနည်းတော့ လန့်တယ်"

ညနှင်း၊ ရင်ထဲရှိသည့်အတိုင်း ဖြောင့်ပဲ ပြောချလိုက်သည်။ သတို့းက ညနှင်း၊ ထိတ်လန့်နေပုံကို ကြည့်ပြီး တဟားဟားဖြင့် အော်ရယ်သည်။

"အဟတ် ကိုယ်က နောက်တာပါကွာ၊ အဟဲ အဲဒီလိုရရင်တော့ ပိုကောင်းတာပေါ့ ဟုတ်ဘူးလား"

"သွား ကိုယ်ချင်းမစာ"

ညနှင်း ဖေယျာမြတ်မို၏လက်မောင်းကို ခပ်ဖွဖွ ထုလိုက်သည်။

အချစ်ဆိုတာ လူသားတွေအတွက် ဘယ်တော့မှ မတိမ်ကောမယ့် လောကရဲ့ရှိးရာတစ်ခုပဲလေ။

■ ■ ■



## အခန်း (၃၃)

"ညနှင်းရေ နင့်ကို အပြတ်ကြွေနေတဲ့ MD ကြီးတော့ လက်ထပ်တော့မယ်တဲ့"

အဆိုတော်များ နားနေခန်းထဲ ဝင်လာသော ခေးခေး ညနှင်း စက်ဆီသို့ သတင်းထူး ပါလာ၏။ ညနှင်းနှင့်အတူ ကျန်သူများပါ တအံ့တသြ ဖြစ်ကုန်ကြ၏။

"တို့ MD ကြီး အသက်ကြီးမှ သားသားလေးတွေ မီးမီးလေးတွေရဲ့ အဖေအဖြစ် ခံယူရဦးမှာပေါ့"

"တခြားမဟုတ်ဘူး ညနှင်းစက်ကို မရလို့ တွေ့ရာမိန်းမ ကောက်ယူလိုက်တာ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒါလီ စကားကို စုလှိုင်ကပါ ထောက်ခံ၏။

"အေးလေ နင် သူ့ကို ငြင်းနေတာ သိပ်တောင် မကြာသေးဘူး။ လက်ထပ်တော့မယ်ဆိုတော့ အရင်ကတည်းက ငြိပြီးသား မိန်းကလေးရှိလို့နေမှာပေါ့ဟယ်၊ သူ့ဆီမှာ ရှိနေရက်နဲ့ ညနှင်းကို ရမလားလို့ လာကြောင်တာနေမှာပေါ့၊ ညနှင်းက ကတ်တောက်လည်းလုပ်ရော သူ ဘူတာဟောင်းကြီးကို သူ ပြန်စိုက်သွားတာဖြစ်မယ် အဟီး ဟီး"

MD ၏ လက်ထပ်ပွဲသည် ခေးခေးတို့အုပ်စုအတွက် ရယ်စရာတစ်ခုဖြစ်နေ၏။

"နင်တို့ပွဲကရော ဘယ်တော့လောက် ဖြစ်မှာတဲ့လဲ"

"ကို့ မိဘတွေလာတာနဲ့ မင်္ဂလာကိစ္စ စီစဉ်မှာမို့ ဒီလထဲမှာပဲ ဖြစ်လိမ့်မယ် ထင်တယ် ခေးရ၊ ပြောမရဘူး ကို့အမေတွေ ဒီတစ်ပတ်ထဲ ရောက်လာနိုင်တယ်"

"နင်တို့ မင်္ဂလာပွဲကျရင်တော့ ငါတို့တစ်ဖွဲ့လုံး သီချင်းဆိုမှာနော်၊ ကြိုပြောထားတယ် နင့်လူကိုပြော လေးဖီးကလပ်အဖွဲ့ကိုငှားလို့"

ဒါလီတို့ စုလှိုင်တို့ အားတက်သရော ဖြစ်နေကြသည်။

သူတို့ပုံစံတွေက ညနှင်းအတွက် ပျော်ရွှင်နေကြပုံရသည်။ အားလုံး ညနှင်း မင်္ဂလာကိစ္စအတွက်ကို လေးလေးနက်နက် ဝိုင်းဝန်းစဉ်းစားပေးနေကြ၏။





"ငါကတော့ နင့်ရဲ့ဘဝလေးကို သိပ်အားကျတာပဲ၊ နင့်ရဲ့အလှက အထက်တန်းကျတဲ့ အလှမျိုး၊ ဒါကြောင့်လည်း ဖေယျာမြတ်မိုက နင့်အချစ်ကို အရယူနိုင်ခဲ့တာပေါ့၊ ဘာပဲဖြစ်ဖြစ် သူနဲ့နင်က သိပ်ပြီး လိုက်ဖက်တဲ့ စုံတွဲတွေပဲ"

အားကျစိတ်လေးနှင့် ပြောနေသော ခေးခေးရဲ့ချီးမွမ်းစကားကြောင့် ညနှင်းရင်ထဲမှာ ပီတိတွေ စိမ့်ဖြာနေမိ၏။

လှိုက်ဖိုတက်လာသော ပီတိလှိုင်းတွေသည် ရင်ရဲ့နံရံတွေကို အရှိန်ပြင်းပြင်းဖြင့် ဝင်ဆောင့်နေကြ၏။

အကောင်းစား ကံကြမ္မာနှင့် ဆုံဆည်းဖို့ ချမှတ်ပေးတဲ့ လောကကြီးကို ညနှင်း ကျေးဇူးတင်ပါ၏။

နှုတ်ခမ်းသားတို့နှင့်အတူ မျက်ဝန်းတို့ပါ ပြုံးရိပ်ထင်လာ၏။

"ကြီးကြီးနှင်းလည်း နင့်အတွက် အရမ်းကို ကျေနပ်နေမှာပဲနော်၊ ဖေယျာမြတ်မိုနဲ့ လက်ထပ်ပြီးရင်တော့ မောလာခဲ့သမျှ ဘဝအမောတွေ ပြေမှာပါဟယ်၊ ကြီးကြီးနှင်း အိုဇာတာ ကောင်းပါပြီ"

ခေးခေး စကားကြောင့် အမေ ပင်ပန်းဆင်းရဲခဲ့သမျှကို ပြန်မြင်ယောင်ရင်း ညနှင်း အမေ့ကို သနားသွားမိသည်။

ညနှင်းကို မိခင်ကောင်းတစ်ယောက် ပီသစွာနှင့် လုပ်ကိုင်ရှာဖွေ ကျွေးမွေးခဲ့သော အမေ့ရဲ့ကျေးဇူးတရားတွေသည် ညနှင်းအဖို့ နောင်



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ဘဝရှိခဲ့မည်ဆိုလျှင်တောင် ဆပ်၍ ကျေနိုင်မည် မဟုတ်။

ဆွေမျိုးတွေ၏ အပစ်ပယ်ခံ အနိမ့်ခံဘဝနှင့် လူလားမြောက်အောင် ကျွေးမွေးခဲ့သော အမေ့ရဲ့ကျေးဇူးတရားနှင့် မေတ္တာအတိမ်အနက်တို့သည် ညနှင်းအတွက် မည်သို့မျှ အဖိုးမဖြတ်နိုင်အောင် တောက်ကြွားလွန်းပါ၏။

"နင်တို့ လက်ထပ်ပြီးရင် ကြီးကြီးနှင်းကို ခေါ်ထားမှာလားဟင်"

ဒါလို့အမေးကို ညနှင်း အားတက်သရော ခေါင်းညိတ်လိုက်က

"ခေါ်ထားမှာပေါ့ ငါက ငါ့အမေနဲ့ ဘယ်တော့မှ မခွဲဘူး"

"နင့်လူက ကြည်ဖြူပါ့မလား အဖိုး သမီးကိုယူတာ ယောက္ခပါ အဆစ်ပါတယ်ဆိုပြီးတော့လေ၊ နောက်ပြီး ညားခါစကြင်စဦး လင်မယားဆိုတာ အသိုင်းအဝိုင်း မိဘတွေနဲ့ မနေဘဲ သီးခြားနေတာအကောင်းဆုံးပဲ၊ ဒါမှ ကြည်နူးချမ်းမြေ့စရာကောင်းတဲ့ အိမ်ထောင်သူကို အပြန်အလှန် ဖန်တီးပေးလို့ရမှာပေါ့"

ဒါလို့စကားကြောင့် ညနှင်း တွေဝေသွားသည်။ ထိုတွေဝေသည် အမေ့အား ညနှင်းနှင့် ခေါ်မထားချင်၍ ဖြစ်ပေါ်လာသော တွေဝေမှုမျိုး မဟုတ်ဘဲ ကိုက အမေ့ကို ကြည်ဖြူပါ့မလားဆိုသော စိုးရိမ်ပူပန်စိတ်ကြောင့် ဖြစ်ပေါ်ခံစားမိသော တွေဝေမှုမျိုး ဖြစ်သည်။





"ကိုက အဲဒီလို လူမျိုးတော့ မဟုတ်လောက်ပါဘူးဟာ"

ညနှင်းအသံက တိုးဖျော့နေသည်။ အင်အားမပါ။

"ဘယ်အရာကိုမှ လျှော့မတွက်ထားနဲ့ ညနှင်းရဲ့ ဖြစ်လာနိုင်ခြေရှိတာတွေကို ကိုယ့်ဘက်က ကြိုမြင်ပြီး ကြိုတွေးထားတာဟာ မမှားဘူး"

"ဟုတ်တယ် ညနှင်း။ နင့်ဘက်က ဒီလိုအခြေအနေမျိုး ကြုံလာရင် ဖြေရှင်းနိုင်အောင် ခုကတည်းက ကြိုတင်နည်းလမ်းရှာထားနော်၊ ငါတို့က နင့်အမေကို တစ်ယောက်တည်း အထီးမကျန်ခဲ့စေချင်ဘူး"

စေတနာဖြင့် သတိပေးနေသော သူငယ်ချင်းတွေ၏ အကြံပေးမှုကြောင့် ညနှင်း ကိုနှင့် ရင်ဆိုင်ရပေတော့မည်။

ကိုယ် အမေ့ကို ကြည်ဖြူပါစေလို့ပဲ ရင်မှာ တိတ်တဆိတ်ဆုတောင်းမိသည်။

ကို့မိဘတွေကရော ဘယ်လိုသဘောထားကြဦးမည်လဲ။

ညနှင်း ဖြစ်မလာသေးသည့် ကံကြမ္မာအတွက် သက်ပြင်းခိုးသေး ရှိုက်လိုက်၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

ကားမောင်းနေသော ကိုဘေးမှ ညှင်း ထိုင်လိုက်လာရပေမဲ့

ညှင်း ကြောင့်ကြစိတ်တွေဖြင့် အပြည့်အဝ မကြည်နူးနိုင်။

ညှင်း တိတ်ဆိတ်ငြိမ်သက်လွန်းနေသဖြင့် ဖေယျာမြ

ကားမောင်းနေရင်းမှ ညှင်း၏ လက်ကို လှမ်းယူထွေးဆုပ်လိုက်သည်

"ညှင်း ငြိမ်လှချည်လား၊ ယောက္ခမလောင်းတွေကို တွေ့

တော့မယ်ဆိုလို့ နည်းနည်း စိတ်လှုပ်ရှားနေသလား"

ချစ်သူ့အမေးကြောင့် ညှင်း ဖျော့တော့စွာ ပြုံးလိုက်သည်

"ဟုတ်တယ် ကို၊ ယောက္ခမလောင်းတွေနဲ့တွေ့ရင် ဘယ်

ဘယ်လို စပြီး နှုတ်ဆက်ရမလဲ စဉ်းစားနေတာ၊ သူတို့ရှေ့မှာ ညှ

တစ်စုံတစ်ခု အမှားလုပ်မိမှာ အရမ်းစိုးရိမ်တယ်လေ၊ ဘာဖြစ်





ဆိုတော့ ညှင်းက အောက်ခြေလူတန်းစား အလွှာထဲက မိန်းကလေး ဖြစ်နေလို့ပေါ့"

ဖျော့တော့ တိုးလျနေသော ညှင်း၏ သိမ်ငယ်သော စကားလုံးတွေကြောင့် ဖေယျာမြတ်မိုး ချစ်သူအပေါ် ကရုဏာသက်မိစွာဖြင့် ဆုပ်ကိုင်ထားသောလက်ကို ကြင်နာစွာ နမ်းရှိုက်လိုက်၏။

"ဘာမှမစိုးရိမ်ပါနဲ့ ညှင်းရယ်၊ ဒယ်ဒီနဲ့မာမီက ညှင်းကို မြင်မြင်ချင်း ချစ်သွားမှာပါ၊ ဘယ်လိုအပြစ်မျိုးမှ မြင်ကြမှာ မဟုတ်ဘူး၊ စိတ်ချ၊ ကိုယ့်မာမီနဲ့ဒယ်ဒီမှာလို အမွှန်းတင်တာ မဟုတ်ဘူးနော်၊ သူတို့က ကိုယ့်လိုပဲ အရမ်းစိတ်သဘောထား ပြည့်ဝတာ အဟဲ မယုံမရှိနဲ့"

ပခုံးလေးကိုတွန့်ပြီး ဟန်ပါပါဖြင့် ပြောနေသော ချစ်သူကို စိုးရိမ်စိတ်တွေကြားထဲမှ ချစ်မျက်စောင်းလေးဖြင့် တုံ့ပြန်လိုက်သည်။

ကြည်နူးခြင်းတွေ အပြန်အလှန် ဖလှယ်ကြရင်း လေဆိပ်ဝင်းထဲသို့ ရောက်လာကြသည်။

ကားကို ပါကင်ယူလိုက်ပြီး ကားစက်သတ်ကာ ကားမှန်တွေကို ရီမုဒ်ဖြင့် တင်လိုက်သည်။

"ကဲ ဧည့်ကြိုဟောထဲ ဝင်ကြရအောင်"

ညှင်း ခေါင်းညိတ်ကာ ကားပေါ်မှ ဆင်းလိုက်သည်။

ဖေယျာမြတ်မိုး အားငယ်စိုးရွံ့နေသော ချစ်သူ၏ လက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို အားပေးတွေးဆုပ်ပြီး လေဆိပ်တာဝါထဲ ဝင်ခဲ့လိုက်သည်။

လက်မှ နာရီကို ငုံ့ကြည့်လိုက်သည်။ လေယာဉ်ဆိုက်ဖို့ ဆယ်

မိနစ်ခန့် ကျန်သေးသည်။

"ညနှင်း ဗိုက်ဆာနေပြီလား။ ကိုယ်တို့ တာဝါထဲက စားသော

ဆိုင်မှာ တစ်ခုခု အရင်စားကြမယ်လေ"

"ဟင့်အင်း ဗိုက်မဆာပါဘူး ကိုရယ်၊ အိမ်က စားခဲ့ပြီးပြီပဲဟာ"

"ဒါဆို ကော်ဖီဆိုင် ထိုင်မယ်လေ"

"ဟင့်အင်း ဒီခုံတန်းတွေမှာပဲ ထိုင်တော့မယ် ကိုရယ်"

ဟောတစ်ခုလုံး လာကြိုသည့်သူများနှင့် ခုံအလွတ်ပင် မ

တော့လောက်အောင် စည်ကားနေ၏။ အရှိုးသားဆုံး ဝန်ခံရရင် ညနှ

လေဆိပ်ဆိုတာကို ယခုမှ ရောက်ဖူးခြင်း ဖြစ်သည်။

ပထမဆုံးရောက်ဖူးရခြင်းမှာ နိုင်ငံခြားမှပြန်လာမည့် ယော

လောင်းတွေကို လာကြိုရခြင်း ဖြစ်နေသဖြင့် ကိုယ့်ကိုယ်ကိုယ် အိ

များ မက်နေသလားဟု အကြိမ်ကြိမ် သံသယဝင်မိတာ အခါခါ။

"ဟော လေယာဉ်ဆိုက်ပြီထင်တယ် ညနှင်း"

ညနှင်း ရင်တွေ တဒိတ်ဒိတ် ခုန်နေသည်။ ချစ်သူလက်

အားကိုးကြီး ဆုပ်ကိုင်လိုက်ပြီး မိမိ ဝတ်စားဆင်ယင်လာသော အ

အဆင်ကို စိတ်မလုံသလို ငုံ့ကြည့်လိုက်မိသေး၏။





ချည်သားလုံချည်ပေါ်တွင် ကွန်ပျူတာ ပန်းထိုးထားသော အပွင့်

ခက်တွေနှင့် လှပစွာ ဒီဇိုင်းဖော်ထားသော ပန်းနုရောင်ရင့်ရင့် စကပ်

ဘီနှင့်အပေါ်မှ ရယ်ဒီမိတ်အနက်ရောင်ကလေးမှာ ညနှင်းမက်၏

ဖွေးကြည်စင်သော အသားအရောင်နှင့်လိုက်ဖက်စွာ လူအများကြားထဲ

တွင် ထင်းခနဲ ပေါ်လွင်နေသည်။

ဝတ်စားဆင်ယင်မှုစတိုင်ကျပုံကိုတော့ ညနှင်း ကိုယ့်ကိုယ်ကိုယ်

ကြည့်မှု ရှိသည်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိသည်မှာ ညနှင်းသည် ကိုယ့်

င်မှလွဲ၍ တခြား အသက်အရွယ်ကြီးသူများနှင့် စကားပြေပြစ်စွာ

ပြောဖူးခြင်းပင် ဖြစ်သည်။

"ဟော ဟိုမှာ ဒယ်ဒီနဲ့မာမီ"

ညနှင်း မေယျာမြတ်မို ညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။

ည်သန့်ပြန့်ပြီး အထက်တန်းကျစွာ ဝတ်စားထားသော အမျိုးသမီး

နှင့် အမျိုးသားကြီးတစ်ဦး ညနှင်းတို့ရှိရာဘက်သို့ လျှောက်လာနေ

ည်။

"သား မတွေ့တာကြာလို့လား မသိဘူး သားရယ်၊ ကြည့်ပါဦး

သွားလိုက်တာ၊ အသားတွေလည်း ညိုသွားလိုက်တာ၊ ဘာတွေများ

သာက် စိတ်ပင်ပန်း လူပင်ပန်း အလုပ်လုပ်နေရလို့လဲ၊ မာမီ့သားလေး



www.burmeseclassic.com

www.burmeseclassic.com



ရယ်''

ညနှင်း ကိုယ့်စိတ်ကိုယ် မလုံမလဲ ဖြစ်သွားမိသည်။ ကိုယ့် အချစ်ကို လိုချင်၍ ညနှင်းအိမ်မှာ အနိမ့်ကျဆုံးအလုပ်တွေ လာလုပ်နေ တာကိုများ သိလျှင် နေရာမှာတင် ဘုန်းခနဲလဲကျ သတိလစ်သွားမလား မသိ။

''သား ဒီသမီးက ဒယ်ဒီတို့ ချွေးမလောင်းလေးလားကွယ်''

ညနှင်း ချစ်သူဘေးမှာ ခပ်ကုတ်ကုတ် ရပ်နေရာမှ ညနှင်း ပြုံးကြည့်ပြီး မေးလိုက်သော ကိုအဖေနှင့်အမေကြောင့် သိမ်မွေ့သော အပြုံးတစ်ခုဖြင့် တုံ့ပြန် ပြုံးပြလိုက်သည်။

ကိုအမေက ညနှင်းကို ပြုံးကြည့်သည်။

''ဟုတ်တယ် ဒယ်ဒီ၊ ဒယ်ဒီတို့ မင်္ဂလာကိစ္စ လာစီစဉ်ပေးမှာ လို့ သား အီးမေးလ်မပို့တော့တာ၊ ပြန်ရောက်လာမှပဲ မြင်ဖူးပါစေတော့ ဆိုပြီးတော့လေ''

''အိုကေ ရတယ် သား၊ ခုလို လူချင်းစတွေ့ရတော့လည်း ဓာတ်ပုံထဲမှာ မြင်ရတာထက် ပိုကောင်းတာပေါ့၊ သမီးလေးက လှလိုက် တာ ဒါမှ မာမီ့သားကွ''

ဖေယျာမြတ်မိုကို မိခင်က မမိမကမ်းဖြင့် လှမ်းနမ်းသည်။

''နှင်းစက် ဒါ ကိုယ့်ဒယ်ဒီ ဦးဘုန်းမြတ်မို၊ ဒါက ကိုယ့်မာ





မီမြင့်မြတ်သစ္စာ''

''ဟုတ်ကဲ့ ဒယ်ဒီနဲ့မာမီ့အကြောင်းကို ကို ပြောပြောပြနေတဲ့ အတွက် နှင်းစက် စိတ်ထဲမှာ ရင်းနှီးနေတာ ကြာပါပြီ၊ အခုလို တွေ့ရ တော့ နှင်းစက် မိဘအရင်းလို စိတ်ထဲမှာ ခံစားမိပါတယ်၊ နှင်းစက်ကို မလိမ္မာတာရှိရင် ဆုံးမပါနော် မာမီ''

နှင်းစက် အပြေပြစ် အချောမွေ့ဆုံး စကားကို ရွေးပြီး ပြော လိုက်သည်။

''အိုဂေါ့ဒ် သမီးလေးက မာမီ့ကို ဟတ်ဒ်ထိအောင် ပြောတတ် တယ် ဒယ်ဒီကြီးရေ''

''အိုကေ အိုကေ''

လေဆိပ်တာဝါထဲမှာပင် မိသားစုတွေ့ဆုံပွဲလေးက စတင်နွေး ထွေးသက်ဝင်ခဲ့ပါ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

ကို မိဘများသည် ညှနင်းထင်သလို အဆင့်အတန်း ခွဲခြားတတ်သောသူများ မဟုတ်ဘူးဆိုတာ ညှနင်းစက် လက်တွေ့မြင်တွေ့ခဲ့ရသောအခါ ရင်မှာ ပြောမပြတတ်အောင်ပင်ကျေနပ်ပျော်ရွှင်မိပါသည်။

မိသားစု မိတ်ဆုံစားပွဲကို ညှနင်းနှင့်အတူ အမေ့ကိုပါ ခေါ်ခဲ့နိုင်းသဖြင့် အမေ့ခမျာ စိုးရွံ့သိမ်ငယ်စိတ်တွေဖြင့် လိုက်ခဲ့ရရှာ၏။ ဟိုတယ် စားသောက်ပွဲရောက်လို့ စားကြသောက်ကြချိန်မှာ ကိုမိဘများသည် အမေ့အား ရိုရိုသေသေ လေးလေးစားစားဖြင့် အထူးဂရုစိုက်ကြသဖြင့် အမေ့ခမျာ အိမ်ပြန်ရောက်သည်နှင့် မျက်ရည်ဝဲကာ သမီး လူရွေးမမှားဘူးဟု ပီတိဖြင့် ဆို၏။





"အမေထင်ထားတာကလေ ဒီလို လူကုံထန်တွေနဲ့ စားသောက်ပွဲအတူတက်ရင် အမေတို့လို အတန်းအစား အလွှာမျိုးတွေအတွက် အဖုအထစ်တွေ ရှိနိုင်တယ်၊ အလွဲလွဲအချော်ချော်တွေ ရှိနိုင်တယ်လို့ ထင်ထားတာ၊ ခုတော့ မောင်ဖေယျာမြတ်ရဲ့ မိဘတွေရဲ့ လေးစားသည် ပေးမှုတွေကြောင့် အမေ့စိတ်ထဲ နည်းနည်းတော့ ဝေ့ဝဲသွားတယ် သမီးရယ်"

"အဲဒါ ကိုကျေးဇူးလည်း ပါတယ် အမေရ၊ အမေ့စိတ်ကသာ သိမ်ငယ်နေတာ၊ ကိုရဲ့ လိုလေသေးမရှိ စီစဉ်ပေးမှုကြောင့် ဒီနေ့ ကို့ အမေ ဝတ်ထားစားထားတာ ရေလည်လန်းသလား မမေးနဲ့၊ အဟား ချီးမြှူးကြီးကျနေတာပဲ အရမ်းစမတ်ကျတယ်"

ဒေါ်နှင်းကြည် သမီးငယ်၏ ချီးကျူးစကားကြောင့် ပီတိအပြုံးတွေ ဝေနေ၏။

"ဒီသားအမိတွေ ဘာတွေ သဘောကျနေကြတာလဲ"

အိမ်ပေါ်သို့ ခေးခေး တက်လာသည်။

"ဩော် ညက ကိုမိဘတွေနဲ့ စားသောက်ပွဲ အတူတက်တဲ့ အကြောင်းတွေ သားအမိနှစ်ယောက် ပြန်ပြောပြီး ပီတိတွေ စိမ့်နေကြတာဘွယ်"

ခေးခေး ညှနင်းစက်နားမှာ ဝင်ထိုင်လိုက်သည်။ ခေးခေး



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာ လှိုင်းဂုက်ချက်တစ်စုံတစ်ခုကို အရေးတကြီး ပြောချင်နေသည့်ပုံ။

"ခေး နင် ငါ့ကို ပြောစရာရှိလို့လား"

"အင်း ဟုတ်တယ် ငါ ဒီအကြောင်းပြောလိုက်ရင် နင် အရမ်း အံ့ဩသွားလိမ့်မယ်၊ ငါတောင် သိသိချင်း အံ့ဩလိုက်တာ မပြောပါနဲ့ တော့"

ညနှင်းရော ဒေါ်နှင်းကြည်ပါ ခေးခေး၏စကားကြောင့် ရင်ထိတ် သွားကြသည်။

"ဘာများလဲဟယ် ကိုနဲ့ပတ်သက်တဲ့ ကိစ္စလား"

"အေး ဟုတ်တယ်"

ညနှင်း ရင်ထဲ လှစ်ခနဲ အေးသွားကာ မမြင်ရသော ကံကြမ္မာကို သွေးပျက်စွာ ကြောက်သွားမိ၏။

" MD ရဲ့ မင်္ဂလာပွဲက နင်တို့မင်္ဂလာပွဲနဲ့ တစ်ရက်တည်းပဲ"

"ဟင် ဟိုတယ်တစ်ခုထဲမှာ မင်္ဂလာပွဲ နှစ်ခါလုပ်ရမှာပေါ့"

"နှစ်ခါမဟုတ်ဘူး၊ တစ်ချိန်ထဲ ဖြစ်နေပြီ၊ နောက်ပြီး MD နဲ့ ဧယျာမြတ်မိုက နာမည်တူရုံတင် မဟုတ်ဘူး၊ လူပါ တစ်ယောက်ထဲ ဆိုတာ ငါ့မျက်စိနဲ့ တပ်အပ်မြင်ခဲ့ရပြီးပြီ"

"ဟင်"

"ဟော့တော် ဒီကလေး ရုပ်ပြောင်းရုပ်လွဲပညာ တော်တော်တတ်





တယ် ထင်တယ်"

ညနှင်းစက် ရင်ထဲမှာ ကျင်စက်နှင့်အတို့ခံလိုက်ရသလို ကျင် ခနဲ ခံစားလိုက်ရသည်။ ညနှင်းနှင့် ချစ်သူဖြစ်ဖို့အတွက် ထိုသို့သော လုပ်ဇာတ်တွေသုံးပြီး ညနှင်းအချစ်ကို တောင်းခံဖို့လိုလို့လား။

ကို ဘာသဘောနှင့် ဒီလို လုပ်ရပ်မျိုးတွေကို လုပ်နေရတာလဲ၊ ညနှင်းကို သွေးတိုးစမ်းတဲ့ သဘောမျိုးနဲ့ ကာရိုက်တာ သုံးခုဇာတ်တီးပြီး ညနှင်းကို အကဲစမ်းရတာလဲ"

"နင် နင် ဘယ်လိုမြင်ခဲ့တာလဲ"

"မန်နေဂျာချုပ် စင်ကာပူမှာ အလုပ်သွားလုပ်တုန်းက MD က ဟိုမှာ ကျောင်းတက်တုန်းရှိသေးတာတဲ့၊ သူတို့က ဟိုမှာကတည်းက အရမ်းရင်းနှီးတဲ့ မိတ်ဆွေတွေဆိုတော့ ဓာတ်ပုံတွေ အများကြီး ရိုက်ခဲ့ကြတာ"

"အဲဒီ ဓာတ်ပုံကို နင် ဘယ်လိုတွေ့ခဲ့သလဲ"

"ဟာ နင်ကလည်း MD အမျိုးသမီးက ငါနဲ့ ခင်တယ်လေ၊ သူ့အစ်မနဲ့ ငါ့အစ်မနဲ့က အရင်တုန်းက ကျောင်းနေဖက်သူငယ်ချင်းတွေ၊ မမ အဲဒီကို သွားလည်ရင်းနဲ့ ငါလည်း ဒီဓာတ်ပုံအယ်ဘမ်ကို အမှတ်တမဲ့ တွေ့သွားပြီး စပ်စုကြည့်တာပေါ့ဟဲ့၊ မန်နေဂျာချုပ် မိန်းမ မနေ့က MD ဟိုတယ်က ကောင်မလေးတစ်ယောက်ကို ကြွေနေလို့ အဲဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးရဲ့ မျိုးရိုး သန့်မသန့် နောက်ကြောင်းရှင်းမရှင်း ငွေမက် မမက် သိရအောင်လို့ ကာရိုက်တာအမျိုးမျိုး ပြောင်းပြီး အဲဒီကောင်မလေးဆီကို ချဉ်းကပ်တာတဲ့''

''ဪ သူက ဒီလိုကိုး''

ညနှင်း ဖေယျာမြတ်မိုအပေါ် နည်းနည်းတော့ စိတ်ဆိုးချင်သည်။ ညနှင်းကို ခပ်ဖုပ်ဖုပ် မိန်းကလေးလို့ထင်ပြီး မယုံကြည်၍သာ နည်းမျိုးစုံနှင့် စမ်းသပ်နေတာ ဖြစ်မည်။

''စိတ်ထဲမှာ ထားမနေပါနဲ့ သမီးရယ်၊ သူ့အနေနဲ့ ဘယ်လိုပဲ စမ်းသပ် စမ်းသပ် ငါ့သမီးလေး ရိုးသားသန့်စင်တာ သူ လက်တွေ့ သိ သွားပြီပဲ၊ ဒီတော့ သမီးကို ပိုပြီးတော့တောင် မြတ်နိုးဦးမှာ၊ ခုဆို မင်္ဂလာရက်တောင်သတ်မှတ်ပြီးသွားပြီပဲ''

မိခင် ဖျောင်းဖျနေ၍ ညနှင်းစက် ထပ်ပြီး စောဒက မတက်ချင် တော့။

''ဟုတ်ပါတယ်ဟာ ဘာပဲဖြစ်ဖြစ် နင်ကံကောင်းပါတယ်၊ ယောက္ခမဆိုရင်လည်း ချွေးမအတွက် မင်္ဂလာဝတ်စုံကို မြန်မာပြည်က ဒီဇိုင်နာနဲ့တောင် မဟုတ်ဘူး၊ နိုင်ငံခြားက ဒီဇိုင်နာနဲ့ အပ်ပေးတာ၊ ဒီ လောက်ကောင်းတဲ့ ကံကြမ္မာကို နင် ဘာမှပြောင်းလဲဖို့ မကြိုးစားနဲ့''

''အင်းပါ အခု နင်လာပြောတဲ့ကိစ္စကို ငါ မသိသလိုအဲ





နေမှာပါ၊ သူ့ကိုဘာမှမပြောနေတော့ဘူး''

ညနှင်းအတွက် ဝိုင်းဝန်း ပူပန်ပေးနေသော သူငယ်ချင်းဖြစ်သူအား ပြေရာပြေကြောင်း ပြန်လည် နှစ်သိမ့်လိုက်သည်။

ဒီတော့မှ အမေရော ခေးခေးရော မျက်နှာလေးတွေ ပြန်ပြီး ကြည်လင်သွားကြသည်။

ရင်ထဲမှာ မကြည်လင်သေးတဲ့သူက ညနှင်းစက်ပဲလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

မင်္ဂလာပွဲကျင်းပမည့်ရက်သို့ ရောက်ရှိခဲ့သည်။

ယောက္ခမ ဒေါ်မြင့်မြတ်သစ္စာ၏ဆန္ဒအရ ပရော်ဖက်ရှင်နယ် မိတ်ကပ်ပညာရှင်ကိုခေါ်ပြီး သတို့သားအိမ်မှာပင် မိတ်ကပ်ပြင်ပေး၍ ညနှင်း ယောက္ခမစိတ်တိုင်းကျ ခေါင်းညိတ်လိုက်သည်။

"ကိုရေ ဟိုတယ်ကို သွားနှင့်လိုက်ပါလား။ ကို ဧည့်သည်တွေ ရောက်နေရင် ကြိုပြီး ဧည့်ခံထားလို့ရတယ်လေ၊ အခမ်းအနားစဖို့လည်း လိုသေးတာပဲ"

ဇေယျာမြတ်မိုး အစွမ်းကုန်လှနေသော ဇနီးလောင်းလေးကို ကြည့်မဝ ရှုမဝဖြစ်ပြီး ပေကပ်ကပ် လုပ်နေ၏။





"အတူတူ သွားကြမယ်လေကွာ"

"အော် ကိုကလည်း ပြောနေလိုက်တာ ဟိုမှာက မိဘတွေပဲ ရှိတာ၊ ကို့ဧည့်သည်တွေကျတော့ ကို ကိုယ်တိုင်ဧည့်ခံထားမှပေါ့၊ နောက်ပြီး အမေလည်း တစ်ယောက်တည်း ကြောင်တောင်တောင် ဖြစ်နေရှာမှာ"

ညနှင်း ဖွတ်အတင်း တွန်းလွှတ်နေ၍ ဇေယျာမြတ်မိုး မထချင် ထချင်နှင့် ထလိုက်ရသည်။

"ဒါဆိုလည်း ကိုယ် သွားကြည့်လိုက်ဦးမယ်လေ အချိန်ကျရင် ညနှင်းကို ကိုယ်လာပြန်ခေါ်မယ်နော်"

"အင်း ကို့သဘောပဲလေ ဧည့်သည်တွေ အခုမှ များနေရင်တော့ ညနှင်း ကိုယ့်ဟာသာကိုယ်ပဲ လာခဲ့မယ်၊ ဒီမှာ ခေးခေးတို့ ဒါလီတို့လည်း ရှိတာပဲ"

"အင်းပါ ဒါဆို ကိုယ် သွားတော့မယ်၊ အလှဆုံးဖြစ်အောင် ပြင်ခဲ့နော်"

ဇေယျာမြတ်မိုး မအောင့်အီးနိုင်စွာဖြင့် အလှပြင်ဆရာနှင့် သူငယ်ချင်းတွေရှေ့မှာပင် ညနှင်း၏နဖူးသားဝင်းဝင်းလေးကို ရွှတ်ခနဲ နမ်းလိုက်သည်။

"အို ကို ဘယ်လိုဖြစ်နေတာလဲ၊ သူငယ်ချင်းတွေရှေ့မှာ"



www.burmeseclassic.com

www.burmeseclassic.com



ညနှင်း မျက်နှာလေး ရဲသွားသည်။

အားလုံး ဝိုင်းရယ်ကြသဖြင့် ဖေယျာမြတ်မို အခန်းထဲမှ အမြန် လစ်ထွက်လာခဲ့လိုက်သည်။

■ ■ ■

မင်္ဂလာအခမ်းအနားစဖို့ ဆယ်မိနစ်သာ လိုတော့သဖြင့် ဖေယျာမြတ်မို ဂနာမငြိမ်တော့။ ခုချိန်ထိ ညနှင်းမရောက်သေး။ ဖုန်းဆက်တော့လည်း ဖုန်းပိတ်ထားသည်။

"သား သမီးလေး ဘာလို့ ကြာနေတာလဲ"

မာမီ အနားရောက်လာပြီး ခပ်တိုးတိုး မေးလိုက်သဖြင့် ဖေယျာမြတ်မို ဘာပြန်ဖြေလို့ ဖြေရမှန်းပင် မသိတော့လောက်အောင် ဆန္ဒတွေ စောနေမိ၏။

ဝဲလ်ဒွင်ဟောထဲမှာလည်း စိန်ရောင် ရွှေရောင်တွေ ဖိတ်ဖိတ်တောက်နေသော ဧည့်ပရိသတ်တွေက စားပွဲလွတ်ပင်မရှိတော့လောက်အောင် အပြည့်။

တစ်ဖက် ဖျော်ဖြေရေးစင်မှာလည်း နာမည်ကြီးအဆိုတော်တွေက ဖျော်ဖြေသီဆိုပေးနေကြ၍သာ မင်္ဂလာပွဲလာသော ဧည့်ပရိသတ်တွေက သတို့သား သတို့သမီး စတိတ်စင်ပေါ်သို့ အာရုံသိပ်မရောက်ကြသေးတာ





ဒေါ်နှင်းကြည်ပါ ဝဲလ်ဒင်ဟောထဲရှိ ဧည့်ပရိသတ်တွေ အလယ်မှာ သိသိမသိသိ လိုက်လံနှုတ်ဆက်နေ၍ မောလို့မောမှန်းပင် မသိ။

"တီ တီ တီ"

ဖေယျာမြတ်မို ဖုန်းဝင်လာသဖြင့် စတိုင်ဘောင်းဘီအိတ်ထဲမှ မြည်နေသော ဖုန်းကို လှမ်းထူးလိုက်သည်။

"ဟဲလို ခေးခေး ခုချိန်ထိ ညနှင်း ဘာဖြစ်လို့ မလာသေးတာ"

"ဘာ"

ခေးခေး ဘာပြောလိုက်သည်မသိ ဖေယျာမြတ်မို မျက်နှာမှာ သိသိသာသာကြီး ပျက်ယွင်းသွားသည်။

ဖေယျာမြတ်မိုနားသို့ ဒေါ်နှင်းကြည်နှင့်အတူ ဒေါ်မြင့်မြတ်သစ္စာနှင့် ဦးဘုန်းမြတ်မိုပါ ရောက်ရှိလာသည်။

"သား ဘာလဲ သမီး ဘာဖြစ်လို့ ဖုန်းဆက်တာလဲ"

ဒေါ်နှင်းကြည် ဖေယျာမြတ်မို မျက်နှာပျက်သွားသဖြင့် စိုးရိမ်တကြီး မေးလိုက်သည်။

"ညနှင်း မိတ်ကပ်ပြင်ပြီးတာနဲ့ အိမ်ထဲက ပြေးထွက်သွားတယ်တဲ့ ဘယ်ကို ပြေးထွက်သွားမှန်းလည်း မသိဘူးဆိုပြီး ဖုန်းလှမ်းဆက်တာ မာမိ ဟိုတယ်ကိုလည်း ရောက်မလာသေးဘူးဆိုတော့ ဘယ်ကိုသွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖေယျာမြွတ်မို ခေါင်းနပန်းကြီးသွားကာ ဘာလုပ်၍ လုပ်ရမှန်းပင် မသိတော့။ အသံတွေပင် တုန်အက်လာသည်။ မိဘတွေအားလုံးပါ ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြသည်။

"ကျွန်တော် လိုက်ရှာလိုက်ဦးမယ် မာမီ"

"ဒုက္ခပါပဲ သားရယ်၊ ဧည့်သည်တွေလည်း စုံနေပြီ၊ ပွဲစချိန်လည်း ရောက်ပြီ အမေတို့ ဘယ်လိုလုပ်ကြ . ပဲကွယ်၊ သမီးက ဘာဖြစ်လို့ ထွက်ပြေးသွားရတာလဲ"

ဒေါ်နှင်းကြည် ငိုသံပါကြီးနှင့် ပြောကာ ဆောက်တည်ရာမဲ့ ဖြစ်နေသည်။

"စိတ်ကို အေးအေးထားပါ အစ်မကြီးရယ်၊ သမီးမှာ အရေးတကြီးကိစ္စတစ်ခု ပေါ်လာလို့နေမှာပါ"

"အို ဒီအချိန်မှာ ဒီထက်အရေးကြီးတာ ဘာများ ရှိနိုင်ဦးမှာလဲ ဦးဘုန်းမြတ်မိုရယ်"

"ကျွန်တော် သွားရှာလိုက်ဦးမယ်၊ မာမီတို့ အမေတို့ ဘာမှ စိတ်မပူပါနဲ့"

မိဘတွေကို ချွေးသိပ်ပြီး ဖေယျာမြွတ်မို ဟိုတယ်အပြင်သို့ ပြေးထွက်လာလိုက်သည်။

"တီ တီ တီ"





ဖေယျာမြွတ်မို ဂနာမငြိမ်သူတစ်ယောက်လို ဖုန်းကို ထုတ်ယူပြီး ဆက်လိုက်သည်။

"ဟဲလို"

"ဘာ ညနှင်း သူ့အိမ်ပြန်သွားတာ ဟုတ်လား၊ အေး ကိုယ်အခုပဲ လိုက်ခေါ်လိုက်မယ်၊ မင်းတို့ အဲဒီမှာ စောင့်မနေနဲ့တော့ ဟိုတယ်ကိုသာ လာခဲ့လိုက်တော့ အိုကေ"

ဖုန်းပိတ်ပြီး ကားဆီသို့ အပြေးအလွှား လာခဲ့လိုက်သည်။

စိုးရိမ်ပူပန်စိတ်တွေက ရင်ဘတ်ထဲမှာ ငလျှင်လှုပ်နေသလို တုန်ခါနေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

ခြံရှေ့တွင် ကားရပ်ပြီး အိမ်ထဲသို့ အပြေးဝင်လာသော ချစ်သူ၏ ပုံပန်းသဏ္ဍာန်ကို ညနှင်းစက် အိမ်ထဲမှာထိုင်၍ အရသာရှိရှိ ကြည့်နေလိုက်သည်။

သတို့သမီးဝတ်စုံဖြင့် နံရံမှာကျောမှီကာ အေးအေးဆေးဆေး ထိုင်နေသော ညနှင်းစက်ကိုမြင်တော့ ဇေယျာမြတ်မို သွေးရူးသွေးတန်း နိုင်သော အမူအရာနှင့် ဝရန်းသုန်းကား ပြေးဝင်လာသည်။

"ညနှင်း ဟာကွာ ကိုယ့်ကိုတာဖြစ်လို့ ဒီလိုမျိုး စိတ်ဒုက္ခပေး ရတာလဲကွာ၊ ဒီမှာ ရူးသွားလိမ့်မယ်၊ ဟိုတယ်မှာ မိဘတွေ ဘယ်လောက် စိတ်ပူနေကြသလဲဆိုတာ နည်းနည်းလေးမှ မစဉ်းစားမိဘူးလား"

ပခုံးနှစ်ဖက်ကို လှုပ်ရမ်းပြီး ကရုဏာဒေါသဖြင့် အပြစ်ဆိုတော့ ညနှင်း အောင်နိုင်သူတစ်ယောက်လို အပြုံးဖြင့် ဇေယျာမြတ်မိုအား ခပ်ထေ့ထေ့ကြည့်လိုက်သည်။

"ကျွန်မ ရှင့်ကို လက်မထပ်နိုင်တော့ဘူး၊ ကျွန်မ လက်ထပ်မှာ





မြကန်သာ ဟိုတယ်ပိုင်ရှင်ကိုမှ မဟုတ်တာ၊ နောက်ပြီး လုပ်ဇာတ်တွေ အမျိုးမျိုးထွင်ပြီး ဉာဏ်များတဲ့ ဇေယျာမြတ်မိုဆိုတဲ့ရှင့်ကိုလည်း ကျွန်မ မယုံတော့ဘူး၊ ဒါကြောင့် မင်္ဂလာပွဲကို ကျွန်မဘက်က စပြီး ဖျက်သိမ်းတယ်"

"ဟာကွာ ညနှင်း အဓိပ္ပာယ်မရှိတာတွေ ပြောမနေနဲ့တော့၊ ကိုယ့်လုပ်ရပ်တွေက ညနှင်းအပေါ်မှာ ယုံကြည်ချင်လွန်းလို့ ခုလိုမျိုး လုပ်ဇာတ်တွေ ထွင်မိသွားတာ တခြား ဘာရည်ရွယ်ချက်မှ မပါဘူး၊ တကယ်လို ညနှင်း မကျေနပ်ဘူးဆိုရင်လည်း မင်္ဂလာပွဲပြီးရင် ကိုယ့်ကို ကြိုက်တဲ့အပြစ်ပေးကွာနော်၊ ကိုယ် တောင်းပန်တယ်"

"ဟင့်အင်း မတောင်းပန်နဲ့ မရတော့ဘူး၊ ကျွန်မ ရှင့်ကို လက်မထပ်နိုင်တော့ဘူး၊ ဒီမင်္ဂလာခန်းမထဲကို ရှင်မဟုတ်တဲ့ တခြားတစ်ယောက်ကို သတို့သားအဖြစ် ရွေးပြီး ဝင်လိုက်တော့မယ်"

ညနှင်းစက် မျက်နှာကို ပင့်မော့ပြီး ခပ်တင်းတင်းပြောတော့ ဇေယျာမြတ်မို မျက်နှာ ချက်ချင်း ညိုဆင်းသွားသည်။

"ဒါဆို အဲဒီကောင်က ဘယ်ကကောင်လဲ"

ဇေယျာမြတ်မို အသံက မာဆတ်နေ၏။

"ကျွန်မက သီချင်းဆိုတဲ့ ခပ်ပေါပေါ မိန်းမတစ်ယောက်ပဲ၊ ဒါကြောင့် ခပ်ပေါပေါ လူတစ်ယောက်ဖြစ်တဲ့ ကိုလူရိုးကိုပဲ ညနှင်းရဲ့ သတို့သားအလောင်းအလျာအဖြစ် ရွေးချယ်လိုက်ပြီ"

ဒီတော့မှ ဇေယျာမြတ်မို သဘောပေါက်ကာ တဟားဟားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အော်ရယ်ပြီး

"အိုကေ ကောင်းပြီ ကိုယ်က လူရိုးပဲဟာ၊ ဒီတော့ ကိုယ်တို့ ဟိုတယ်ကို သွားကြရအောင်ကွာ နော်"

ညနှင်းစက် ပခုံးသားလေးကို ဖေးမဆွဲထူသည်။

"အို ရှင် ကိုလူရိုးဆိုရင် ပေါဒီ မျက်နှာဖုံးနဲ့ ပေါဒီဆံပင်ကို စွပ်လိုက်လေ၊ ဒါတွေပါမှ မင်္ဂလာညစာခံပွဲကို ဝင်နိုင်မယ်၊ မပါရင်တော့ ဆောရီးပဲ၊ ဒီပွဲကို ကျွန်မ ဖျက်တယ်"

ဖေယျာမြတ်မိုး ချစ်သူ၏ဂျစ်တိုက်နွဲ့ဆိုးဆိုးကာ ကလဲ့စားပြန်ချေနေသည်ဆိုတာ ကောင်းကောင်း သဘောပေါက်သွားပြီး ချစ်သူအလိုကျ လိုက်လုပ်ပေးလိုက်ရသည်။

ဒီတော့မှ ညနှင်းစက် မျက်နှာလေး အလိုကျခြင်းတွေဖြင့် ပြုံးရွှင်လာသည်။

"ကဲ လာ ကိုလူရိုး မင်္ဂလာအချိန်စနေပြီ၊ ကျွန်မတို့ ဟိုတယ်ကို အမြန်သွားမှဖြစ်မယ်"

ညနှင်း ဆတ်ခနဲ ထကာ အနောက်တိုင်းဝတ်စုံနှင့် လုံးဝ လိုက်ဖက်ခြင်းမရှိသော ကိုလူရိုးပုံစံနှင့် ဖေယျာမြတ်မိုး၏ပါးကို ရွှတ်ခနဲ နမ်းကာ ဟိုတယ်ကို သွားရန် ကားရှိရာသို့ သူမ ဦးဆောင်ပြီး ဆင်းလိုက်သည်။

ဖေယျာမြတ်မိုး ကိုယ့်ပုံစံကိုယ် ပြန်ကြည့်ကာ အတော်လေး စိတ်ပျက်နေ၏။ သို့သော် ချစ်သူ၏ဆန္ဒကိုလည်း မဖြစ်မနေ ဖြည့်ဆည်း





ပေးရဦးမည်။ ထို့ကြောင့် ဟိုတယ်တွင် စိတ်ပူနေသော မိဘတွေကို ဖုန်းဆက်အကြောင်းကြားကာ သတိုးကို လာခေါ်ခိုင်းလိုက်သည်။

ပြီးနောက် သတို့သမီး ဂါဝန်ကားကားလေးနှင့် သေးတွင်ရပ်နေသော ချစ်သူကို ခွေ့ခနဲ ပွေ့ချီလိုက်သည်။

"အို ကို ဒါ ဘာလုပ်တာလဲ"

ညနှင်းကို ပွေ့ချီပြီး ခြံအပြင်ကို ထွက်ခဲ့လိုက်သည်။ ညနှင်း အတင်းရုန်းသည် မရ။

"ကို အောက်ချပေး၊ လူမြင်လို့ မကောင်းဘူး"

"သတို့သား လူရိုးကရော လူမြင်လို့ ကောင်းလို့လား၊ ဒီတော့ ဘာမှရှက်မနေနဲ့ ညနှင်း၊ ကိုလူရိုးနဲ့ လက်ထပ်တာ တစ်ရပ်ကွက်လုံး သိအောင် ကိုယ် ညနှင်းကို ပွေ့ချီပြီး ဟိုတယ်ကို ဒီအတိုင်း လမ်းလျှောက်မယ်၊ သတိုးကားလာတော့လည်း သူ့ကားနဲ့ လိုက်သွားကြတာပေါ့"

"ရှင် ရူးနေလား၊ အဲဒီလို အရူးကွက်နင်းတာ ကျွန်မ မကြိုက်ဘူးနော်၊ ရှင် ခုချပေး"

"မချပေးဘူး၊ ကိုယ့်ပေါ်ကနေ ငြိမ်ငြိမ်လေးလိုက်ခဲ့"

တဖြည်းဖြည်းနှင့် ညနှင်းတို့ လမ်းထိပ်သို့ပင် ရောက်တော့မည်။ ညနှင်းတို့ လမ်းသူလမ်းသား အိမ်နီးချင်းတွေမှာ မင်္ဂလာသတို့သား သတို့သမီးဝတ်စုံကြီးနှင့် ဖရိုဖရဲ ဝရုန်းသုန်းကား ဖြစ်နေပုံကိုကြည့်ပြီး ခွက်ထိုးခွက်လန် ရယ်သူကရယ် တစ်ဖက်လှည့်ပြီး ရယ်သူကရယ် တချို့ ဆိုလျှင် အော်ဟစ်ပြီးတော့ပင် လှမ်းနောက်ကြသေး၏။

www.burmeseclassic.com



"ဟော့ ဟိုမှာ ကိုရုပ်ဆိုးကြီး တို့စနိုးပိုက်ကလေးကို နိုးပြေးပြီ ဟော့"

"ဟား ဟား ဟား ဒါ ရှားပါးမြင်ကွင်းလားကွ၊ ရိုက်ချက် နည်းနည်းနေသေးတယ်၊ သတို့သမီးကို နမ်းလိုက်ပါ"

အားလုံး တစ်ယောက်တစ်ပေါက်နှင့် နောက်ပြောင်နေကြသော မြင်ကွင်းမှာ ငိုအားထက် ရယ်အားသန်နေတော့၏။

ညနှင်းမှာ ရှက်လွန်း၍ ချစ်သူ၏ ရင်ခွင်ကျယ်ကြီးထဲ မျက်နှာ ဖွက်ထားလိုက်သည်။

ရင်ခုန်သံတွေက တောင်ပေါ်ကို တစ်လှမ်းချင်း တက်နေရသလို အေးခနဲ နွေးခနဲဖြင့် အသစ်အသစ်သော ခံစားမှုတွေ ဆင့်ကဲ ပေါက်ဖွား၍ နေကြသည်။

ဘာပဲဖြစ်ဖြစ် ထိုတာဒင်္ဂလေးကို ညနှင်း ဘဝနှင့်ရင်းပြီးတော့ မက်မောမိတာတော့ အမှန်ပါပဲ။

ကဲ ဘယ်လောက် ရင်ခုန်ကြည်မွေ့စရာကောင်းတဲ့ မြင်ကွင်းလဲ လို့။

ချစ်သူကို မော့ကြည့်လိုက်ပြီး အကြည့်ချင်းဆုံကြသည့်အခိုက် နှသက်စွာ ရယ်မောလိုက်ကြသည်။

လောကကြီးလည်း သက်သောင့်သက်သာ ရယ်မောနေမှာပါ။

အားလုံးအတွက်
နှတ်သမီး



BURMESE CLASSIC .com
www.burmeseclassic.com